# တရားရေး ဂျာနယ်

# JUDICIAL JOURNAL

အတွဲ(၃)၊ အမှတ်(၇)၊ ဖေဖော်ဝါရီလ၊ ၂၀၁၈



# တရားရေးဂျာနယ်

## အတွဲ(၃) အမှတ်(၇)

## ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ



# မာတိကာ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ


- ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ပြည်ပခရီးသတင်း မှတ်တမ်းလွှာ ၆
- ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ပြည်ပဧည့်သည်တွေ့ဆုံမှု သတင်းမှတ်တမ်းလွှာ ၂၀
- ပြည်ထောင်စုတရားလွှတ်တော်ချုပ် လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ ၃၂
- တရားစီရင်ရေးစွမ်းဆောင်ရည်မြင့်မားစေရန် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် များ၏ ဆောင်ရွက်ချက်များ ၄၃


### ကဗျာများ


- ဒက္ခိဏခရိုင်တရားရုံး ရုံးသစ်ဖွင့်ပွဲ — မေထွန်းထွန်းအေး(တရားရေး) — ၅၅
- သစ်ပင်စိုက်ပွဲတော် — မေထွန်းထွန်းအေး(တရားရေး) — ၅၆
- နှုတ်ဆက်ပွဲ — မေထွန်းထွန်းအေး(တရားရေး) — ၅၇
- သစ္စာတည်စေ — မေထွန်းထွန်းအေး(တရားရေး) — ၅၈
- ပြည်ချစ်တရားစီရင်ရေး — မောင်တင်ဌေး(တရားရေး) — ၅၉


### ဆောင်းပါးများ


- အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ — တင်နွယ်စိုး — ၆၀
- ဂျပန်နိုင်ငံ၏မှတ်ပုံတင်ခြင်းလုပ်ငန်း — ကိုတရား(ထီးတန်း) — ၆၃
- စီရင်ပြစ်ဒဏ်အကြောင်းမှန် — ကိုတရား(ထီးတန်း) — ၆၅
- စီရင်ချက်ကောင်းကောင်းရေးရအောင် — ခင်မေရီ (ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး) — ၆၇

- တရားဥပဒေစိုးမိုးရေး(Rule of Law)နှင့် လွတ်လပ်စွာတရားစီရင်ရေး(Judicial Independence) — ဒေါ်အေးအေးမွန် — ၇၁
- တရားစီရင်ရေးကိုဝေဖန်သူနည်းလာအောင် ဘယ်ကစပြီးပြုပြင်ရမလဲ — ဂျူနီယာတုတ်ကလေး — ၈၂
- စီရင်ချက်နှင့်တရားရေးပုံရိပ် — ဂျူနီယာတုတ်ကလေး — ၈၇
- ဒီကရီအတည်ပြု(ဇာရီပြု)ရာတွင် တွေ့ကြုံရသော အခက်အခဲများအား ဝေမျှခံစားခြင်း — သွယ့်နှင်းအိဖေ (တရားရေး) — ၉၀
- သက်သေခံဥပဒေပုဒ်မ–၁၅၅ပါပြဋ္ဌာန်းချက်များသည် လောင်းကစားမှုပါအရပ်သားသက်သေနှစ်ဦးအပေါ် သက်ရောက်မှု မရှိနိုင်ခြင်းလော — ဦးဇော်ဇော် (တရားလွှတ်တော်ရှေ့နေ) — ၉၅
- တရားရေးပုံရိပ် — ဂျူနီယာတုတ်ကလေး — ၉၈
- မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ(၂၀၁၆)နှင့် Global Arbitration Review Awards — Dr. အိအိခင်(တရားရေး) — ၁၀၀


## တရားစီရင်ရေးဆိုင်ရာ


- ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း — ၁၀၂
- ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း — ၁၀၄
- ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေများ — ၁၀၆
- ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်(၁၀) — ၁၁၇
- ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်(၁၅) — ၁၂၂
- ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၁၆) — ၁၂၇
- ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၂၆) — ၁၃၄


## ENGLISH SECTION


- GAR hands out awards in Shanghai — Allison Ross — 142


ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ထုတ်ဝေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A(Law), LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးစိုးညွှန့် (၂-၁၀-၂၀၁၇ရက်နေ့အထိ) | B.A, R.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးမြသိမ်း | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၆။ | ဦးအောင်ဇော်သိန်း | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးမြဟန် | B.A(Law), LL.B D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၈။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၉။ | ဦးစိုးနိုင် | B.A(Law), LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၀။ | ဦးခင်မောင်ကြည် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

## တရားရေးဂျာနယ်စာတည်းအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | ဥက္ကဋ္ဌ(၁) |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ဥက္ကဋ္ဌ(၂) |
| ၃။ | ရုံးအဖွဲ့မှူး | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံ/ထောက်ပံ့ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၅။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်/သတင်းအချက်အလက်/ သုတေသန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၆။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တရားစီရင်ရေး | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ်၊လုပ်ထုံး/စစ်ဆေးရေး | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၈။ | ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၀။ | ညွှန်ကြားရေးမှူး၊ လေ့ကျင့်ဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၁။ | ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက် နည်းပညာနှင့်ပြည်သူ့ဆက်ဆံရေးဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၂။ | ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့်သုတေသနဌာန | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၃။ | ညွှန်ကြားရေးမှူး၊ ပြစ်မှုတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၄။ | ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၅။ | ညွှန်ကြားရေးမှူး၊ စာချွန်တော်ဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၆။ | ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၇။ | ညွှန်ကြားရေးမှူး၊ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| ၁၈။ | ဒုတိယရုံးအဖွဲ့မှူး | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး | အဖွဲ့ဝင် |
| ၁၉။ | ဒုတိယညွှန်ကြားရေးမှူး၊ ဥပဒေစိစစ်ရေးနှင့်စီရင်ထုံးဌာနခွဲ ဥပဒေလုပ်ထုံးလုပ်နည်းဌာန | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အတွင်းရေးမှူး |



(၂၇-၁၁-၂၀၁၇) ရက်နေ့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများပါဝင်သော စုံညီခုံရုံး ရုံးထိုင်သည့်မှတ်တမ်းဓာတ်ပုံ

# ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ ပြည်ပခရီးသတင်းမှတ်တမ်းလွှာ




(၂၄-၃-၂၀၁၇)ရက်နေ့တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ဘန်ဒါဆရီဘီဂါဝမ်မြို့တွင်ကျင်းပသော (၅)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတက်ရောက်ခြင်း




(၇-၆-၂၀၁၇)ရက်နေ့မှ (၈-၆-၂၀၁၇)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံတရားမျှတမှုဆိုင်ရာ ဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦးတက်ရောက်ခြင်း




၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်မှ ၈ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် “ဒုတိယအကြိမ်မြောက်
တရုတ်-အာဆီယံတရားမျှတမှုဆိုင်ရာ ဖိုရမ်” သို့တက်ရောက်စဉ်
ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတရားသူကြီးချုပ်
He.Zhou Qiang တို့ တရားစီရင်ရေးကဏ္ဍများအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု
တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေးခြင်း မှတ်တမ်းဓာတ်ပုံ

**(၁၈-၉-၂၀၁၇)ရက်နေ့မှ (၂၁-၉-၂၀၁၇)ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင်ကျင်းပသော (၁၇) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံသို့ ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး တက်ရောက်သည့်မှတ်တမ်း**




ညီလာခံသို့တက်ရောက်ခဲ့ကြသည့် တရားသူကြီးချုပ်များ၏ အမှတ်တရမှတ်တမ်းဓာတ်ပုံ



ဂျပန်နိုင်ငံတရားသူကြီးချုပ် The Hon. Itsuro TERADA နှင့် တွေ့ဆုံခဲ့သည့်မှတ်တမ်းဓာတ်ပုံ



ဂျပန်နိုင်ငံတရားရေးဝန်ကြီး HE.Yoko KAMIKAWA နှင့်တွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံ




(၂၇-၁၀-၂၀၁၇) ရက်နေ့တွင်ဖိလစ်ပိုင်နိုင်ငံ၊ မာကာတီမြို့၌
ကျင်းပသည့်အာဆီယံတရားသူကြီးချုပ်များ ကောင်စီအထူးအစည်းအဝေးသို့
ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး တက်ရောက်သည့်မှတ်တမ်းဓာတ်ပုံ



(၂၀-၃-၂၀၁၇) ရက်နေ့မှ (၃၀-၃-၂၀၁၇) ရက်နေ့အထိ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေး အမေရိကန်ပြည်ထောင်စု
ဝါရှင်တန်ဒီစီမြို့သို့ တရားစီရင်ရေးလေ့လာရေးခရီး (A Study Tour to the United States)
သွားရောက်သည့်မှတ်တမ်းဓာတ်ပုံ




(၁၇-၃-၂၀၁၇) ရက်နေ့မှ (၂၀-၃-၂၀၁၇) ရက်နေ့အထိ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပသော လူမွဲခံယူခြင်းဆိုင်ရာ (၁၂) ကြိမ်မြောက်ပူးတွဲနိုင်ငံပေါင်းစုံတရားစီရင်ရေးဆိုင်ရာ ညီလာခံသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ



(၁၃-၃-၂၀၁၇) ရက်နေ့မှ (၁၅-၃-၂၀၁၇) ရက်နေ့အထိ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့တွင်ကျင်းပသော
'နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့်သက်ဆိုင်သည့် အလေ့အထကောင်းများ မျှဝေခြင်းဆိုင်ရာ
လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်၏တရားစီရင်ရေးဆိုင်ရာ
ဆွေးနွေးပွဲ'သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း
တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ




(၃၀-၁၀-၂၀၁၇) ရက်နေ့မှ (၁-၁၁-၂၀၁၇) ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပသော ၂၀၁၇ ခုနှစ် အာဆီယံနိုင်ငံများနှင့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်သောအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ တရားစွဲဆိုမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှီးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ




(၂၀-၁၀-၂၀၁၇) ရက်နေ့မှ (၂၁-၁၁-၂၀၁၇) ရက်နေ့အထိ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကြီးမှူး၍ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပသော အာရှဒေသစီးပွားရေးလုပ်ငန်းကြီးများ စီမံအုပ်ချုပ်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများဆိုင်ရာ ညီလာခံသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးနိုင် တက်ရောက်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ




(၆-၁၂-၂၀၁၇) ရက်နေ့တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင်ကျင်းပသော China- ASEAN Jurist Gathering and China- ASEAN Legal Forum သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးခင်မောင်ကြည်တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ




(၂၅-၃-၂၀၁၇)ရက်နေ့မှ (၂၆-၃-၂၀၁၇) ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာ့ညီလာခံ ၂၀၁၇ သို့
မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး
တက်ရောက်သည့် မှတ်တမ်းဓာတ်ပုံ



(၁၆-၁၀-၂၀၁၇) ရက်နေ့မှ (၁၉-၁၀-၂၀၁၇) ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊
ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် ကျင်းပသော
'ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဥပဒေကော်မရှင်၊
အာရှ ပစိဖိတ်တရားစီရင်ရေးဆိုင်ရာ ဒုတိယအကြိမ်ထိပ်သီးဆွေးနွေးပွဲ'သို့
ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ
တက်ရောက်သည့်မှတ်တမ်းဓာတ်ပုံ




(၈-၁၁-၂၀၁၇) ရက်နေ့မှ (၁၄-၁၁-၂၀၁၇) ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော
'(၁၈) ကြိမ်မြောက် ကမ္ဘာ့တရားသူကြီးချုပ်များ၏ နိုင်ငံတကာညီလာခံ'သို့
ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း တက်ရောက်သည့်မှတ်တမ်းဓာတ်ပုံ

## ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ပြည်ပဧည့်သည်တော်များနှင့် တွေ့ဆုံမှုသတင်းမှတ်တမ်းလွှာ



(၁၀-၂-၂၀၁၇) ရက်နေ့တွင် The United States Court of Appeals For the Fourth Circuit မှ တရားသူကြီး The Hon. Allyson K. Duncan အားပြည်ထောင်စုတရားသူကြီးချုပ်မှ လက်ခံတွေ့ဆုံစဉ်



(၁၁-၄-၂၀၁၇) ရက်နေ့တွင် ရုရှားနိုင်ငံသံအမတ်ကြီး HE. Dr. Nikolay A. Listopadov အား ပြည်ထောင်စုတရားသူကြီးချုပ်မှ လက်ခံတွေ့ဆုံစဉ်



(၅-၅-၂၀၁၇) ရက်နေ့တွင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့်
တရားရေးဝန်ကြီးဟောင်းဖြစ်သူ HE. KAMIKAWA Yoko ဦးဆောင်သည့် အဖွဲ့အား
ပြည်ထောင်စုတရားသူကြီးချုပ်မှလက်ခံတွေ့ဆုံစဉ်



(၁၇-၅-၂၀၁၇) ရက်နေ့တွင် အမေရိကန်သံရုံးမှ သံအမတ်ကြီး H.E.Mr. Scot Marciel ဦးဆောင်သည့်
ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုတရားသူကြီးချုပ်မှ လက်ခံတွေ့ဆုံစဉ်



(၁-၈-၂၀၁၇) ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ ICJ မှ Justice Kalyan Shretha နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP မှ Justice Murray Kellam တို့ ပြည်ထောင်စုတရားသူကြီးချုပ်ထံ ဂါရဝပြုလာရောက်တွေ့ဆုံစဉ်



(၂၅-၈-၂၀၁၇) ရက်နေ့တွင် ဩစတြေးလျဖက်ဒရယ်တရားရုံးမှ တရားသူကြီး Justice Richard White ၊
စင်္ကာပူတရားလွှတ်တော်မှ တရားသူကြီး Justice Chua Lee Ming ၊
ဩစတြေးလျဖက်ဒရယ်တရားရုံးမှ မှတ်ပုံတင်အရာရှိ Registra Nicola Colbran
တို့အား ပြည်ထောင်စုတရားသူကြီးချုပ်မှ လက်ခံတွေ့ဆုံစဉ်



(၈-၉-၂၀၁၇) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံး သံအမတ်ကြီး
H.E. Mr . Peter Lysholt Hansen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား
ပြည်ထောင်စုတရားသူကြီးချုပ်မှ လက်ခံတွေ့ဆုံစဉ်




(၁၃-၉-၂၀၁၇) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့၏ မြန်မာနိုင်ငံ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့်သက်ဆိုင်သည့် ကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက် အပိုင်း(၂) ဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုးသည့် အခမ်းအနားမှတ်တမ်းဓာတ်ပုံ

(၁၅-၁၁-၂၀၁၇) ရက်နေ့တွင် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာနလက်အောက်ရှိ လေ့ကျင့်ရေးနှင့်သုတေသန သင်တန်းကျောင်း၏ ဥက္ကဋ္ဌဟောင်း Mr.Kunihiko SAKAI ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုတရားသူကြီးချုပ်မှလက်ခံတွေ့ဆုံသည့်မှတ်တမ်း ဓာတ်ပုံများ





(၁၆-၁၁-၂၀၁၇) ရက်နေ့တွင် United Nations Office on Drugs and Crime (Myanmar Office) မှ Country Manager ဖြစ်သူ Mr. Troels Vester နှင့်အဖွဲ့ ပြည်ထောင်စုတရားသူကြီးချုပ် အား လာရောက်ဂါရဝပြု တွေ့ဆုံသည့်မှတ်တမ်းဓါတ်ပုံများ





(၁၇-၁၁-၂၀၁၇)ရက်နေ့တွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် စင်္ကာပူသံရုံးမှ သံအမတ်ကြီး H.E. Mr. Robert Chua သည် ပြည်ထောင်စုတရားသူကြီးချုပ်အား လာရောက်ဂါရဝပြု တွေ့ဆုံသည့်မှတ်တမ်းဓာတ်ပုံများ







(၂၁-၁၁-၂၀၁၇) ရက်နေ့တွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ
ဦးဉာဏ်ဝင်းနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုတရားသူကြီးချုပ်မှ လက်ခံတွေ့ဆုံစဉ်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# လုပ်ရှားမှုသတင်းမှတ်တမ်းလွှာ




(၂၁-၆-၂၀၁၇)ရက်နေ့တွင် '၂၀၁၆ ခုနှစ်တရားရုံးနှစ်စဉ် အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၂) ရေးဆွဲရေးအတွက် မြန်မာ့တရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲအခမ်းအနား' မှတ်တမ်းဓာတ်ပုံ

(၁၂-၃-၂၀၁၇) ရက်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနား၌ ပြည်ထောင်စုတရားသူကြီးချုပ်မှ လှူဖွယ်ဝတ္ထုများ လောင်းလှူခြင်းမှတ်တမ်းဓာတ်ပုံများ





(၁၉-၁၀-၂၀၁၇) ရက်နေ့တွင် (၁၂) ကြိမ်မြောက်
ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မှတ်တမ်းဓာတ်ပုံများ








(၁၆-၆-၂၀၁၇) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပွဲတော်
အခမ်းအနား မှတ်တမ်းဓာတ်ပုံ




(၁၅-၈-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယမြို့နယ်တရားသူကြီးများ
လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၆)တွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊
တာဝန်ပေးအပ်လွှာများအပ်နှင်းခြင်းနှင့် ကျမ်းသစ္စာပြုခြင်း အခမ်းအနား



မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့
ပြည်ထောင်စုတရားသူကြီးချုပ် တက်ရောက်စဉ်
(၁၆-၇-၂၀၁၇)




မွန်ပြည်နယ်တရားလွှတ်တော် ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားသို့
ပြည်ထောင်စုတရားသူကြီးချုပ် တက်ရောက်စဉ်
(၁၄-၁၀-၂၀၁၇)




(၃-၄-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) Project for Capacity Development of Legal, Judicial and Relevent Sectors in Myanmar အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (Joint Coordinating Committee) အစည်းအဝေး မှတ်တမ်းဓာတ်ပုံ




(၂၂-၈-၂၀၁၇) ရက်နေ့ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့်
ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ပူပေါင်း၍
အသိဉာဏ်ပစ္စည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား




(၄-၉-၂၀၁၇) ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ယူနီဆက်ဖ်(မြန်မာ)
တို့ပူးပေါင်း၍ ကလေးသူငယ်တရားစီရင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲအခမ်းအနား




(၂၉-၁၁-၂၀၁၇) ရက်နေ့မှ (၁-၁၂-၂၀၁၇) ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် USAID/PRLP တို့ပူးပေါင်းကျင်းပသည့် 'Training Of Trainers (TOT) on Media Skills' မှတ်တမ်းဓာတ်ပုံ



(၂-၁၂-၂၀၁၇) ရက်နေ့ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်ဆင်နွှဲသည့်မှတ်တမ်းဓာတ်ပုံ



၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ဒက္ခိဏ ခရိုင်တရားရုံး အဆောက်အဦသစ်
ဖွင့်လှစ်ခြင်း အခမ်းအနား မှတ်တမ်းဓာတ်ပုံ



(၁၁-၄-၂၀၁၇) ရက်နေ့ ဒက္ခိဏသီရိမြို့နယ်တရားရုံးဖွင့်ပွဲ အခမ်းအနား



(၄-၅-၂၀၁၇) ရက်နေ့ လှိုင်သာယာမြို့နယ် တရားရုံးဖွင့်ပွဲအခမ်းအနား




(၁၇-၁၁-၂၀၁၇) ရက်နေ့ မြို့နယ်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနား



(၂၂-၅-၂၀၁၇) ရက်နေ့မှ (၂၈-၇-၂၀၁၇) ရက်နေ့အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖွင့်လှစ်သော ရုံးဝန်ထမ်းများအတွက် ကွန်ပျူတာ ကျွမ်းကျင်မှုဆိုင်ရာ အခြေခံသင်တန်း ပို့ချသည့်မှတ်တမ်းဓာတ်ပုံ

## တရားစီရင်ရေးစွမ်းဆောင်ရည်မြှင့်မားစေရန် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ ဆောင်ရွက်ချက်များ



(၁၅-၇-၂၀၁၇) ရက်နေ့မှ (၁၆-၇-၂၀၁၇) ရက်နေ့အထိ ကချင်ပြည်နယ် တရားလွှတ်တော်တွင် ကျင်းပပြုလုပ်သော ရာဇဝတ်မှုများ လေ့လာသုံးသပ်မှု စွမ်းရည်ဆိုင်ရာဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံ




(၁၅-၁၂-၂၀၁၇) ရက်နေ့ ကယားပြည်နယ်တရားလွှတ်တော် တရားရုံးဝန်ထမ်းများ
ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်း အမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနား




(၃၀-၁၁-၂၀၁၇) ရက်နေ့မှ (၃-၁၂-၂၀၁၇) ရက်နေ့အထိ ကရင်ပြည်နယ်တရားလွှတ်တော် မှ ပြုလုပ်သော 'Rule of Law, Fair Trial Standard and Gender Training' မှတ်တမ်းဓာတ်ပုံ




(၁၉-၁၂-၂၀၁၇) ရက်နေ့ - ကရင်ပြည်နယ်တရားလွှတ်တော် တရားရုံးဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနား




(၁၄-၁၀-၂၀၁၇) ရက်နေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် JICA တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပပြုလုပ်သော Seminar On Handling New Types of Evidence ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားခြင်း



(၁၉-၁၀-၂၀၁၇) ရက်နေ့ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၊ စာရေးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲအခမ်းအနား




တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၊ စာရေးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၁၇) ဆင်းပွဲအခမ်းအနား




(၆-၅-၂၀၁၇) ရက်နေ့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် စာရေးဝန်ထမ်းများ
အဆင့်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနား




(၁-၇-၂၀၁၇)ရက်နေ့ မှ (၂-၇-၂၀၁၇) ရက်နေ့အထိ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားရုံး
အသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ




(၂၈-၁၀-၂၀၁၇) ရက်နေ့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင်ကျင်းပသော
မြန်မာနိုင်ငံတရားစီရင်ရေး ကဏ္ဍတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများအပေါ် ဆွေးနွေးခြင်း



(၁၄-၆-၂၀၁၇) ရက်နေ့ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မဏ္ဍိုင်ကြီး (၄) ရပ် ဆွေးနွေးပွဲတွင် တရားစီရင်ရေး မဏ္ဍိုင်အနေဖြင့် ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးက ဆွေးနွေးစဉ်




(၂၄-၆-၂၀၁၇) ရက်နေ့မှ (၂၆-၆-၂၀၁၇) ရက်နေ့အထိ ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ




(၄-၁၂-၂၀၁၇) ရက်နေ့ - ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၂/၂၀၁၇ ဖွင့်ပွဲ အခမ်းအနား



(၂၂-၇-၂၀၁၇) ရက်နေ့မှ (၂၃-၇-၂၀၁၇) ရက်နေ့အထိ ရှမ်းပြည်နယ် တရားလွှတ်တော်တွင်
ကျင်းပပြုလုပ်ခဲ့သော Rule Of Law, Fair Trial,
Rights and Criminal Analysing Skills Workshop ၏
မှတ်တမ်းဓာတ်ပုံ




(၁၂-၆-၂၀၁၇) ရက်နေ့ - ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၊ စာရေးဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်မြှင့်မားရေး ရက်တိုမွမ်းမံသင်တန်း အမှတ်စဉ် ၁/၂၀၁၇ ဖွင့်ပွဲ အခမ်းအနားမှတ်တမ်းဓာတ်ပုံ




(၈-၇-၂၀၁၇) ရက်နေ့မှ (၉-၇-၂၀၁၇) ရက်နေ့အထိ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် ပြုလုပ်သည့် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Customer Service Workshop) ဆင့်ပွားသင်တန်းမှတ်တမ်းဓာတ်ပုံများ





# ဒက္ခိဏခရိုင်တရားရုံး ရုံးသစ်ဖွင့်ပွဲ











လျှော်ကြီးကိုထိုး
ရိုးဘဲရိုးနိုင်ပါဘူး
ဆင့်ကာ
မြင့်ကာ
သူလျှော်ခတ်ရာ
သူ့နောက်ပါလျှက်
ဒို့လက်အားတွေ
ညီညာစေမည်
မှတ်တိုင်တစ်ခု
အောင်ကြောင်းပြုလို့
ပြည်သူ့ရင်ခွင်
တိုးလို့ဝင်မည်
အာရုဏ်ကျင်းလို့
အလင်းဝေပြီ

မေထွန်းထွန်းအေး(တရားရေး)

# သစ်ပင်စိုက်ပွဲတော်

ပန်းပေါင်းဝေစည်
မင်းနေပြည်တွင်. . .

အခြေပြု
မြေထုရယ်တဲ့ ကူညီပါ
မြေဆီမှာ ကြပ်ပါမှ
မတ်မတ်ခိုင်မာတည်လို့
ရှင်သန်သူ တပင်အားရယ်နဲ့
ပြုံးပျော်စွာ ဒို့ လက်အားတွေက. .

မိုးရာသီသစ်ပင်စိုက်ပွဲတော်မှာ
ပန်းပျိုးဝေဖြာ
ပင်မျိုးဝေဆာ

(၁၆-၆-၂၀၁၇)





မေထွန်းထွန်းအေး (တရားရေး)





## 'နှုတ်ဆက်ပွဲ'



ပင်စည်မှသည်
ရိုးသား ကြိုးစားပန်းပွင့်များ
တပွင့်စီ လွှင့်လိုက်ပြီ
မြန်မာပြည်အနှံ့
တာဝန်ကိုယ်စီ

ကိုယ့်တာဝန်ကိုယ်ကျေရမည်မို့
ရဲရဲ့ ကြိုးစားပန်းပွင့်များ
မှာသမျှ ကြား
ကြားသမျှ လိုက်နာ
လိုက်နာသမျှ ကောင်းကျိုး
ကောင်းသောအကျိုး
ငါတို့ပြုမည်
လှပသောအဆင်းဖြင့် ရနံ့လည်းကြိုင်စေမည်



ပြည်သူအကြား ဂုဏ်သတင်းများ
မွှေးပျံ့လှိုင်ပါစေတော့မည်...

( ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်သွားတဲ့အတွက် ဂုဏ်ယူပါတယ် လို့ပြောကြားသွားတဲ့
ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာမဒေါ်ခင်မေရီရဲ့
နှုတ်ဆက်အမှာစကားအားခံစားရေးဖွဲ့မှု အမှတ်တရ)

မေထွန်းထွန်းအေး (တရားရေး)





## သစ္စာတည်စေ



တစ်ရာမှာတစ်ယောက်မရှိ
တစ်ထောင်မှာတစ်ယောက်မရှိ
နိုင်ငံတော်ကသတ်မှတ်
တ/ နံပါတ်ကို
သေချာတွေးလို့
ငေးကြည့်စမ်းပါ
၄၀၀၀ တောင်မရှိ

လက်ရုံးရည်ဖြင့်မယှဉ်ပါဘူ
နှလုံးရည်ဖြင့် ယှဉ်ရပါဘိ
တကယ်ပကတိ
ဥပဒေ စွမ်းပကားကို
ယှဉ်သူများနှင့်အပြိုင်
ကျွန်ုပ်တို့စွမ်းဆောင်အောင်နိုင်ခဲ့ပြီမို့
ဂုဏ်ပြုခြင်းလည်း ခံယူမယ်
ချီးမွမ်းခြင်းကိုလည်း ဂုဏ်ယူတယ်

ဘဝကိုသစ္စာတည်စွာဖြင့်
မော်ကြွားရပ်တည်
ပေးအပ်တာဝန်ကျေစေရမည်
သစ္စာစွမ်းအား ပြစို့လား . . .

(တရားရေးအရာရှိလူတော်လူကောင်းများအား ဂုဏ်ယူစွာ . . ကြိုဆိုခြင်းဖြင့် ရေးစပ်ပါသည်။)



မေထွန်းထွန်းအေး(တရားရေး)

## ပြည်ချစ်တရားစီရင်ရေး

သစ္စာဘက်သား
တရား၊ဥပဒေ
ရဲ၊ရှေ့နေနှင့်
သက်သေမကျန်
ဆက်စပ်မှန်သမျှ
ဝိုင်းရံကြိုးပမ်း
ပြည့်ဝန်ထမ်းလျှင်
လမ်းဖြောင့်မှန်ကန်
ဆုံဖြတ်သံတို့
ပြည်ယံတစ်ခွင်
သံသာလွင်၍
ကြည်ရွှင်လန်းဖြာ
ထွန်းပေါ်လာမည်
ပြည်ရွာချစ်သော တရားစီရင်ရေး။

မောင်တင်ဌေး(တရားရေး)





# အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ

တင်နွယ်စိုး

'အာဆီယံတရားသူကြီးချုပ်များသည် ၂၀၁၃ ခုနှစ်မှစတင်၍ နှစ်စဉ်တွေ့ဆုံခဲ့ကြပြီး အာဆီယံတရားစီရင်ရေးကဏ္ဍများ၏ဘုံအကျိုးစီးပွားအတွက် ဆွေးနွေးခဲ့ကြသည်။ အာဆီယံတရားသူကြီးချုပ်များကောင်စီကို အာဆီယံပဋိညာဉ်စာတမ်းအောက်တွင် အာဆီယံနှင့်ဆက်နွယ်သည့်အဖွဲ့အစည်းများစာရင်းတွင် အသိအမှတ်ပြုထည့်သွင်းပြီးဖြစ်၍ အာဆီယံဒေသတွင်းပြည်သူများအတွက် တရားစီရင်ရေးကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန် အာဆီယံမူဘောင်အတွင်း ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်'

*ပြည်ထောင်စုတရားသူကြီးချုပ်၏ပဉ္စမအကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး အဖွင့်အမှာစကားမှကောက်နုတ်ချက်*

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သောအာဆီယံအဖွဲ့အစည်းသည် အရှေ့တောင်အာရှဒေသ၏စီးပွားရေးပေါင်းစည်းမှုနှင့်တိုးတက်ဖွံ့ဖြိုးမှုကိုရှေ့ရှု၍ အားလုံး၏သဘောတူညီမှုဖြင့်တည်ဆောက်ထားသည့်အသိုင်းအဝန်းတစ်ခုအဖြစ် ၂၀၁၇ ခုနှစ်တွင် နှစ် ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အာဆီယံနှစ် ၅၀ ပြည့်မြောက်ချိန်တွင် အာဆီယံတရားသူကြီးချုပ်များကောင်စီ(Council of ASEAN Chief Justices-CACJ)သည် အာဆီယံမူဘောင်အတွင်း တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းအဖြစ် သီးခြားရပ်တည်လာပြီဖြစ်သည်။

**အာဆီယံတရားသူကြီးချုပ်များအစည်းအဝေးကျင်းပခြင်း**

အာဆီယံတရားသူကြီးချုပ်များ၏ ၂၀၁၃ ခုနှစ် ပထမအကြိမ်အစည်းအဝေးကို စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒုတိယအကြိမ်အစည်းအဝေးကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်လည်း

ကောင်း၊ ၂၀၁၅ ခုနှစ် တတိယအကြိမ်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၊ ဘိုရာကေးကျွန်းတွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ် စတုတ္ထအကြိမ်အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင်လည်းကောင်း အသီးသီးကျင်းပခဲ့သည်။ အာဆီယံတရားသူကြီးချုပ်များ၏အစည်းအဝေး(ASEAN Chief Justice's Meeting - ACJM)ကို အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာအကြီးအကဲများ၏ နှစ်စဉ်အစည်းအဝေးအဖြစ်ဆောင်ရွက်လာခဲ့သည်။

**အာဆီယံတရားသူကြီးချုပ်များကောင်စီပေါ်ပေါက်လာခြင်း**

စတုတ္ထအကြိမ် အာဆီယံတရားသူကြီးချုပ်များအစည်းအဝေးတွင် အာဆီယံဒေသတွင်း တရားစီရင်ရေးအဖွဲ့အစည်းအသွင်ဖြင့် ဆောင်ရွက်ရေးကိုစတင်ဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးတွင် သဘောတူထုတ်ပြန်ခဲ့သည့် 'ဟိုချီ မင်းကြေညာချက်'(Ho Chi Minh City Declaration)အရ အာဆီယံမူဘောင်အတွင်း အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနည်းတူ တရားစီရင်ရေးအဖွဲ့အစည်းများအကြား ထိရောက်ခိုင်မာသည့်တရားဝင်ပူးပေါင်းဆောင်ရွက်မှုအတွက် 'အာဆီယံတရားသူကြီးချုပ်များအစည်းအဝေး'ကို 'အာဆီယံတရားသူကြီးချုပ်များကောင်စီ'ဟု အမည်ပြောင်းလဲခဲ့ပါသည်။ အာဆီယံတရားသူကြီးချုပ်များကောင်စီကို အာဆီယံ ပဋိညာဉ်စာတမ်းနှင့်အညီ သီးခြားရပ်တည်လာနိုင်ရေးအတွက် ထိုစဉ်က အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်တရားသူကြီးချုပ်ကဦးဆောင်၍ အာဆီယံတရားသူကြီးချုပ်များက မိမိတို့၏ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့်ဆက်သွယ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီအား အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ(Committee of Permanent Representatives-CPR)၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အစည်းအဝေးအမှတ်စဉ် ၁၁/၂၀၁၆ ၏သဘောတူညီချက်အရ အာဆီယံပဋိညာဉ်စာတမ်း၏နောက်ဆက်တွဲ(၂)တွင် အာဆီယံနှင့်ဆက်နွယ်သော အဖွဲ့အစည်း(Entities Associated with ASEAN) တစ်ရပ်အဖြစ် စာရင်းတင်သွင်းခဲ့ပြီးဖြစ်သည်။

**ပဉ္စမအကြိမ်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးကျင်းပခြင်း**

ထိုသို့စာရင်းတင်သွင်းပြီးနောက် ၂၀၁၇ ခုနှစ်၊ မတ်လတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂဝမ်မြို့၌အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဉ္စမအကြိမ်အစည်းအဝေကိုကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ တရားသူကြီးချုပ်များနှင့်လာအိုနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် 'ဘန်ဒါဆရီဘီဂဝမ်ကြေညာချက်(Bandar Seri Begawan Declaration) ထုတ်ပြန်၍ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ရှေ့လုပ်ငန်းစဉ်များကိုလေ့လာတင်ပြရေးအတွက် လေ့လာရေးအဖွဲ့(Study Group)ဖွဲ့စည်းဆောင်ရွက်ရန်နှင့်အာဆီယံတရားသူကြီးချုပ်များကောင်စီ၏စီမံခန့်ခွဲရေးလုပ်ငန်းများကိုအထောက်အကူပြုရေးအတွက် အာဆီယံတရားသူကြီးချုပ်များကောင်စီအတွင်းရေးမှူးရုံးတည်ထောင်ရန်တို့ကိုသဘောတူညီခဲ့ကြသည်။

**အာဆီယံတရားသူကြီးချုပ်များကောင်စီအထူးအစည်းအဝေးကျင်းပခြင်း**

အာဆီယံတရားသူကြီးချုပ်များကောင်စီအထူးအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၊ မာကာတီမြို့၌ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင်ကျင်းပခဲ့သည်။ အထူးအစည်းအဝေးသည် အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဉ္စမအကြိမ်အစည်းအဝေး၏သဘောတူညီချက်အရ နောက်ဆက်တွဲအစည်းအဝေးအဖြစ်

အာဆီယံ၏နှစ် ၅၀ ပြည့်အထိမ်းအမှတ်နှင့်ပူးတွဲကျင်းပခြင်းဖြစ်သည်။ အစည်းအဝေးကို ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ တရားသူကြီးချုပ်များ၊ ဒုတိယတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များကောင်စီကို အာဆီယံအဖွဲ့တွင်စာရင်းတင်သွင်းခြင်း (Accreditation of CACJ to the ASEAN)၊ အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ်( ASEAN Judiciaries Portal - AJP)၊ အာဆီယံဒေသတွင်းတရားမမှုခင်းဆင့်စာ ဆင့်ဆိုမှုလွယ်ကူစေရေး (Facilitating Service of Civil Processes within ASEAN)၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့်တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု (Case Management and Court Technology)၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ခြင်းနှင့်သင်ကြားပေးခြင်း (Judicial Education and Training)၊ မိသားစုမှုခင်းဆိုင်ရာနယ်စပ်ဖြတ်ကျော်ကလေးအငြင်းပွားမှုများဖြေရှင်းရေး (ASEAN Cross-Border Disputes Involving Children)၊ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏အနာဂတ်လုပ်ငန်းစဉ်များ (Future Work of the CACJ) နှင့်အာဆီယံတရားသူကြီးချုပ်များကောင်စီအတွင်းရေးမှူးရုံးဖွဲ့စည်းခြင်း (Formation of CACJ Secretariat) တို့နှင့်စပ်လျဉ်းသည့်ဆောင် ရွက်ချက်များကိုအသီးသီးဆွေးနွေးသည်။ ထို့အပြင် အာဆီယံတရားသူကြီးချုပ်ကောင်စီအား အမေရိကန်နိုင်ငံသို့ လေ့လာရေးလာရောက်ရန် အာဆီယံဆိုင်ရာအမေရိကန်မစ်ရှင် (US Mission to ASEAN) က ဖိတ်ကြားခြင်းနှင့်အာဆီယံဥပဒေသတင်းအချက်ပေါ်တယ် (ASEAN Legal Information Portal) နှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စတို့ကိုလည်းဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်များအပေါ် အသိအမှတ်ပြုဖော်ပြချက် ၈ ချက်နှင့်သဘောတူညီချက် ၁၀ ချက်ကိုအတည်ပြု၍ မနီလာသဘောတူညီချက် (Manila Declaration)ထုတ်ပြန်ခဲ့သည်။

**အာဆီယံတရားသူကြီးချုပ်ကောင်စီ၏ ၂၀၁၈ ခုနှစ်လုပ်ငန်းစဉ်များ**

လက်ရှိတွင် အာဆီယံတရားသူကြီးချုပ်များကောင်စီအတွင်းရေးမှူးရုံးအား စင်ကာပူတရားလွှတ်တော်ချုပ်တွင်ဖွင့်လှစ်ထားရှိပြီး အာဆီယံတရားသူကြီးချုပ်များအကြားတွင်လည်းကောင်း၊ ပြင်ပအဖွဲ့အစည်းများ နှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်ပေးလျက်ရှိသည်။ ဆဋ္ဌမအကြိမ်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးကို ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ကြိုးပမ်းမှုဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ် တရားဝင်စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ် စတင်ပေါ်ပေါက်မှုနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင်ဒေသတွင်းတရားရေးအဖွဲ့အစည်းများ၏သတင်းအချက်အလက်စီးဆင်းမှုများပိုမိုတိုးတက်လာပြီး ဒေသတွင်းတရားဥပဒေစိုးမိုးရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

*ဒေါ်တင်နွယ်စိုး*
*ဒုတိယညွှန်ကြားရေးမှူးချုပ်*
*ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး*

# ဂျပန်နိုင်ငံ၏ မှတ်ပုံတင်ခြင်းလုပ်ငန်း

ကိုတရား(ထီးတန်း)

စာချုပ်စာတမ်းတစ်ခုသည် တရားဝင်မှတ်ပုံတင်ရမည်ဖြစ်ပါလျှက်နှင့် ထိုသို့ဆောင်ရွက်ခြင်းမရှိပါသဖြင့် နစ်နာဆုံးရှုံးမှုများနှင့်တွေ့ကြုံရင်ဆိုင်ကြရပါမည်။ အရပ်သူအရပ်သားပြည်သူများအနေဖြင့်လည်း နှစ်ဦးနှစ်ဖက်ကြည်ကြည်ဖြူဖြူ သာမန်အရပ်စာချုပ်များချုပ်ဆိုတတ်ကြပေသည်။ ဥပဒေပညာရှင်ရှေ့နေများကလည်း အကုန်အကျများမည့် မှတ်ပုံတင်စာချုပ်အစား သာမန်အရပ်စာချုပ်များချုပ်ဆိုပေးကြသည်ကိုတွေ့နေရသည်။ အရပ်သဘောအရ သာမန်စာချုပ်သည် ခိုင်မာသော်လည်း ဥပဒေအရ ခိုင်မာမှုမရှိနိုင်ပေ။ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ရသည့်ရုံးဌာနများသည် သီးခြားစီရှိနေခြင်း၊ ဌာနတစ်ခုနှင့်တစ်ခုဆက်စပ်မှုမရှိခြင်း အချက်သည်လည်း မှတ်ပုံတင်ခြင်းကိစ္စဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့အခက်အခဲများအပေါ်အခြေပြု၍ အရပ်သူအရပ်သားပြည်သူများသည် မှတ်ပုံတင်ခြင်းလုပ်ငန်းလုပ်ရမည်ကိုဝန်လေးလာခြင်းဖြစ်သည်။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းလွှဲပြောင်းရာတွင် မှတ်ပုံတင်ခြင်းမရှိသည့်အတွက်ကြောင့် တရားရုံးအသီးသီးတွင် အမှုမျိုးစုံရင်ဆိုင်ဖြေရှင်းနေရတော့သည်။ မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု၊ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု၊ မှတ်ပုံတင်စာချုပ်ပယ်ဖျက်ပေးစေလိုမှု၊ မှတ်ပုံတင်စာချုပ်သည် ၎င်းအပေါ် အကျိုးသက်ရောက်မှုမရှိပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စသည့် အမျိုးမျိုးသော အမှုမျိုးဖြစ်လာကြသည်။ တရားရုံးအသီးသီး၌လည်း အမှုများပြားလာခဲ့ရသည်။ ပြည်သူများအခက်အခဲ၊ တရားရုံးအခက်အခဲများပြေလည်ဖြေရှင်းနိုင်မည့်နည်းလမ်းကောင်းများမျှော်လင့်ခဲ့သည်။ ထိုမျှော်လင့်တောင့်တချက်ကို ရှာဖွေခဲ့မိသည်။ ဂျပန်နိုင်ငံသို့ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ပို့ချသည့်သင်တန်းတစ်ခုလည်း သွားတက်ရောက်ရသဖြင့် ယင်းမျှော်လင့်ချက်အလင်းရောင်တွေ့ရှိခဲ့ရသည်။ ဂျပန်နိုင်ငံတွင်မူ အရပ်သူအရပ်သားပြည်သူများ၏ တရားဝင်မှတ်ပုံတင်လုပ်ငန်းအဆင်ပြေချောမွေ့နိုင်စေရေးအတွက် ဦးစားပေးဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်ကိုသိရှိလာခဲ့ရသည်။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းမှတ်ပုံတင်ခြင်းလုပ်ငန်းတစ်ခုလုံးကို Ministry of Justice(MOJ)၏ လက်အောက်၌ထားရှိလုပ်ကိုင်စေခဲ့သည်။ ကျွမ်းကျင်သော တရားသူကြီးများကို မှတ်ပုံတင်အရာရှိခန့်ထား၍ဆောင်ရွက်လုပ်ကိုင်စေခဲ့ပါသည်။ ဂျပန်နိုင်ငံတဝှမ်းလုံး၏ မှတ်ပုံတင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသဖြင့် အမှုအခင်းလည်း နည်းပါးစေခဲ့သည်ဟု သိရှိခဲ့ရသည်။ ထပ်မံ၍ထူးခြားသည့် အချက်တစ်ခုကိုလည်း သိရှိနားလည်ခဲ့ရသည်။ ထိုအချက်မှာ တရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းကိုတာဝန်ယူ ဆောင်ရွက်ပေးရမည့်(Law Firm)တည်ထောင်ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဥပဒေအကျိုးဆောင်များသည် သက်ဆိုင်ရာစာမေးပွဲအောင်မြင်သူ ဖြစ်ရမည်ဟုသတ်မှတ်ထားခဲ့သည်။ အဆိုပါ

မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် ဥပဒေအကျိုးဆောင်စာမေးပွဲ၌လည်း သေချာစွာစိစစ်၍ရာခိုင်နှုန်းအားဖြင့် ၃ ရာခိုင်နှုန်းထိသာအောင်မြင်စေပါသည်။ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သည့် ဥပဒေအကျိုးဆောင်များ၏အရည်အချင်းစိစစ်ရွေးချယ်ထားခြင်းဖြစ်သည်။ တရားဝင်တာဝန်ပေးအပ်ထားခြင်းခံရသည့်(Law Firm)နှင့်ဥပဒေအကျိုးဆောင်များသည် တရားဝင်မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပေးမှု၌ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာလျှင် နစ်နာသူများအပေါ် လျော်ကြေးပေးသည့်စနစ်နှင့်တရားဝင် မှတ်ပုံတင်ဆောင်ရွက်ခွင့်၊ ရှေ့နေခွင့်ပြုချက်ကိုပါ ပြန်လည်ရုပ်သိမ်းပြစ်ဒဏ်သတ်မှတ်ထားသဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လုပ်ကိုင်ကြသည်ကိုသိရှိရပါသည်။ ထို့ပြင် တရားဝင်မှတ်ပုံတင်လုပ်ငန်းလုပ်ပိုင်ခွင့်ရ ဥပဒေအကျိုးဆောင်များသည် စဉ်ဆက်မပြတ်သင်တန်းများတက်ရောက်ရခြင်း၊ သတ်မှတ်သင်တန်းကာလတွင် ပျက်ကွက်ခဲ့ပါက သင်တန်းအစမှစ၍ ပြန်လည်တက်ရောက်စေခြင်းများရှိသဖြင့် အရည်အသွေးထက်မြက်သူများဖြစ်ကြသည်။ တရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသည့် ဥပဒေအကျိုးဆောင်များခန့်ထား ဆောင်ရွက်စေခြင်း၊ ကျွမ်းကျင်သည့်တရားသူကြီးများကို မှတ်ပုံတင်အရာရှိအဖြစ်ခန့်ထားစေခြင်း၊ မှတ်ပုံတင်လုပ်ငန်းတစ်ခုလုံးကို တရားရေးဝန်ကြီးဌာနလက်အောက်၌ထားရှိဆောင်ရွက်စေခြင်း စသည့်အချက်များသည် အရပ်သူ၊ အရပ်သားသာမန်ပြည်သူများအဖို့ အကျိုးဖြစ်ထွန်းစေခဲ့ကြောင်းသိရှိခဲ့ရသည်။ ဂျပန်ပြည်သူပြည်သားများ၏ဥပဒေနှင့်အညီပြုမူနေထိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများကို ဥပဒေပညာရှင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးနေခြင်းသည် မိမိတို့နိုင်ငံအတွက် အတုယူစရာအတွေ့အကြုံကောင်းများဖြစ်ပေသည်။ တတ်သိဥပဒေပညာရှင်များ၏အကူအညီဖြင့် တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်နေခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ဖြစ်စေသည့်အချက်ဟုလည်းဆိုနိုင်ပေသည်။ မိမိတို့၏ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း၌လည်း မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း များတရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံ၏ကောင်းမွန်သောစနစ်တစ်ရပ်ကို စံနမူနာအတုယူပြီးဆောင်ရွက်မည်ဆိုပါက တရားရုံးအမှုအခင်းလည်း လျော့နည်းကျဆင်းစေလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ ပြည်ပကိုအထင်ကြီး၍ အားကိုးပါဟုအကြံပြုနေခြင်းမျိုးမဟုတ်ပါ။ အတုယူသင့်သည့်အချက်များ မိမိတိုင်းပြည်နှင့်ကိုက်ညီမည့်စနစ်များဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်သင့်သည်ဟု ထင်မြင်ယူဆအကြံပြုရခြင်းဖြစ်ပါသည်။ ။

*ကိုတရား(ထီးတန်း)*



# စီရင်ပြစ်ဒဏ်အကြောင်းမှန်

ကိုတရား(ထီးတန်း)

ဂျာနယ်အချို့တွင် တရားရုံးကချမှတ်သောပြစ်မှုနှင့်ပြစ်ဒဏ်များအပေါ် ၎င်းတို့အမြင်ဖြင့် တရားမျှတမှုမရှိသယောင်ရေးသားနေသည်ကိုတွေ့နေရပါသည်။ အများပြည်သူတို့အပေါ် ထင်ယောင်ထင်မှားဖြစ်စေပါသည်။ အထူးသဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃(င)ရှိ ဥပဒေကို ပြည်သူများကနားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့်ပြည်သူများက ဥပဒေကိုလိုက်နာသောအလေ့အကျင့်ပျိုးထောင်ပေးရေးဟူသည့်တရားစီရင်ရေးဆိုင်ရာ မူတစ်ရပ်အရ ဥပဒေကိုပြည်သူများက သိရှိစေလိုသောဆန္ဒမှန်ဖြင့်ရေးသားရခြင်းဖြစ်ပါသည်။

ပြစ်မှုတစ်ခုဖြစ်ပွားခဲ့လျှင် ထိခိုက်နစ်နာသူတရားလိုဘက်က ပြစ်မှုကျူးလွန်ခဲ့သူအပေါ်အပြစ်ရစေလိုမည်ပင်ဖြစ်သည်။ ထို့အတူ ပြစ်မှုကျူးလွန်သူဘက်ကလည်း ကျူးလွန်ခဲ့သောပြစ်မှုအတွက် လွတ်မြောက်ခွင့်နှင့် သက်သာခွင့်ကိုရလိုကြမည်မှာ မလွဲဧကန်ဖြစ်သည်။ ထို့ကြောင့်လည်း ပြစ်မှုများတွင် ပြစ်ဒဏ်အမျိုးမျိုးကို ခွဲခြားပြဋ္ဌာန်းသတ်မှတ်ပေးထားခြင်းဖြစ်ပါသည်။

ကျူးလွန်သည့်ပြစ်ဒဏ်အတွက် ထောင်ဒဏ်မချမနေရချမှတ်ရသည့်ပြစ်မှုများရှိသကဲ့သို့ ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ၊ ချမှတ်ရန်လည်းပြဋ္ဌာန်းထားခြင်းများရှိနေပါသည်။ အလားတူပင် ထောင်ဒဏ်ချမှတ်ရာတွင် အနည်းဆုံးသတ်မှတ်ထားသည့်ပြစ်ဒဏ်နှင့် အများဆုံးချမှတ်ရမည့်ပြစ်ဒဏ်ဟူ၍လည်းပြဋ္ဌာန်းထားပါသည်။

ပြစ်မှုဆိုင်ရာအမှုများ၌ ပြစ်ဒဏ်သတ်မှတ်ရာတွင် အချို့သောအမှုများတွင် ထပ်မံကျူးလွန်ခြင်းမရှိစေရန်နှင့် အခြားသူများအလားတူပြစ်မှုမကျူးလွန်ဝံ့စေရန် ထိရောက်ဟန့်တားသောပြစ်ဒဏ်အနေဖြင့် ကြီးလေးသောပြစ်ဒဏ်၊ အထူးသဖြင့် ထောင်ဒဏ်များချမှတ်ရသည်။ အချို့သောအမှုများတွင် ပြစ်မှုကျူးလွန်သူသည် ၎င်းကျူးလွန်သည့်ပြစ်မှုအတွက် နောင်တတရားရရှိနေပြီးဖြစ်လျှင် ၎င်း၏ဘဝသစ်ထူထောင်ရန် ထိုက်သင့်ပေါ့လျော့သောပြစ်ဒဏ်များချမှတ်ရပါသည်။ ပြစ်မှုတစ်ခုနှင့်တစ်ခု ပြစ်ဒဏ်ချမှတ်ခြင်းသည် တစ်ပြေးညီတူညီနိုင်မည်မဟုတ်ပေ။

ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်ချမှတ်ရန်စိစစ်ရာတွင် ပြစ်မှုကျူးလွန်သူ၏အပြုအမူ၊ ၎င်း၏ရည်ရွယ်ချက်၊ ပြစ်မှုကျူးလွန်ခြင်းခံရသူ၏နစ်နာမှုစသည့်အချက်များကိုထည့်သွင်းစဉ်းစားရပါသည်။

ပြစ်မှုကျူးလွန်သူ၏အသက်မှာ အသက်နှစ်ဆယ့်တစ်နှစ်ထက်မငယ်သူဖြစ်လျှင် ပထမအကြိမ်ကျူးလွန်သည့်ပြစ်မှုသည် ထောင်ဒဏ်ခုနှစ်နှစ်ထက်မပိုပါက ပြစ်မှုကျူးလွန်သူ၏အသက်၊ အကျင့်စာရိတ္တတို့ကိုထောက်ထား၍ ချက်ချင်းပြစ်ဒဏ်ချမှတ်မည့်အစား သုံးနှစ်အတွင်းကောင်းမွန်စွာနေထိုင်ရန်ခံဝန်ချုပ် ဆိုလွတ်ခွင့်ရှိပါသည်။ ပြစ်မှုကျူးလွန်သူသည် အသက် ၂၁ နှစ်ထက်မငယ်သူ၊ သို့မဟုတ် အမျိုးသမီးဖြစ်ပါကလည်း ၎င်းကျူးလွန်သောပြစ်မှုသည် သေဒဏ်၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်မထိုက်သောပြစ်မှုဖြစ်ခဲ့လျှင်လည်း အထက်ပါအတိုင်း ချက်ချင်းပြစ်ဒဏ်ချမှတ်မည့်အစား သုံးနှစ်အတွင်းကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ်ဆိုလွတ်ခွင့်ရှိပါသည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)တွင်ပြဋ္ဌာန်းထားပါသည်။

အလားတူပင် တစ်ဦးတစ်ယောက်အပေါ် ခိုးမှု၊ အဆောက်အအုံအတွင်းခိုးမှု၊ စာရေး၊ သို့မဟုတ် အစေခံခိုးမှု၊ မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှု၊ ပြစ်မှုမကင်းသောယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ လိမ်လည်မှု၊ သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေအရ နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရမည့်ပြစ်မှုကျူးလွန်သူများကိုလည်း ပြစ်မှုကျူးလွန်သူ၏အသက်၊ အကျင့်စာရိတ္တ၊ ယခင်က အခြေအနေများ၊ ကိုယ်ခန္ဓာစိတ်ဓာတ်အခြေအနေ၊ ပြစ်မှု၏သေးငယ်မှု စသည့်အချက်များကို

ထောက်ထား၍ ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ရမည့်အစား ဆိုဆုံးမ၍လွှတ်နိုင်သည်ကိုလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က)တွင် ပြဋ္ဌာန်းထားရှိသည်ကိုသိရှိစေလိုပါသည်။

ပြစ်ဒဏ်သတ်မှတ်ရန်ကိစ္စမှာ တရားရုံး၊ တစ်နည်းအားဖြင့် အမှုစစ်တရားသူကြီး၏ဆင်ခြင်တုံတရားကို လက်ကိုင်ထားသတ်မှတ်ရသည့်ကိစ္စဖြစ်ပါသည်။ ပြစ်ဒဏ်ကို မည်သို့မည်ပုံချမှတ်ရမည်ဟုမူသေသတ်မှတ်၍မရနိုင်ပါ။ ထောင်ဒဏ်မချမနေရပြဋ္ဌာန်းထားသော်လည်း အထက်ပါပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)တွင်ဖော်ပြထားသည့်အခြေအနေပေါ်ပေါက်ခဲ့လျှင် အမှုစစ်တရားသူကြီးသည် ၃ နှစ်အတွင်း ကောင်းမွန်စွာနေထိုင်ရန်ခံဝန်ချုပ်အမိန့်၊ ဆိုဆုံးမလွှတ်သောအမိန့်များချမှတ်နိုင်ခွင့်ရှိပါသည်။ အပြန်အလှန်အားဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ ပါအခြေအနေပေါ်ပေါက်သော်လည်း အမှုစစ်တရားသူကြီးသည် ၎င်း၏ဆင်ခြင်တုံတရားနှင့်အညီ ကျူးလွန်ထားသည့်ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ပြစ်ဒဏ်ကို ပုံသေတစ်ထစ်ချသတ်မှတ်၍မရဟု ဆိုနေရခြင်းဖြစ်ပါသည်။

သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က)ပါပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် အထူးဥပဒေများနှင့် သက်ဆိုင်ခြင်းမရှိပေ။ (ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့်ဦးလှတင်ပါ(၂)၊ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာမျက်နှာ ၈၃)ထို့ကြောင့် အထူးဥပဒေအရ စွဲဆိုသောအမှုများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က)အရ ဆိုဆုံးမလွှတ်သည့်အမိန့်ကိုချမှတ်ခွင့်မရှိပေ။ ထိုသို့အထူးဥပဒေအရစွဲဆိုသောအမှု၌ အမှုစစ်တရားသူကြီးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ ပြဋ္ဌာန်းချက်နှင့် မညီသဖြင့် ထောင်ဒဏ်ချမှတ်ခြင်းပြုကြရပါသည်။ ထိုအခါ အမှုစစ်တရားသူကြီး၏ချမှတ်သောအမိန့်သည် ဥပဒေကိုမျက်ကွယ်ပြုခြင်းဖြစ်ကြောင်းပြစ်တင်ဝေဖန်မှုများခံရမှုများရှိနေပါသည်။

ဥပမာအားဖြင့် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၂(က)အရ အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားသူအပေါ် ချမှတ်နိုင်သောပြစ်ဒဏ်မှာလည်း အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံးထောင်ဒဏ် ၆ လထိဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)အရ အဆိုပါပြစ်မှုကျူးလွန်ခဲ့သူမှာ ပထမအကြိမ်ကျူးလွန်သူဖြစ်ခြင်း၊ ထောင်ဒဏ် ၃ နှစ်ထက်မပိုခြင်းစသည့်အချက်များနှင့် ညီညွတ်လျှက်ရှိပါသည်။ သို့သော် ကျူးလွန်သည့်ပြစ်မှုသည် အထူးဥပဒေဖြစ်ခြင်း၊ ပြစ်ဒဏ်ကို အနည်းဆုံးနှင့်အများဆုံးသတ်မှတ်ထားခြင်းစသည့်အချက်များကြောင့် ပြစ်မှုကျူးလွန်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁)အရ အခွင့်အရေးမပေးနိုင်တော့ပေ။ (ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်သန်းအောင်ပါ(၄)၊ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားရုံးချုပ်) စာမျက်နှာ ၄၇)။ ထိုအခြေအနေမျိုးပေါ်ပေါက်ပါက အမှုစစ်တရားသူကြီးက အမှုအခြေအနေ၊ တရားခံ၏အကျင့်စာရိတ္တ စသည့်အချက်များကိုသုံးသပ်၍ သက်ညှာသောပြစ်ဒဏ်၊ တစ်နည်းအားဖြင့် ထောင်ဒဏ်ချမှတ်မည်သာဖြစ်သည်။

ပြစ်ဒဏ်ချမှတ်ရန်စဉ်းစားရာတွင် တရားစီရင်ရေးဆိုင်ရာမူများ၊ နိုင်ငံတော်အစိုးရ၏မူများအရ ပြစ်မှုကျူးလွန်သူအပေါ် ၎င်းကျူးလွန်သည့်ပြစ်မှုအတွက် ပညာပေးရန်အချက်ကို ထည့်သွင်းစဉ်းစားဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ ထို့အတူ တစ်ကြိမ်တစ်ခါဒေါသအလျောက်ဖြစ်စေ၊ မူးယစ်၍ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ခဲ့သူများနှင့် အမြဲဆိုးသွမ်းရမ်းကားတတ်သူ၊ ပြစ်မှုများမကြာခဏကျူးလွန်သူများနှင့်အတူ အဆင့်အတန်း သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်နိုင်မည်မဟုတ်ချေ။ အထူးအားဖြင့် ပြစ်မှုကျူးလွန်သူအား ထပ်မံပြစ်မှုမကျူးလွန်ဝံ့စေရန်နှင့် အလားတူပြစ်မှုကျူးလွန်ရန်ကြံရွယ်သူတို့အား အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ ပြစ်ဒဏ်များချမှတ်နေရခြင်းသာဖြစ်ပါသည်။ ။

**ကိုတရား(ထီးတန်း)**

# စီရင်ချက်ကောင်းကောင်းရေးရအောင်

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့၊ ၁၅း၃၀ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အစည်းအဝေးခန်း၌ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူတော့မည့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဆရာဦးစိုးညွန့်အား ဂုဏ်ပြုနှုတ်ဆက်ပွဲလေးကျင်းပပြုလုပ်ကြပါတယ်။ အဲဒီဂုဏ်ပြုနှုတ်ဆက်ပွဲလေးမှာ ပြည်ထောင်စုတရားသူကြီးချုပ်က နှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။ 'ဆရာဦးစိုးစိုးညွန့်ဟာ တရားဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့လုပ်သက် ၄၇ နှစ်ခန့်ရှိသူဖြစ်ကြောင်း၊ တရားဌာနတွင် ယခင်တရားသူကြီးချုပ်ဦးအောင်တိုးသည် လုပ်သက်အများဆုံး တာဝန်ထမ်းဆောင်သွားသူဖြစ်ကြောင်း၊ ဆရာဦးစိုးညွန့်က ဒုတိယလုပ်သက်အများဆုံးတာဝန်ထမ်းရွက်သူဖြစ်ကြောင်း၊ ပြောင်းလဲအတည်ပြုခဲ့တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်စနစ်များပြောင်းလဲခဲ့ရာတွင် တချို့သောတရားရေးဝန်ထမ်းများသည် အခြားဌာနများသို့ကူးပြောင်းသွားကြသော်လည်း ဆရာဦးစိုးညွန့်သည် မည်သည့်ဌာနမျှပြောင်းသွားခြင်းမရှိဘဲ တရားဌာနမှာပင် စွဲစွဲမြဲမြဲတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း၊ အရာရှိငယ်ဘဝမှ အဆင့်ဆင့်ရာထူးများတိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့ရာ ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်အဆင့်ထိသာမက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပေါ်ထွန်းလာသည့်ကာလတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် တရားစီရင်ရေးတာဝန်ကို သက်ပြည့်အငြိမ်းစားယူသည်ထိ စွမ်းစွမ်းတမံတာဝန်ကျေပွန်စွာထမ်းရွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ဒါကြောင့် ဆရာဦးစိုးညွန့်အတွက် ဝမ်းသာဂုဏ်ယူရပါကြောင်း'စသည်ဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဆရာဦးစိုးညွန့်သည် တရားစီရင်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ရာတွင် တရားစီရင်ရေးသာမက တရားရုံးလုပ်ငန်းအရပ်ရပ်အတွက်လည်းကောင်း၊ တရားစီရင်ရာတွင်လည်းကောင်း၊ လိုက်နာရမည့်လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်၊ ကျင့်စဉ်စသည်များကို ထုတ်ပြန်ရေးအတွက် ဆောင်ရွက်ကြရာတွင်လည်း ဆရာက ဦးဆောင်ဦးရွက်ပြု၍ဆောင်ရွက်ခဲ့ပါသည်။ ဆရာနှင့်အတူဆောင်ရွက်ကြရသည့် တပည့်များအားလုံးကိုလည်း အမြဲတမ်းသွန်သင်ညွှန်ပြပေးခဲ့ပါသည်။ ထို့ကြောင့် တရားရေးဝန်ထမ်းများ၏သင်ဆရာ၊ မြင်ဆရာတစ်ဦးအဖြစ် အမြဲတမ်းအမှတ်ရနေမည်ဖြစ်ပါသည်။ ဆရာသည် တရားမညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်စဉ်က တရားရေးဝန်ထမ်းများအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သည့်စာပေလက်ဆောင်ဆောင်းပါးလေး တစ်ပုဒ်ရေးသားချန်ရစ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဆောင်းပါးလေးကို နောင်လာနောင်သားမျိုးဆက်သစ်တရားရေးဝန်ထမ်းများ၊ တရားသူကြီးညီငယ်၊ ညီမငယ်များဖတ်ဖူး၊ မှတ်ဖူးမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆရာက ပထမဦးဆုံးထုတ်ဝေခဲ့တဲ့တရားရေးဂျာနယ်အတွဲ(၁)၊ အမှတ်(၁)မှာရေးသားခဲ့လို့ပဲဖြစ်ပါသည်။ တရားရေးဂျာနယ်အတွဲ(၁)၊ အမှတ်(၁)ကို ၁၉၉၈ ခုနှစ်၊ ဩဂုတ် လမှာစတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ဒါကြောင့် သက်ပြည့်အငြိမ်းစားယူသွားတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဆရာဦးစိုးညွန့်ကို ဂုဏ်ပြုအမှတ်ရသောအားဖြင့် ဆရာ့ရဲ့ခွင့်ပြုချက်အရ ဆရာရေးသားခဲ့တဲ့ 'စီရင်ချက်ကောင်းကောင်းရေးရအောင်'ဆိုတဲ့ဒီဆောင်းပါးလေးကိုတပည့်တစ်ဦးဖြစ်တဲ့ ကျွန်မခင်မေရီက ဒီတစ်ပတ်ထုတ်ဝေမည့်တရားရေးဂျာနယ်တွင် ပြန်လည်ထည့်သွင်းဖော်ပြပေးခြင်းဖြစ်ပါတယ်။

**ခင်မေရီ(ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး)**

# 'စီရင်ချက်ကောင်းကောင်းရေးရအောင်'

■ စိုးညွန့်(ညွန်ကြားရေးမှူး) ■

တရားရုံးများသည် မှုခင်းများကို မှန်ကန်မျှတစွာစစ်ဆေးစီရင်ကြရသည်။ မှန်ကန်မျှတကြောင်းကိုလည်း အများ ပြည်သူမြင်တွေ့စေ၍ တရားရုံးများသို့ ပြည်သူတို့ယုံကြည်အားကိုးစေရပါသည်။ ထိုသို့ မှန်ကန်မျှတသော တရားစီရင်ရေးစနစ်ထွန်းကားလျှင် ပြည်သူတို့ကိုယ်စိတ်လုံခြုံ၍ ချမ်းမြေ့ကြပါသည်။ အချင်းချင်းစည်းလုံး ညီညွတ်ကြပါသည်။

တရားရုံးက မှုခင်းတစ်ရပ်ကိုစစ်ဆေးကြားနာပြီးသည့်အခါ စီရင်ချက်ချမှတ်ရသည်။ စီရင်ချက်ဆိုသည်မှာ အမိန့်၊ သို့မဟုတ် ဒီကရီကို မည်သည့်အတွက်ချမှတ်ရကြောင်းကို အကြောင်းအကျိုးအချက်အလက်နှင့်တကွ ထုတ်ဖော်ရေးသားချက်ဖြစ်ပါသည်။ တရားရုံးက မှန်ကန်စွာတရားစီရင်သည်ကို အများပြည်သူတို့သိရှိစေရန် စီရင်ချက်ဖြင့် ကြေညာလိုက်ခြင်းလည်းဖြစ်ပါသည်။ တရားရုံး၏စီရင်ချက်များသည် ပြည်သူတို့အား ဥပဒေဗဟုသုတပညာပေးသည့်စာစောင်များလည်း ဖြစ်ကြသည်။ ထို့ကြောင့် တရားရုံးများသည် အမှုတိုင်းတွင် မှန်ကန်သည့်စီရင်ချက်များချမှတ် နိုင်ရန်လိုအပ်ပေသည်။

စီရင်ချက်ကောင်းတစ်ခုဖြစ်ရန် အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံရန်လိုသည်။

(၁) အမှန်တရားကို ထုတ်ဖော်တင်ပြနိုင်ခြင်း

အမှုသည်တို့သည် တရားရုံးများတွင် အမှတ်တရားကိုရရှိလိမ့်မည်ဟူသောမျှော်လင့်ချက်ဖြင့် တရားရုံးများသို့ရောက်ရှိလာကြခြင်းဖြစ်သည်။ ထို့ကြောင့် တရားရုံးများသည် အမှန်တရားကိုအစွမ်းကုန်ထုတ်ဖော်၍ ထိုအမှန်တရားပေါ်တွင်အခြေပြုကာ စီရင်ဆုံးဖြတ်ရန်အရေးကြီးပေသည်။ အမှန်တရားဖော်ထုတ်ရာတွင် နှစ်ဖက်အမှုသည်တို့တင်ပြသည့်အချက်အလက်တို့ကိုသာ လက်ခံဆုံးဖြတ်ရန်မဟုတ်ပါ။ အမှန်ကိုဆုံးဖြတ်နိုင်ရန်လိုအပ်သည့်အချက်အလက် အပြည့်အစုံရရှိအောင်ဆောင်ရွက်ပြီး တိကျပြတ်သားစွာဆုံးဖြတ်ရန်လိုပါသည်။ အမှန်တရားကိုဖော်ထုတ်ဆုံးဖြတ်သည့်စီရင်ဆုံးဖြတ်ချက်တို့ကိုသာ ပြည်သူတို့က ယုံကြည်ကိုးစားကြမည်ဖြစ်ပါသည်။

(၂) ဖတ်ရှုသူတိုင်းနားလည်ခြင်း

ဖတ်ရှုသူနားမလည်သည့်စီရင်ချက်သည် စီရင်ချက်ကောင်းမဟုတ်၊ ပညာရပ်ဆန်လွန်းပြီး ဥပဒေစကားလုံးစကားကြီး၊ စကားကျယ်နောက်သို့လိုက်သည့်စီရင်ချက်ကို ပြည်သူတို့ နားမလည်ကြပါ။ စီရင်ချက်ဟူသည် ရေးသားသူတရားသူကြီးတော်ကြောင်း၊ တတ်ကြောင်း၊

ပညာပြရန်မဟုတ်။ မှန်ကန်မျှတစွာစီရင်သည်ကို ပြည်သူများနားလည်ရန်မှာ အဓိကကျပါသည်။

(၃) အရေးအသားရှင်းလင်းပြေပြစ်ခြင်း

ဖတ်ရှုနားလည်ရန်မှာ အရေးအသားရှင်းလင်းပြေပြစ်ရန်လိုပေသည်။ အရေးအသားရှင်းလင်းပြေပြစ်ခြင်းမရှိလျှင် ဆိုလိုသည့်အဓိပ္ပာယ်ကိုမရောက်နိုင်၊ အစအဆုံးဖတ်သော်လည်း အဓိပ္ပာယ်ကိုနားမလည် နိုင်သည့်စီရင်ချက်အများအပြားရှိပေသည်။ အရေးအသားရှင်းလင်းပြေပြစ် ခြင်းသည် စီရင်ချက်ကောင်းတစ်ခု၏အင်္ဂါရပ်တစ်ခုဖြစ်သည်။

(၄) ဖောင်းပွမှုမရှိ ကျစ်လစ်သိပ်သည်းခြင်း

အချို့စီရင်ချက်များသည် ရှည်လျားထွေပြားသော်လည်း အနှစ်သာရမရှိ၊ စာမျက်နှာ ၁၀ မျက်နှာခန့်ရှိသည့်စီရင်ချက်တွင် ၉ မျက်နှာလောက်သက်သေထွက်ချက်များကို ကူးယူရေးသားထားတတ်ကြသည်။ သုံးသပ်ဝေဖန်ချက်မှာ တစ်မျက်နှာပင်မပြည့်နိုင်၊ သုံးသပ်ဝေဖန်မှုမရှိ၊ ကျိုးကြောင်းဆက်စပ်မှုမပြဘဲ သက်သေထွက်ချက်ကို ကူးရုံသာကူးရေးသည့် စီရင်ချက်သည် ဖောင်းပွသည့်စီရင်ချက်သာဖြစ်သည်။ ကျစ်ကျစ်လစ်လစ်၊ သိပ်သိပ်သည်းသည်းရေးနိုင်ခြင်းသည် စီရင်ချက်ကောင်းတစ်ခု၏ဂုဏ်တစ်ခုပင်။

(၅) သုံးသပ် တင်ပြပုံကောင်းခြင်း

သုံးသပ်တင်ပြပုံကောင်းသည့်စီရင်ချက်သည် ဖတ်ရှုသူကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ဖတ်ရှုသူသည် စီရင်ချက်တွင် စိတ်ပါဝင်စားပြီးစီရင်ဆုံးဖြတ်သည့်အခါ အကျိုးသင့်အကြောင်းသင့်တင်ပြချက်ကိုနှစ်ခြိုက်မဆုံးရှိတတ်သည်။ တင်ပြပုံကောင်းသည်ဆိုရာတွင် အချက်အလက်များကို ပြည့်ပြည့်စုံစုံတင်ပြနိုင်ခြင်းနှင့်ဥပဒေကို မှန်ကန်ကိုက်ညီစွာသုံးသပ်နိုင်ခြင်းဖြစ် သည်။ အချက်အလက်များသည် အမျိုးမျိုးအဖုံဖုံရောပြွန်းနေရာမှ ဆန်မှဆန်ကွဲကို ရွေးချယ်ခွဲခြားသကဲ့သို့ အမှန်နှင့်အမှားကိုလည်း ခွဲခြားချိန်ဆနိုင်ရသည်။ အချက်အလက်တစ်ခုသည် ဥပဒေအရ မည်သို့မည်ပုံအကျိုးသက်ရောက်သည်ကို သုံးသပ်ရန်မှာလွယ်ကူသည်မဟုတ်။ ဥပဒေတွင် ကျွမ်းကျင်နှံ့စပ်သူသာအချက်အလက်နှင့်ဥပဒေပြဋ္ဌာန်းချက်တို့ကိုညီညွတ်စွာပေါင်းစပ်တင်ပြနိုင်ပေသည်။

(၆) အထောက်အထားအကိုးအကားခိုင်မာခြင်း

စီရင်ဆုံးဖြတ်ချက်တစ်ရပ်သည် ဥပဒေနှင့်ညီညွတ်ရန်လိုသည်။ လိုအပ်သည့်အခါ ဥပဒေပြဋ္ဌာန်းချက်ကိုထည့်သွင်းဖော်ပြရသည်။ ဥပဒေကိုအဓိပ္ပာယ်ကောက်ယူရာတွင် လမ်းညွှန်မှုလိုအပ်လျှင်ဆီလျော်ရာ မြန်မာနိုင်ငံစီရင်ထုံးတို့ကို သုံးသပ်ကိုးကားနိုင်သည်။ သို့ရာတွင် တစ်မှုနှင့်တစ်မှုအကြောင်းခြင်းရာ၊ ဖြစ်ပျက်ပုံအခြေနေတို့သည် ထပ်တူထပ်မျှတူညီသည် မဆိုနိုင်သဖြင့် စီရင်ထုံးတို့၏လမ်းညွှန်မှုကို သတိကောင်းစွာထား၍ခံယူရသည်။ စီရင်ထုံးကို

ကိုးကားရာတွင် စီရင်ချက်အပြည့်အစုံကို ဖတ်ရှုမှသာလျှင် အမှုအချက်အလက်တို့ကို သိမြင်နိုင်သည်။ ခေါင်းစီးမှတ်ချက်တို့သည် အကြောင်းအရာဆုံးဖြတ်ချက်တို့ကို အရိပ်ပြခြင်းမျှသာပြုနိုင်သည်။ စီရင်ထုံးပါအမှုအကြောင်းအရာနှင့်ဆုံးဖြတ်ရန် အမှုအကြောင်းအရာတို့ကို ကောင်းစွာနှိုင်းယှဉ်ရသည်။ ပြီးမှသာ စီရင်ထုံး၏လမ်းညွှန်မှုကိုယူသင့်သလောက်ယူအပ်သည်။ စီရင်ထုံးနောက်သို့ဆုံးဖြတ်ရန် အမှု၏အကြောင်းခြင်းရာက လိုက်ရန်မဟုတ်၊ အမှုအကြောင်းခြင်းရာကို ဥပဒေနှင့်စပ်ဟပ်ရာတွင် အခက်အခဲရှိသရွေ့သာလျှင် စီရင်ထုံးမှ ဆီလျော်သမျှကောက်ယူရန်ဖြစ်သည်။ စီရင်ထုံးကိုကိုးကားနိုင်မှ စီရင်ချက်ကောင်းဖြစ်သည်မဟုတ်၊ ဆိုင်ရာပြဋ္ဌာန်းချက်ကိုအခြေပြုသည့်စီရင်ချက်သည် ခိုင်မာပေသည်။

(၇) ချမှတ်သည့်ရုံးအဆင့်အတန်းနှင့်ကိုက်ညီခြင်း

စီရင်ချမှတ်သည့်ရုံး၏ဂုဏ်အင်္ဂါနှင့်ညီညွတ်သည့်စီရင်ချက်ဖြစ်ရန်လည်းလိုသည်။ မြို့နယ်တရားရုံး၏စီရင်ချက်သည် မြို့နယ်တရားရုံးအဆင့်နှင့်ကိုက်ညီရသည်။ တိုင်းတရားရုံးက ချမှတ်သည့်စီရင်ချက်သည် တိုင်းတရားရုံးအဆင့်ရှိရသည်။ တရားရုံးချုပ်၏စီရင်ချက်သည် တရားရုံးချုပ်ဂုဏ်သိက္ခာကို ထင်ဟပ်ဖော်ပြနိုင်ရမည်ဖြစ်သည်။ တရားရုံးချုပ်က ချမှတ်သည့် စီရင်ချက်များအနက် ထုံးမှီစံကိုက်စီရင်ချက်တို့ကိုရွေးချယ်၍စီရင်ထုံးဖွဲ့ပါသည်။ စီရင်ထုံးများကို တရားရုံးများက အားကိုးအားထားပြုကြသည်ဖြစ်၍ အဆင့်အတန်းမြင့်မားသည့် စီရင်ချက်ကောင်းများပေါ်ထွန်းရန်လိုအပ်ပေသည်။

ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်အောင်မြင်ဖြစ်ထွန်းရန် စီရင်ချက်များသည် အဓိကအခန်းမှပါဝင်နေသည်။ စီရင်ချက်သည် မှန်ကန်မျှတခြင်း၏မှတ်ကျောက်ဖြစ်သည်။ တရားရုံး၏စီရင်ဆုံးဖြတ်ချက်တို့သည် မှန်ကန်မျှတသည်နှင့်အမျှ ပြည်သူတို့က တရားရုံးများကို ပိုမိုအားကိုးအားထားပြုကြပေလိမ့်မည်။ တရားစီရင်ရေးတာဝန်ထမ်းဆောင်နေကြသူများသည် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် အောင်မြင်ရေးအတွက် 'စီရင်ချက်ကောင်းကောင်း'ရေးသားခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်လှပါသတည်း"။ ။

***စိုးညွန့်(ညွှန်ကြားရေးမှူး)***



# တရားဥပဒေစိုးမိုးရေး(Rule of Law)နှင့် လွတ်လပ်စွာတရားစီရင်ရေး(Judicial Independence)

**ဒေါ်အေးအေးမွန်**

တရားဥပဒေစိုးမိုးရေးနှင့်လွတ်လပ်စွာတရားစီရင်ရေးသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်အကျိုးပြုလျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေး၊ သို့မဟုတ် တရားဥပဒေ၏သြဇာတည်မှု(Rule of Law)သည် လွတ်လပ်သော နိုင်ငံတိုင်းအတွက် မရှိမဖြစ်အမှန်လိုအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်လည်း တရားဥပဒစိုးမိုးရေးနှင့်လွတ်လပ်စွာ တရားစီရင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအခြေခံဥပဒေ အခန်း(၁)ပုဒ်မ၁၉(က)၌ တရားစီရင်ရေးအခြေခံမူတွင် 'ဥပဒေနှင့်အညီလွတ်လပ်စွာ တရားစီရင်ရေး'ဟု အတိအလင်းထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ၂၀၁၀ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအခန်း (၂)ပုဒ်မ ၃ တွင် တရားစီရင်ရေးဆိုင်ရာမူများကို ပြဋ္ဌာန်းထားရာ 'ဥပဒေနှင့်အညီလွတ်လပ်စွာ တရားစီရင် ရေး'ဟူသောအခြေခံမူတစ်ရပ်ကို ပထမဦးစားပေးအနေနှင့်ထည့်သွင်းထားသည်ကိုတွေ့ရပါသည်။ 'တရားစီရင်ရေးတွင် ဥပဒေနှင့်အညီလွတ်လပ်စွာစီရင်ပိုင်ခွင့်ရှိရသည်'ဟု ပြဋ္ဌာန်းရခြင်းသည် တရားစီရင်ရေး အပေါ်တွင် အာဏာရှိသည့်ပုဂ္ဂိုလ်များကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ ဝင်ရောက်ခြယ်လှယ်ခြင်း၊ သြဇာလွှမ်းမိုးလာ ခြင်းမရှိစေရန်နှင့် တည့်မတ်မှန်ကန်စွာတရားစီရင်နိုင်ရန်ဖြစ်ပေသည်။ သို့ဖြစ်၍ တရားစီရင်ရေးတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာစီရင်နိုင်ခွင့်ရှိရမည်ဟု ပြဋ္ဌာန်းထားရခြင်းဖြစ်သည်။

တရားဥပဒေစိုးမိုးရေး(Rule of Law)၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေး(Rule of Law)ဆိုသည်မှာ အများပြည်သူနှင့်နိုင်ငံတော်၏အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်သောတရားမျှတမှုရှိသည့် ဥပဒေများဖြစ်ထွန်းပေါ်ပေါက်ရေးနှင့်ယင်းဥပဒေများကို ပြည်သူအားလုံးက လိုက်နာကျင့်သုံးရေးကိုဆိုသည်။ ဥပဒေကိုတာဝန်ယူအကောင်ထည်ဖော်သူများ ကိုယ်တိုင်ဥပဒေနှင့်အညီလိုက်နာကျင့်သုံးပြီး ပြည်သူအားလုံးကလိုက်နာကျင့်သုံးစေရန်ဆောင်ရွက်ခြင်းဖြစ်သည်။ တရားဥပဒေစိုးမိုးမှုရှိစေရန် ဥပဒေဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ မှန်ကန်ဖြောင့်မတ်စွာအရေးယူဆောင်ရွက်ခြင်းနှင့် ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၁၈–၄–၂၀၁၄ တွင်ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်းတွင် တရားစီရင်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ 'တရားစီရင်ရေးမဏ္ဍိုင်ကြီးဟာ တည့်မတ်ဖို့၊ ထိရောက်ဖို့ အင်မတန်မှအရေးကြီးပါတယ်၊ တရားစီရင်ရေးနဲ့ပတ်သက်လို့ဆိုလို့ရှိရင် တရားမျှတမှုရှိရမယ်။ နိုင်ငံတကာကလက်ခံထားတဲ့ စံနှုန်းတွေနဲ့ကိုက်ညီရမယ်။ တရားမျှတမှုဆိုတာဟာ မျှတတဲ့တရားစီရင်ခြင်းဆိုတာ အဆိုရှိပါတယ်။ လုပ်ရုံတင်နဲ့ မပြီးဘူး။ လုပ်ပါတယ်ဆိုတာ ထင်ရှားရမယ်။ တရားမျှတရုံနဲ့မလုံလောက်ဘူး။ တရားမျှတခြင်းရှိပါတယ်ဆိုတာထင်သာမြင်သာဖြစ်ရပါလိမ့်မယ်။ အဲဒါကတော့ အခြေခံတစ်ခုပါပဲ။ နောက်တစ်ခုက တရားဥပဒေစိုးမိုးရေးအတွက် အင်မတန်အရေးကြီးတဲ့မူတစ်ခုကတော့ မည်သူမဆိုအပြစ်ရှိတယ်ဆိုတာကို ခိုင်လုံတဲ့သက်သေသာဓကမရှိလို့ရှိရင် အပြစ်မဲ့လို့သတ်မှတ်ရပါလိမ့်မယ်။ ဒါဟာ တရားဥပဒေရဲ့ အခြေခံလိုအပ်တဲ့မူတစ်ခုရှိပါတယ်။ အပြစ်ရှိတဲ့လူများပင်လျှင် တရားဥပဒေအရ စီရင်တဲ့အခါမှာ တရားဥပဒေ ထိရောက်မှုကို အကြင်နာကရုဏာနဲ့ပျော့ပျောင်းအောင်လုပ်ရမယ်ဆိုတဲ့အဆိုလည်းရှိပါတယ်'ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

တရားစီရင်ရေးစနစ်က ပြည်သူများ၏အကျိုးစီးပွားကို အကာအကွယ်ပေးခြင်းအားဖြင့် ပြည်သူတို့သည် ဥပဒေရေးရာတွင် တရားမျှတမှုအပြည့်အဝရရှိကြမည်ဖြစ်ပေသည်။ ပြည်သူတို့ခံစားခွင့်ရှိသောအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ပြည်သူတို့ခံစားနိုင်ကြစေရန်လည်း တရားရုံးများက ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပေသည်။ တရားဥပဒေစိုးမိုးမှု(Rule of Law)ရှိရန်မှာ လွတ်လပ်စွာတရားစီရင်နိုင်မှုအပေါ်တွင်မူတည်နေပြီး တရားစီရင်ရေးတွင်လည်း တရားရုံးများ(Courts)သည် အရေးကြီးသောကဏ္ဍမှပါဝင်နေပါသည်။ တရားရုံးများမှာ တရားဥပဒေနှင့်အညီ လွတ်လပ်ဖြောင့်မှန်စွာစီရင်နိုင်မှသာ ပြည်သူပြည်သားများအနေဖြင့် တရားဥပဒေ၊ တရားရုံးအပေါ်ယုံကြည်အားကိုးမှုရှိလာပြီး တရားဥပဒေစိုးမိုးမှု(Rule of Law)သည် အပြည့်အဝဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ဆောင်နေသည့် နိုင်ငံတစ်ခုဖြစ်သည့်အလျောက် တရားစီရင်ရေးသည်လည်း ပြောင်းလဲလာသည့်စနစ်နှင့်လိုက်လျောညီထွေရှိစေရန် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးအာဏာကိုကိုယ်တွယ်ဆောင်ရွက်နေသည့်တရားသူကြီးများလိုက်နာရန်အတွက် တရားစီရင်ရေးကျင့်ဝတ်ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီးများကျင့်ဝတ်ကို ပြဋ္ဌာန်းခဲ့ရာ လွတ်လပ်မှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြဆိုထားသည်။

(က) တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးဆုံးဖြတ်ချက်တိုင်းကို ဥပဒေနှင့်အညီ လွတ်လပ်စွာချမှတ်ရမည်။

(ခ) တရားသူကြီးများသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မစပ်ဆိုင်သောလွှမ်းမိုးမှု၊ မက်လုံးပေးမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊ သို့မဟုတ် ဝင်ရောက်စွက်ဖက်မှုတို့မှကင်းရှင်းပြီး ဥပဒေကိုကောင်းစွာသိနားလည်ပြီး အချက်အလက်မှန်များအပေါ် ၎င်း၏ချင့်ချိန်သုံးသပ်မှုကိုအခြေခံ၍ လွတ်လပ်စွာဆောင်ရွက်ရမည်။

(ဂ) တရားသူကြီးများသည် အစိုးရဌာနအဖွဲ့အစည်းများဖြစ်သောအုပ်ချုပ်ရေးနှင့်ဥပဒေပြုရေးတွင် ပါဝင်သောပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်သီးခြားစီဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ မဆီလျော်သောလွှမ်းမိုးခံရမှုများမှ ကင်းရှင်းရမည့်အပြင် အကြောင်းအကျိုးဆင်ခြင်တတ်သူတစ်ဦးအနေဖြင့်လည်း ယင်းသို့ကင်းရှင်းကြောင်းမြင်သာစေမည်။

(ဃ) တရားသူကြီးများသည် ယေဘုယျအားဖြင့် လူမှုအသိုင်းအဝန်းနှင့်ဖြစ်စေ၊ မိမိစီရင်ဆုံးဖြတ်ရမည့် အမှုမှ အမှုသည်များနှင့်ဖြစ်စေ အနှောင်အဖွဲ့ကင်းရမည်။

(င) တရားသူကြီးများသည် မိမိ၏မိသားစုမှဖြစ်စေ၊ လူမှုရေး၊ သို့မဟုတ် အခြားသောဆက်ဆံမှုအရဖြစ်စေ၊ တရားစီရင်ရေးဆောင်ရွက်ချက်နှင့်စီရင်ချက်ချမှတ်ခြင်းတို့အပေါ်လွှမ်းမိုးခြင်းကို မပြုရ။

(စ) တရားသူကြီးများသည် မိမိ၊ သို့မဟုတ် မိသားစုဝင်တစ်ဦးဦး၏ သို့မဟုတ် အခြားသူတစ်ဦးဦး၏အကျိုးစီးပွားတိုးတက်စေရန်ရည်ရွယ်၍ တရားစီရင်ရေးဆိုင်ရာ ရာထူးဂုဏ်ဒြပ်ကိုအသုံးပြုခြင်း၊ သို့မဟုတ် အခြားသူအား အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရ။ တရားသူကြီးသည် တရားစီရင်ရေး တာဝန်ကိုဆောင်ရွက်ရာတွင် ၎င်းအပေါ်အထူးဩဇာအာဏာရှိသူတစ်ဦးဦးက လျော်ကန်သင့်မြတ်မှုမရှိသော လွှမ်းမိုးမှုရှိကြောင်း မိမိ၏ထင်မြင်ချက်ကိုအခြားသူများအား ထုတ်ဖော်ပြောကြားခြင်း မပြုရ။ ထို့အပြင် အခြားသူများက ယင်းသို့ထုတ်ဖော်ပြောကြားခြင်းကိုလည်းခွင့်မပြုရ။

(ဆ) တရားသူကြီးတစ်ဦးသည် တရားရေးဆိုင်ရာလုပ်ဖော်ကိုင်ဖက်များ၏ မလျော်ကန်သောလွှမ်းမိုးမှုကို လက်မခံဘဲ စီရင်ဆုံးဖြတ်ချက်များအား လွတ်လပ်စွာဆောင်ရွက်ရမည်။

(ဇ) တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးလုပ်ငန်းတာဝန်ကိုထမ်းဆောင်ရာတွင် လွတ်လပ်စွာ တရားစီရင်ရေးမှုကိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်အားပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း ပြုရမည်။

တရားစီရင်ရေးလွတ်လပ်မှုသည် တရားစီရင်ရေးစနစ်တစ်ခုအတွက် အရေးကြီးသည့်ဂုဏ်အင်္ဂါရပ်တစ်ခု ဖြစ်သည်။ လွတ်လပ်မှုဟုဆိုရာတွင် အပိုင်း(၃)ပိုင်းခွဲခြားနိုင်သည်။ ပထမတွင် အာဏာခွဲဝေမှု( Separation of Power)သဘောတရားအရ လွတ်လပ်မှုရှိရန် လိုအပ်ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ တရားဥပဒေစိုးမိုးမှု (Rule of Law) အားကောင်းစေရန်အတွက် လွတ်လပ်မှုရှိရန်လိုအပ်ခြင်းဖြစ်သည်။ တတိယအချက်မှာ အမှုစစ်ဆေးစီရင်ရာတွင် တရားမျှတမှုရှိပြီး ဘက်လိုက်မှုကင်းစေရန်( Fair and Impartial)အတွက်ဖြစ်သည်။ တရားစီရင်ရေး လွတ်လပ်မှုဟူသည် တရားစီရင်ရေးကို အခြားသောအစိုးရအဖွဲ့အစည်းများမှ ကင်းလွတ်စေရန် ခွဲခြားထားသည့် သဘောတရားတစ်ခုပင်ဖြစ်သည်။ ထိုသို့ခွဲခြားထားခြင်းသည် တရားစီရင်ရေးအပေါ် အစိုးရအဖွဲ့အစည်းများ၏ သို့မဟုတ် တစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မလျော်သောလွှမ်းမိုးမှုများ မသက်ရောက်စေရန်ဖြစ်သည်။ နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို အမျိုးမျိုးပုံဖော်လေ့ရှိကြသည်။ တရားသူကြီးများရွေးချယ်ခန့်ထားမှုတွင် လွတ်လပ်စွာရွေးချယ်မှုပြုခြင်းသည် အဆိုပါမူသဘောကိုပေါ်လွင်စေသည့်အချက်ဖြစ်သည်။ ထင်ရှားသည့် အချက်မှာ တရားသူကြီးများ၏ရာထူး အနွယ်ဆက်ခံပိုင်ခွင့် တစ်နည်းအားဖြင့် အချိန်ကာလအပိုင်းအခြား ကြာမြင့်စွာတာဝန်ထမ်းဆောင်ခွင့်ပြုထားခြင်းသည် ထင်ရှားသည့်အချက်တစ်ရပ်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံအများစုတွင် အမြင့်ဆုံးတရားရုံးရှိ တရားသူကြီးများကို အုပ်ချုပ်ရေးဘက်ကရွေးချယ်ကြပြီး ၎င်းတို့အား ရာထူးမှဖယ်ရှားခြင်းကို ဥပဒေပြုအဖွဲ့မှ ဆောင်ရွက်ခွင့်ပေးထားပါသည်။ လွတ်လပ်စွာတရားစီရင်ရေး ရရှိစေရန်အတွက် တရားသူကြီးများ၏ရာထူးသက်တမ်းကိုလည်း ရှည်လျားစွာ သတ်မှတ်ထားလေ့ရှိပါသည်။ သို့မှသာ တရားသူကြီးလုပ်သူများအနေဖြင့် နောက်တစ်ကြိမ်ပြန်လည်အရွေးခံရမည့်အရေးကိုမျှော်ကိုးကာ မိမိကိုပြန်လည်ရွေးချယ်ပိုင်ခွင့်ရှိသူများ၏အလိုအတိုင်း အမှုများကို စီရင်ဆုံးဖြတ်ခြင်းမှကင်းဝေးစေမည် ဖြစ်သည်ဟုယုံကြည်ထားကြကြောင်းသိရှိရပါသည်။ တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည့် တရားရုံးများ လွတ်လပ်မှုရှိစေရန်အတွက် တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲရေးနှင့်တရားစီရင်ရေးဆိုင်ရာ ရန်ပုံငွေများကိုတရားရုံးများက လွတ်လပ်စွာစီမံခန့်ခွဲခွင့်ပေးထားလေ့ရှိသည်ဟု ၁၉၈၃ ခုနှစ်တွင် ကျင်းပခဲ့သော မွန်ထရီယယ်ကြေငြာချက်တွင် တရားစီရင်ရေးလွတ်လပ်မှု၏အနိမ့်ဆုံးစံနှုန်းများကိုပြဆိုထားပြီး ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ တရားစီရင်ရေးလွတ်လပ်မှုအခြေခံစည်းမျဉ်းများတွင်လည်း မွန်ထရီယယ်ကြေငြာချက်ကိုပင်အခြေပြုလျှက် ပြဋ္ဌာန်းထားပါသည်။ ပြစ်မှုများ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ၁၉၈၅ ခုနှစ်တွင်ကျင်းပခဲ့သော (၇)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂကွန်ဂရက် တွင်တရားစီရင်ရေးလွတ်လပ်မှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

(က) တရားစီရင်ရေးတွင် လွတ်လပ်မှုရှိရေးကို နိုင်ငံများက တာဝန်ခံရမည့်အပြင် နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ သို့မဟုတ် နိုင်ငံ၏ဥပဒေတွင်အလေးထားပြဆိုထားရမည်။ ဤသည်မှာ အစိုးရနှင့်အခြားအဖွဲ့အစည်းများက လေးစားလိုက်နာစောင့်ထိန်းရမည့်တာဝန်တစ်ရပ်ဖြစ်သည်။

(ခ) တရားစီရင်ရေးသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ မည်သို့သောကန့်သတ်မှု၊ မလျော်မကန်လွှမ်းမိုးမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်စွက်ဖက်မှုများကင်းလွတ်၍ တရားဥပဒေနှင့်အညီ တင်ပြလာသည့်အကြောင်းအချက်အလက်များအပေါ်အခြေပြုလျှက် ဘက်လိုက်မှုမရှိဘဲ မျှတစွာစီရင်ဆုံးဖြတ်ရမည်။

(ဂ) တရားစီရင်မှုသည် တရားစီရင်မှုသဘောပါသောပြဿနာအားလုံးအပေါ် စစ်ဆေးစီရင်ခွင့်ရှိပြီး စီရင်ဆုံးဖြတ်ရန်တင်ပို့လာသည့် ပြဿနာအပေါ် ဥပဒေအရသတ်မှတ်ထားချက်နှင့်အညီ စစ်ဆေးစီရင်ရန်သီးသန့်အခွင့်အာဏာရှိသည်။

(ဃ) တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ ဆုံဖြတ်ချက်ချမှတ်ရာတွင်လည်းကောင်း၊ မလျော်ကန်သောဝင်ရောက်စွက်ဖက်မှု၊ အခွင့်အာဏာမရှိဘဲ ဝင်ရောက်နှောက်ယှက်မှုများ မရှိစေရ။ အဆိုပါစည်းမျဉ်းသည် အခွင့်အာဏာရှိသူအာဏာပိုင်က တရားစီရင်မှုအရ ပြန်လည်သုံးသပ်ခြင်း၊ ချမှတ်ထားသည့်ပြစ်ဒဏ်ကိုလျှော့ပေါ့ပေးခြင်းကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့်မသက်ဆိုင်။

(င) မည်သူမဆို ဥပဒေကျင့်ထုံးများနှင့်အညီ တည်ထောင်ထားသည့်ခုံရုံးများ၊ သို့မဟုတ် တရားရုံးများတွင် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။ ဥပဒေကျင့်ထုံးများအသုံးပြုခြင်းမရှိသည့် ခုံရုံးများကို တရားရုံးများကဲ့သို့ တည်ထောင်ထားခြင်းမပြုရ။

(စ) တရားစီရင်ရေးလွတ်လပ်မှု မူသဘောအရ တရားစီရင်ရာတွင် တရားမျှတစွာစီရင်ရမည်၊ အမှုသည်များ၏အခွင့်အရေးကို လေးစားလိုက်နာမည်ဟု သေချာစွာလုပ်ဆောင်ထားရန်လိုအပ်သည်။

(ဆ) အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းသည် တရားစီရင်ရေးက ၎င်း၏လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်အလို့ငှာ လုံလောက်သောအရင်းအမြစ်များကို ဖြည့်ဆည်းဆောင်ရွက်ထားရမည်။

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလတွင် နယ်သာလန်နိုင်ငံ The Hague မြို့၊ တရားသူကြီးချုပ်များညီလာခံမှ အတည်ပြုခဲ့သည့် ဘန်ဂလောအခြေခံမူ(Bangalore Principle)တွင်လည်း တရားစီရင်ရေးကျင့်ဝတ်ကို အတည်ပြုထုတ်ပြန်ထားရာ ယင်းတွင် တရားစီရင်ရေးလွတ်လပ်မှုနှင့်စပ်လျဉ်း၍ တရားစီရင်ရေးလွတ်လပ်မှုသည် တရားဥပဒေစိုးမိုးရေးအတွက် အခြေခံလိုအပ်သည့်အချက်ဖြစ်ပြီး တရားမျှတစွာစစ်ဆေးဆောင်ရွက်မှုအတွက် အာမခံသည့်အချက်ဖြစ်ကြောင်း၊ တရားသူကြီးများသည် တစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ တရားစီရင်ရေးလွတ်လပ်မှုကို ကိုင်စွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အချက်(၆)ချက်ကို ပြဆိုထားသည်။ ၎င်းတို့မှာ –

(က) တရားသူကြီးတစ်ဦးသည် တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ၊ သို့မဟုတ် မည်သို့သောအကြောင်းပြချက်အရဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြင်ပမှ လွှမ်းမိုးမှု၊ သွေးဆောင်မှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊ စွက်ဖက်မှုတို့မှကင်းလွတ်ပြီး ဥပဒေကို ၎င်းကိုယ်တိုင်ဉာဏ်အမြော်အမြင်ရှိစွာဖြင့် သိရှိနားလည်ထားသည်နှင့်အညီ အချက်အလက်များအပေါ်အခြေပြု၍ လွတ်လပ်စွာတရားစီရင်မှုကိုဆောင်ရွက်ရမည်။

(ခ) တရားသူကြီးတစ်ဦးသည် ယေဘုယျအားဖြင့် လူမှုအဖွဲ့အစည်းနှင့်ပတ်သက်၍လည်းကောင်း၊ ၎င်းကိုင်တွယ်စစ်ဆေးရမည့်အငြင်းပွားမှုတွင် ပါဝင်သောအမှုသည်များနှင့်ပတ်သက်၍လည်း

ကောင်း အနှောင်အဖွဲ့ကင်းရမည်။

(ဂ) တရားသူကြီးတစ်ဦးသည် စီမံခန့်ခွဲရေးအဖွဲ့၊ ဥပဒေပြုရေးအဖွဲ့များ၏မလျော်မကန်လွှမ်းမိုး ဆက်ဆံမှုများမှကင်းလွတ်ရမည်သာမက ထိုသို့ကင်းလွတ်ကြောင်းလည်း ကျိုးကြောင်းဆင်ခြင် တတ်သူတစ်ဦး၏အမြင်တွင် မြင်သာထင်ရှားမှုရှိရမည်။

(ဃ) တရားစီရင်ရေးတာဝန်ကိုဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် တာဝန်ရှိသည့်အတိုင်း လွတ်လပ်စွာစီရင်ဆုံးဖြတ်မှုပြုရာတွင် မိမိ၏တရားစီရင်ရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ၏ လွှမ်းမိုးမှုမှကင်းလွတ်၍ လွတ်လပ်စွာဆောင်ရွက်ရမည်။

(င) တရားသူကြီးတစ်ဦးသည် ၎င်း၏တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အဖွဲ့အစည်းပိုင်းဆိုင် ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာတွင် တရားစီရင်ရေးလွတ်လပ်မှုကိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန် အားပေးထောက်ပံ့မှုပြုရမည်။

(စ) တရားစီရင်ရေးလွတ်လပ်မှုကိုထိန်းသိမ်းရန် အခြေခံဖြစ်သောတရားစီရင်ရေးအပေါ် ပြည်သူများ ၏ယုံကြည်ကိုးစားမှုတိုးတက်လာရေးအတွက် တရားသူကြီးတစ်ဦးချင်းက အဆင့်အတန်းမြင့်မား သည့်တရားစီရင်ရေးကျင့်ဝတ်ကိုပြသ၍ တိုးတက်အောင်ပြုရမည်။

အထက်ပါအချက်များအရကြည့်လျှင် တရားစီရင်ရေးရေးလွတ်လပ်မှုသည် တရားသူကြီးတစ်ဦးချင်း ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့်ဖြစ်စေ၊ အကြောက်တရားနှင့်အချုပ်အချယ်အနှောင်အဖွဲ့များမှ ကင်းလွတ်ပြီး မိမိ၏အသိဉာဏ်အမျှော်အမြင်ဖြင့် အကြောင်းခြင်းရာနှင့်ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုကာ တရားမျှတမှုကို ဖော်ပြခြင်းပင်ဖြစ်သည်ဟုဆိုရပေမည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြဋ္ဌာန်းပေးခဲ့ သော တရားစီရင်ရေး ကျင့်ဝတ်ပါလွတ်လပ်မှုသည် နိုင်ငံတကာစံနှုန်းနှင့်အညီ ပြဋ္ဌာန်းပေးခဲ့သောကျင့်ဝတ် များပင်ဖြစ်ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်သည်။

၎င်းအပြင် လွတ်လပ်စွာတရားစီရင်ခွင့်ဆိုသည်မှာ ဥပဒေနှင့်အညီ စစ်ဆေးခြင်းနှင့်ပြင်ပအနှောက်အယှက် ကင်းမဲ့စွာဖြင့် တရားစီရင်နိုင်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ တရားရုံးများတွင် အမှုလိုက်ရှေ့နေများက ဥပဒေနှင့်အညီ လွတ်လပ်စွာစစ်မေးမြန်းနိုင်ခွင့်၊ သက်သေများကလည်း လွတ်လပ်မှန်ကန်စွာထွက်ဆိုနိုင်ခွင့်၊ တရားရုံးများကလည်း လွတ်လပ်စွာစစ်ဆေးကြားနာဆုံးဖြတ်နိုင်ခွင့်ရှိရန် လိုပါသည်။ ထိုသို့ ဆောင်ရွက်နိုင် ရန်မှာ တရားရုံးများ၊ နစ်ဖက်အကျိုးဆောင်များ၊ နစ်ဖက်အမှုသည်များနှင့်နစ်ဖက်သက်သေများ၏တာဝန် ပင်ဖြစ်ပြီး ၎င်းတို့အနေဖြင့် တာဝန်ကျေရန်လိုကြောင်းကို 'မောင်ချစ်ထွေးပါ (၄)နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံအမှု[၁]'တွင် အောက်ပါအတိုင်းညွှန်ပြခဲ့ပါသည်။

'တရားစီရင်ရေးအာဏာသည် ထင်သလိုသုံးရန် ကိုယ်ပိုင်အာဏာမဟုတ်။ အများအကျိုးနှင့်အမှန်ကို ဖြစ်စေရန် ပြည်သူကယုံကြည်အပ်နှံထားသော အာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့လိုသည်။ ရှေ့နေရှေ့ရပ် များ၊ အမှုလိုက်များပြည်သူ့ရဲနှင့်အုပ်ချုပ်ရေးဝန်ထမ်းများပူးပေါင်းညှိနှိုင်း၍ ကိုယ့်တာဝန်ကိုယ်ယူ၍ဆောင်ရွက် ရမည့်အခန်း၌ တာဝန်သိသိဆောင်ရွက်ကြမှ ပြည်သူ့အကျိုးပြုတရားစီရင်ရေးဖြစ်ထွန်းနိုင်မည်'ဟု ဖော်ပြခဲ့ ပါသည်။ အကယ်၍ တရားရုံးများ၊ အမှုလိုက်အကျိုးဆောင်များ၊ တရားလိုတရားခံများနှင့်သက်သေများတို့ တစ်ယောက်ကိုတစ်ယောက်မလိုလားအပ်ဘဲ ကြောက်လန့်နေလျှင်၊ ချောက်တွန်းခံရနေရလျှင်၊ တစ်ယောက်

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ–၆၉၊ တရားရုံးချုပ်။

ကလည်း အခြားတစ်ယောက်၏အခွင့်အရေးကိုထိပါးနေသည့်ပုံစံအခြေအနေမျိုးဖြစ်လာလျှင် အမှု၌လိုက်ပါဆောင်ရွက်ကြသောရှေ့နေများက လွတ်လပ်စွာအမှုန်ကိုမမေးရဲသကဲ့သို့ အမှုသည်၊ သက်သေများလည်း လွတ်လပ်စွာ အမှန်မထွက်ဆိုနိုင်ဘဲရှိချေမည်။ ထို့အတူ တရားရုံးများကလည်း လွတ်လပ်စွာအမှန်ကို ကြားနာဆုံးဖြတ်ခြင်း မရှိနိုင်ပါက အမှန်တရားပျောက်ကွယ်သွားနိုင်ပါသည်(သို့မဟုတ်) စစ်မှန်သောတရား ဥပဒေနှင့်ညီသော အဆုံးအဖြတ်ကိုရနိုင်တော့မည်မဟုတ်ဘဲ တရားဥပဒေစိုးမိုးရေး (Rule of Law)သည်လည်း ပြည့်ဝစွာဖြစ်ထွန်းလာနိုင်မည်မဟုတ်ပါ။ ထို့ပြင် လွတ်လပ်စွာမစစ်ဆေးမဆုံးဖြတ်ရဲပါကလည်း အဂတိတရား(၄)ပါးဖြစ်သည့် 'ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ' (၄) ချက်အနက်မှ 'ဘယာ' ကြောက်လန့်ခြင်းဆိုသည့် အဂတိတစ်ပါး၏ လွှမ်းမိုးမှုကိုခံနေရမည်ဖြစ်ပသည်။

'မောင်အုန်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမှု[၂]'အမှုတွင် 'ဘယာအဂတိတရား'နှင့်ပတ်သက်၍ အောက်ပါအတိုင်းမှတ်ချက်ပြုထားပါသည်။ 'တရားသူကြီးများ၌ တာဝန်ဝတ္တရားများမှာ အမှုအကြောင်းကိုသေချာစွာ ၄စွာရေးယူလေ့လာပြီး ဥပဒေအရပြစ်ဒဏ်ပေးရမည်ဖြစ်စေ၊ ပြစ်ဒဏ်မှလွတ်ရမည်ဖြစ်စေ၊ မိမိတို့၏အလုပ်ဝတ္တရားများကိုဆောင်ရွက်ရမည်ဆိုလျှင် ရဲရဲဝံ့ဝံ့ဥပဒေကိုလက်ကိုင်ပြု၍ပြုလုပ်ရမည်။ ကြောက်ရွံ့ပြီး အခြားတစ်ပါးသို့အမှုန်ကိုဆောင်ရွက်ရန် တာဝန်မလွှဲသင့်ပေ။ တရားမျှတမှုကိုရှေ့ရှု၍လုပ်သားပြည်သူတို့၏အကျိုးငှာ ရဲဝံ့သောသတ္တိဖြင့် ဆောင်ရွက်ရန်လိုပေသည်'ဟု လမ်းညွှန်ထားပါသည်။

'တရားရုံးတွင် တရားမျှတခြင်းထွန်းကားနိုင်စေရန်အတွက် အဖက်ဖက်၌သန့်ရှင်းစင်ကြယ်ခြင်း၊ ခံယူချက်မှန်ခြင်း၊ စေတနာပြည့်ဝ၍တက်ကြွသောဝီရိယရှိခြင်းတို့လိုသည်။ အမှုပွဲစား၊ အငှားအာမခံသူ၊ သက်သေလိုက်သူ စသောမလိုလားအပ်သည့်သူများကိုဖယ်ရှားရှင်းလင်း၍ တရားရုံးများကိုသန့်ရှင်းစေရမည်။ ထိုနည်းတူစွာပင် တရားစီရင်ရသောတရားသူကြီးများ အမှန်တရားကိုဖော်ထုတ်ရာတွင် ကူညီဆောင်ရွက်ရသော ရှေ့နေအကျိုးဆောင်များကလည်း ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့သည်။ တရားရုံးစာရေး စသောအမှုထမ်းများကလည်း မှုခင်းများတွင် ကြန့်ကြာခက်ခဲခြင်းများမရှိရလေအောင် ဆောင်ရွက်ကြရသည်။ မှုခင်းများကို စစ်ဆေးစီရင်ပြီးစေကာမူ အမှုထမ်းများက လိုအပ်သောအမိန့်များကိုရေးဆွဲရာတွင်ဖြစ်စေ၊ အမှုတွဲများကိုပေးပို့ရာတွင်ဖြစ်စေ၊ အခြားလိုအပ်သောလုပ်ငန်းများကိုလုပ်ကိုင်ရာတွင်ဖြစ်စေ၊ အချိန်ဆွဲထားခြင်း၊ မတော်မတရားပြုလုပ်ခြင်းဖြင့်လည်း တရားရုံးများသို့ရောက်ရှိလာကြရသောပြည်သူတို့အား နစ်နာခက်ခဲစေသည်'ဟု ဦးလှညွန့်နှင့်နိုင်ငံတော် [၃]အမှုတွင် လမ်းညွှန်ထားသည်ကိုလေ့လာသိရှိနိုင်ပါသည်။

ပြည်ထောင်စုလွှတ်တော်သည် တရားရုံး၏မှန်ကန်လွတ်လပ်စွာတရားစီရင်ရေး၊ တရားရုံး၏ဂုဏ်သိက္ခာနှင့် အများပြည်သူယုံကြည်ကိုးစားမှုကို မထိခိုက်စေရေးအတွက် တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပုဒ်မ–၅ တွင် တရားလွှတ်တော်သည် –

(က) မိမိသဘောအလျောက်ဖြစ်စေ၊

(ခ) နစ်နာသူအမှုသည်တစ်ဦး၏လျှောက်ထားချက်အရဖြစ်စေ၊

(ဂ) အခြားနည်းအရဖြစ်စေ၊ တရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်ရှိသည်။ သို့ရာတွင် ကျူးလွန်ကြောင်းစွပ်စွဲထားသည့်မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက အရေးယူခွင့်မရှိစေရဟု ပြဋ္ဌာန်းထားပါသည်။

---

၂။ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၅၀၆၊ တရားရုံးချုပ်။

၃။ ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ မတစ ၁၂၃

ထိုကဲ့သို့တရားရုံးများက ဥပဒေကိုလက်ကိုင်ပြု၍ လွတ်လပ်စွာတရားစီရင်နိုင်ရန်အတွက် တရားရုံးများ အပေါ် မဟုတ်မမှန်စွပ်စွဲတိုင်တန်းခြင်း၊ မထီလေးစားလုပ်ခြင်း၊ မမှန်မကန်သက်သေခံခြင်း အစရှိသောကိစ္စများ အပေါ် တရားရုံးများမှ အရေးယူတရားစွဲဆိုခွင့်ရှိသကဲ့သို့ တရားစီရင်ရာတွင် ဥပဒေနှင့်အညီမစီရင်ဘဲ အဂတိတရား (၄) ပါးလိုက်စား၍တရားစီရင်ခြင်း၊ အများပြည်သူတို့၏အခွင့်အရေးတစ်ရပ်ရပ်ကို ထိခိုက် နစ်နာအောင်လုပ်ဆောင်စေခြင်း၊ ဥပဒေနှင့်မညီမှန်းသိသောအမိန့်မျိုးကိုချမှတ်ခြင်းစသည်တို့ကို ကျူးလွန်ခဲ့ ပါက ပြည်သူများဘက်မှလည်း ပြန်လည်စွဲဆိုတိုင်တန်းခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီး၊ တရားမကျင့်ထုံးဥပဒေနှင့်တရားမနစ်နာမှုဥပဒေတို့တွင် ပြဋ္ဌာန်းထားရှိပါ သည်။

တစ်ဆက်တည်း၌ လွတ်လပ်စွာတရားစီရင်ရာတွင် မကြာခဏတွေ့ရသောပြစ်မှုများဖြစ်သည့်တရားရုံး အပေါ်မထီလေးစားပြုလုပ်ခြင်း၊ မဟုတ်မမှန်စွပ်စွဲတိုင်တန်းခြင်းနှင့်တရားရုံးများ၌ မမှန်သက်သေခံခြင်းများ အပေါ် မည်သို့မည်ပုံအရေးယူနိုင်ကြောင်းတင်ပြလိုပါသည်။ ရှေးဦးစွာသိသင့်သည်မှာ တရားရုံး၏အနက် အဓိပ္ပာယ်ဖြစ်ပါသည်။ 'တရားရုံးဆိုသည်မှာ တရားစီရင်ဆဲအခါတွင် တစ်ဦးတည်းတရားစီရင်ရန် ဥပဒေအရ အာဏာရရှိသောတရားသူကြီးကိုသော်လည်းကောင်း၊ အစုံအညီစည်းဝေး၍တရားစီရင်ရန် ဥပဒေအရအာဏာ ရရှိသောတရားသူကြီးအစုကိုသော်လည်းကောင်းဆိုလိုသည်'ဟု ရာဇသတ်ကြီးပုဒ်မ–၂၀ တွင်ပြဋ္ဌာန်းထား ပါသည်။ ရာဇသတ်ကြီးပုဒ်မ–၁၉ တွင် တရားသူကြီး၏အနက်အဓိပ္ပာယ်ကိုဖော်ပြထားပြီး တရားသူကြီး ဟူသည်မှာ တရားစီရင်ဆုံးဖြတ်သည့်ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်းကို ရာဇသတ်ကြီးပုဒ်မ–၂၁တွင်ပြဋ္ဌာန်း ထားပါသည်။

တရားရုံးများအပေါ်ကျူးလွန်သည့်ပြစ်မှုများအနက် အထင်ရှားဆုံးနှင့်မကြာခဏတွေ့ရသောပြစ်မှုများကို ပုဒ်မများအလိုက်အောက်တွင်ဖော်ပြပါမည်။ ၎င်းတို့မှာ ရာဇသတ်ကြီးပုဒ်မ–၁၈၂၊ ၁၈၆၊ ၁၈၉ နှင့် ၂၂၈ တို့ဖြစ်ပါသည်။

ပုဒ်မ–၁၈၂။ ။ မည်သူမဆို(က)သတင်းတစ်ခုနှင့်စပ်လျဉ်း၍ကြောင်းခြင်းရာအမှန်ကို အကယ်၍သိခဲ့ လျှင် ပြည်သူ့ဝန်ထမ်းကပြုထိုက်သည်မဟုတ်သောအမှုကို ပြည်သူ့ဝန်ထမ်းအားပြုစေရန်၊ သို့မဟုတ် ပျက်ကွက် ထိုက်သည်မဟုတ်သောပျက်ကွက်မှုကိုပြုစေရန်၊ သို့မဟုတ် (ခ)လူတစ်ဦးတစ်ယောက်ကိုနစ်နာစေခြင်းငှာ၊ သို့မဟုတ် စိတ်ငြိုငြင်စေခြင်းငှာ၊ ပြည်သူ့ဝန်ထမ်းအား သူ၏ဥပဒေအရအာဏာကိုအသုံးပြုစေရန်ကြံရွယ် ၍သော်လည်းကောင်း၊ ပြုစေတန်ရာသည်ကိုသိလျက်နှင့်သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်းသို့မမှန် ကြောင်း၊ မိမိသိသော၊ သို့မဟုတ် မိမိယုံကြည်သောသတင်းကိုပေးလျှင် ထိုသူကို ၆ လအထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ ဒဏ်(၂)ရပ်လုံးဖြစ်စေချမှတ်ရမည်။

ပုဒ်မ–၁၈၆။ ။ "မည်သူမဆို ပြည်သူ့ဝန်ထမ်းတစ်ဦး ပြည်သူဆိုင်ရာအလုပ်ဝတ္တရားဆောင်ရွက်နေသည် ကို မိမိအလိုအလျောက် ဟန့်တားလျှင် ထိုသူကို (၃) လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငါးသောင်းထိ ငွေဒဏ်ဖြစ်စေ ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ရမည်"

ပုဒ်မ–၁၈၉။ ။ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ပြည်သူဆိုင်ရာအလုပ်ဝတ္တရားဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း သော ပြုမှုမှုတစ်ခုခုကို ထိုပြည်သူ့ဝန်ထမ်းအားပြုစေခြင်းအတွက်သော်လည်းကောင်း၊ ပြုခြင်းမှ ရှောင်စေခြင်း အတွက်သော်လည်းကောင်း၊ ပြုရန်ရှိသည်ကို ဆိုင်းငံ့ထားစေခြင်းအတွက်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်း အား သွေးဆောင်ရန်အလို့ငှာ ထိုပြည်သူ့ဝန်ထမ်းကို နစ်နာစေမည်ဟု မည်သူမဆို ခြိမ်းခြောက်လျှင် ထိုသူက

(၂)နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ-၂၂၈။ ။ ပြည်သူ့ဝန်ထမ်းတစ်ဦးသည် တရားစီရင်မှုဆောင်ရွက်နေစဉ် ထိုပြည်သူ့ဝန်ထမ်းကို မည်သူမဆိုတမင်စော်ကားလျှင်၊ သို့မဟုတ် ဝင်ရောက်နှောင့်ယှက်လျှင် ထိုသူကို ၆ လထိ အလုပ်မဲ့နှင့်ထောင်ဒဏ်ဖြစ်စေ၊ တစ်သိန်းထိငွေဒဏ်ဖြစ်စေ (၂)ရပ်လုံးဖြစ်စေချမှတ်ရမည်။

ထို့ပြင် တရားရုံးများအပေါ်မထီမဲ့မြင်ပြုမှုဥပဒေတွင်လည်း အောက်တရားရုံးများတွင် တရားရုံးများအပေါ် မထီမဲ့မြင်ပြုလုပ်မှု၊ တရားစီရင်ရေးကိုအနှောင့်အယှက်ဖြစ်အောင်ပြုလုပ်မှုများကို တရားလွှတ်တော်က မိမိတရားရုံးအားပြုလုပ်သကဲ့သို့ အရေးယူဆောင်ရွက်နိုင်ပါသည်။ သို့သော်လည်း ရာဇသတ်ကြီးပုဒ်မ-၂၂၈ တွင်ပြဋ္ဌာန်းချက်အရ ကျူးလွန်ခဲ့လျှင်မူ ထိုကျူးလွန်ခြင်းခံရသူတရားရုံးအနေဖြင့် တရားစီရင်မှုကို အနှောင့်အယှက်ပြုသူ၊ ဝင်ရောက်စော်ကားသူအပေါ် ၎င်းရုံးကိုယ်တိုင်အရေးယူဆောင်ရွက်နိုင်ကြောင်း တွေ့ရပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်ပုဒ်မများတွင် ဖော်ပြထားသောအချက်များမှာ တရားရုံးများအား ဖြောင့်မတ်မှန်ကန်၍လွတ်လပ်သောတရားစီရင်ရေးကိုပျက်ပြားနိုင်စေရန် အနှောက်အယှက်ပေးလေ့ရှိသော ပြစ်မှုအမျိုးအစားများဖြစ်ပါသည်။ အဆိုပါပုဒ်မများကို အောက်ပါအချက်များတွင် တရားရုံးများအပေါ် ကျူးလွန်မိတတ်ကြပါသည်။

(၁) ပြင်ပသြဇာရှိသူ၊ ရင်းနှီးသူများက ၎င်းတို့နှင့်ပတ်သက်သောအမှုသည်များအတွက် ဖြစ်စေလိုသည့် ကိစ္စများကိုလုပ်ဆောင်ပေးရန် တရားသူကြီးများအားပြောကြားခြင်း၊ ချဉ်းကပ်ခြင်း။

(၂) အမှုသည်များအနေဖြင့် တရားရုံးက အမှန်ကိုစီရင်မည်ဆိုပါက မိမိသည် နစ်နာတော့မည်၊ မိမိ၏အမှုရှုံးနိမ့်တော့မည်ဟုသိသည့်အခါတွင် ထိုတရားရုံးအနေဖြင့် ထိုအမှုကိုမစီရင်မဆုံးဖြတ်ရလေအောင် အထက်အာဏာပိုင်အဖွဲ့အစည်းများနှင့်အရေးယူပိုင်ခွင့်ရှိသောဌာနအသီးသီးသို့ တိုင်စာများပေးပို့ခြင်း။

(၃) အထက်အပိုဒ်ပါအမှုသည်မျိုးအနေဖြင့် လက်တလောမိမိအမှုကိုမစစ်ဆေးနိုင်ရန်တရားရုံးအပေါ် ရုံးပြောင်းလျှောက်ထားသည့်အခါမျိုးတွင်လည်း ထိုကဲ့သို့ တရားရုံးအပေါ်တွင် ထိခိုက်နစ်နာစေမည့်စွပ်စွဲချက်များ(Accusation)ကို အထောက်အထားမရှိဘဲ မဟုတ်မမှန်စွပ်စွဲခြင်း။

(၄) အခြားကိစ္စတစ်ရပ်မှာ တရားစစ်ဆေးသောတရားသူကြီးများအား တမင်ထိပါးပုတ်ခတ်ပြောဆိုခြင်းတို့မှာ အများဆုံးဖြစ်ပါသည်။

ပထမအချက်နှင့်စတုတ္ထအချက်တို့မှာ ပြစ်မှုကျူးလွန်ကြောင်းသိသာထင်ရှားပြီး ပထမအချက်မှာ တရားရုံးမှလက်ခံခြင်းမပြုက ဖြစ်နိုင်သော်လည်း ဒုတိယအချက်နှင့်တတိယအချက်တို့မှာမူ တရားရုံးအပေါ်စွပ်စွဲတိုင်တန်းခြင်းမျိုးဖြစ်၍ ထိုသို့စွပ်စွဲတိုင်တန်းသူအား ဖော်ပြခဲ့ပြီးသောရာဇသတ်ကြီးအရ တရားရုံးမှပြန်လည်၍ တရားစွဲဆိုနိုင်မည်ဖြစ်ပါသည်။

ပထမအချက်နှင့်စတုတ္ထအချက်တို့ကိုကျူးလွန်ခဲ့လျှင် ယင်းသို့ကျူးလွန်ခြင်းသည် ပြစ်မှုမြောက်ကြောင်း အလွယ်တကူထင်ရှားစွာသိနိုင်သော်လည်း ဒုတိယနှင့်တတိယအချက်များတွင် ဖော်ပြချက်များကိုပြုလုပ်လာလျှင်မူ တရားရုံးများအပေါ်စွပ်စွဲတိုင်တန်းသောပုဂ္ဂိုလ်၊ စွပ်စွဲတိုင်တန်းချက်များသည် အထောက်အထားပြည့်စုံစွာနှင့်မှန်ကန်စွာစွပ်စွဲတိုင်တန်းခြင်းဖြစ်သည်ဆိုပါက စွပ်စွဲသူသည် ပြစ်မှုမမြောက်သော်လည်း မဟုတ်မမှန်မတရားစွပ်စွဲတိုင်တန်းခြင်းဖြစ်သည်ဆိုပါက ယင်းသို့လုပ်ကြံတိုင်တန်းခြင်းမျိုးသည် ပြစ်မှုကိုကျူးလွန်ခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ယင်းကဲ့သို့ တရားရုံးများအပေါ်စွပ်စွဲတိုင်တန်းစာများကိုရရှိသည့်အခါတွင် အရေးယူပေးရန်

တိုင်စာရရှိသောအထက်တရားရုံး၊ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများ၊ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသော ဌာနများအနေဖြင့် ထိုတိုင်တန်းစာများ၊ စွပ်စွဲချက်များအပေါ် မှန်မမှန်စုံစမ်းစစ်ဆေး၍ မှန်ကန်ခြင်းမတွေ့ရှိပါက ထိုသို့လုပ်ကြံတိုင်တန်းသူအပေါ် စွပ်စွဲခံရသူတရားရုံးများမှပြန်လည်၍ အောက်ပါအတိုင်းအရေးယူနိုင်ပါသည်။ ယင်းကဲ့သို့ အရေးယူမှသာလျှင် လွတ်လပ်သောတရားစီရင်ရေးကို အကာအကွယ်အထောက်အကူရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် တရားရုံးများအနေဖြင့် ယင်းကိစ္စများအပေါ် မည်သို့မည်ပုံအရေးယူနိုင်ကြောင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းကိုအောက်ပါအတိုင်းတင်ပြပါသည်။

အထက်တွင်ဖော်ပြခဲ့သောရာဇသတ်ကြီးပုဒ်မ–၁၈၂၊ ၁၈၆၊ ၁၈၉၊ ၂၂၈ ပါပြစ်မှုများကို တရားရုံးအပေါ် ကျူးလွန်ခဲ့လျှင် တရားရုံးတော်မှတရားလိုပြုလုပ်ပြီး တိုက်ရိုက်စွဲဆိုခွင့်ရှိသကဲ့သို့တိုက်ရိုက်စွဲဆိုခြင်းမပြုသေးဘဲ ပဏာမစုံစမ်းစစ်ဆေးမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ–၄၇၆(၁)အရ စုံစမ်းအရေးယူမှုကိုပြုလုပ်နိုင်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(၁)၏ဆိုလိုချက်မှာ ရာဇဝတ်တရားရုံး၊ သို့မဟုတ် တရားမရုံး၊ သို့မဟုတ်၊ အခွန်ရုံးမှစစ်ဆေးစီရင်သည့်အမှုတွင်ဖြစ်စေ၊ ၎င်းအမှုနှင့်ပတ်သက်၍ဖြစ်စေ၊ တရားရုံးအပေါ် ကျူးလွန်သည့်ပြစ်မှုတစ်ခုခုကို တရားလမ်းမှန်ရောက်စေခြင်းကိုထောက်ထား၍ ဤကိစ္စအတွက် ရုံးသို့ လျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ၊ စုံစမ်းသင့်သည်ဟုသဘောရရှိက ၎င်းရုံးသည် စစ်ဆေးနိုင်သည်။ ဤသို့စစ်ဆေးရာမှ တွေ့ရှိထင်မြင်ချက်ကိုရေးမှတ်ပြီး ၎င်းပြစ်မှုအကြောင်းကိုတရားရုံးထိုင်အရာရှိက တိုင်ချက်အဖြစ် လက်မှတ်ရေးထိုး၍ စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးထံသို့တင်ပို့ရမည်။ ၎င်းတရားသူကြီးရှေ့သို့ သွားရောက်ရန်အတွက် တရားခံထံမှလုံလောက်သည့်အာမခံတောင်းယူနိုင်သည်။ အကယ်၍စွပ်စွဲသည့်ပြစ်မှုမှာ အာမခံမယူနိုင်သည့်ပြစ်မှုဖြစ်၍ တရားခံအချုပ်နှင့်ပို့ရန် လိုအပ်သည်ဟုထင်မြင်က အချုပ်နှင့်ပို့ခွင့်ရှိသည့် အပြင် ထိုရာဇဝတ်တရားကြီးရှေ့ရောက်ရှိ၍ သက်သေခံစေရန်အတွက် မည်သူ့အားမဆို ခံဝန်ချုပ်ဆိုစေနိုင်သည်။

သို့ရာတွင် တိုင်တန်းချက်ပြုလုပ်သည့်တရားရုံးသည် တရားလွှတ်တော်ဖြစ်လျှင် ယင်းတိုင်တန်းချက်ကို တရားလွှတ်တော်ကခန့်အပ်သည့်တရားလွှတ်တော်၏အရာရှိက လက်မှတ်ထိုးခွင့်ရှိသည်။

ထိုအခါ အဆိုပါရာဇဝတ်တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ တိုင်တန်းချက်အပေါ် အရေးယူသကဲ့သို့ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားရမည်။

ဤအမှုပေါ်ပေါက်ခဲ့သောတရားစီရင်သောအမှုကိစ္စတွင် ချမှတ်သည့်ဆုံးဖြတ်ချက်အပေါ် အယူခံသည့်အမှု မပြီးမပြတ်ရှိနေကြောင်း အဆိုပါရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ယင်းအမှုလွှဲပြောင်းပေးရာတွင်လက်ခံရရှိသည့် အခြားရာဇဝတ်တရားသူကြီးတစ်ဦးတစ်ယောက်ကဖြစ်စေ သိရှိခဲ့လျှင် အဆိုပါရာဇဝတ်တရားသူကြီးသည် မိမိသင့်သည်ထင်မြင်ပါက မည်သည့်အဆင့်တွင်မဆို အဆိုပါအယူခံမှုမဆုံးဖြတ်မီ အမှုစစ်ဆေးခြင်းကို ရွှေ့ဆိုင်းထားနိုင်သည်ဟူ၍ဖြစ်ပါသည်။

**တရားရုံးကိုမထီလေးစားပြုသည့်အမှုအချို့တွင် လိုက်နာရန်နည်းလမ်းများအားတင်ပြလိုပါသည်။**

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀။ ။** ရာဇသတ်ကြီးပုဒ်မ ၂၂၈ ပါပြစ်မှုကို မည်သည့်ရာဇဝတ်ရုံး၊ သို့မဟုတ် တရားမရုံး၊ သို့မဟုတ် အခွန်ရုံးရှေ့တွင်ဖြစ်စေ ၎င်းရုံးမြင်သာသည့်နေရာတွင်ဖြစ်စေ၊ ကျူးလွန်ပါက ၎င်းကျူးလွန်သူအား ထိုရုံးမှအချုပ်တွင်ချထားနိုင်သည်။ ၎င်းနေ့ရုံးမဆင်းမီ မည်သည့်အချိန်တွင်မဆိုသင့်သည်ထင်က ၎င်းပြစ်မှုကိုအရေးယူပြီး ကျူးလွန်သူအပေါ် ကျပ်ငွေ ၂၀၀၀၀(နှစ်သောင်းကျပ်တိတိ)ထက်မပိုသော ငွေဒဏ်၊ ငွေဒဏ်မပေးဆောင်ပျက်ကွက်က (၁)လအထိ အလုပ်မဲ့ထောင်ဒဏ်စီရင်နိုင်

သည်ဟူ၍ဖြစ်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၁။ ။ ယင်းအမှုမျိုးတွင် ပြစ်မှုကျူးလွန်ရာရောက်သည့် ဖြစ်ပျက်မှုအခြင်းအရာများမှစ၍ ကျူးလွန်သူ၏ထွက်ဆိုချက်ရှိက ၎င်းထွက်ဆိုချက်နှင့်အတူ တွေ့ရှိချက်၊ ပြစ်ဒဏ်စီရင်ချက်များကိုရေးမှတ်ရမည်။ ထို့ပြင် တားဆီးနှောင့်ယှက်ခြင်း၊ သို့မဟုတ် မရိုမသေမထီလေးစား ပြုခြင်းခံရသည့်ရုံးသည် မည်သို့ပြုလုပ်ခြင်းကိုအမှုမှတ်တမ်းတွင် ဖော်ပြပါရှိစေရမည်ဟူ၍ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၂။ ။ ပုဒ်မ−၄၈၀ အရ မပြုလုပ်သင့်ကြောင်းထင်မြင်က လိုက်နာရန်နည်းလမ်း။

ရုံးကိုမထီလေးစားပြုလုပ်သည့်ပြစ်မှုတစ်ခုကို တရားရုံးရှေ့၊ သို့မဟုတ် ရုံးမြင်သာသည့်နေရာတွင် ကျူးလွန်ကြောင်းစွဲဆိုခံရသူကို ဒဏ်ငွေမဆောင်ဘဲ ပျက်ကွက်သည့်အတွက်နှင့်မဟုတ်ဘဲ အခြားအတွက်ကြောင့် ထောင်ချသင့်ကြောင်းထင်မြင်လျှင်၊ သို့မဟုတ် ကျပ်ငွေ ၂၀၀၀၀(နှစ်သောင်းကျပ်တိတိ)ထက်ပို၍ ၎င်းအား ဒဏ်ချသင့်သည်ဟုထင်မြင်လျှင်၊ သို့မဟုတ် ပုဒ်မ−၄၈၀ အရ မစီရင်သင့်ဟု ထိုတရားရုံးကသဘောရလျှင် ပြစ်မှုခြင်းရာများနှင့်တရားခံထွက်ချက်များကို ပြဋ္ဌာန်းချက်နှင့်အညီရေးမှတ်၍ ၎င်းအမှုကို စီရင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးထံသွားရောက်ရန်လုံလောက်သောအာမခံပေးရမည့်အကြောင်း တရားခံအားဆင့်ဆိုနိုင်သည်။ လုံလောက်သောအာမခံမပေးက ၎င်းတရားခံအား အချုပ်နှင့်တင်ပို့ရမည်။ ဤပုဒ်မအရ အမှုကိုလက်ခံရသည့်ရာဇဝတ်တရားသူကြီးသည် ၎င်းတရားခံအပေါ် အထက်တွင်ဖော်ပြခဲ့သောပြဋ္ဌာန်းချက်တို့နှင့်အညီ စစ်ဆေးရမည်ဟူ၍ဖြစ်ပါသည်။

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ−၄၈၄။ ။ ကျူးလွန်မှုတရားခံက ဝန်ချတောင်းပန်သည့်အခါ ပြုလုပ်ရန်နည်းလမ်းများ။**

ထိုသို့ကျူးလွန်သူသည် ဥပဒေအရတရားရုံးမှစေခိုင်းချက်အပေါ် ငြင်းဆန်ခြင်း၊ သို့မဟုတ် ဆောင်ရွက်ရန်ရှောင်ရှားခြင်း၊ သို့မဟုတ် တရားရုံးအား တမင်နှောင့်ယှက်ခြင်း၊ စော်ကားခြင်းတို့အတွက် တရားရုံးတော်မှ ၎င်းအားအပြစ်ပေးရန်ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ−၄၈၀ အရ ဆုံးဖြတ်သည့်အခါဖြစ်စေ၊ သို့မဟုတ် ထိုရုံးမှ ယင်းကိစ္စကိုစစ်ဆေးရန်အခြားရာဇဝတ်တရားသူကြီးထံသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၂ အရ လွှဲပြောင်းပေးပို့သည့်အခါတွင်ဖြစ်စေ၊ ယင်းကျူးလွန်သူအနေဖြင့် မူလတရားရုံးတွင် မိမိအပြစ်ကိုဝန်ခံ၍ တောင်းပန်ခြင်း၊ တရားရုံးမှတောင်းဆိုညွှန်ကြားချက်တို့ကို လုပ်ဆောင်ခြင်းနှင့်တရားရုံးကိုကျေနပ်အောင် တောင်းပန်ခြင်းတို့ပြုလုပ်ခဲ့ပါက တရားရုံးမှ ၎င်းအားအမှုမှလွှတ်ခြင်း၊ ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေးခြင်းကိုပြုလုပ်နိုင်ပါသည်။

တရားရုံးများအပေါ် ကျူးလွန်သောပြစ်မှုများကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အရေးယူဆောင်ရွက်နိုင်ရုံမျှမက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀(၁)(က)နှင့်(ဂ)အရ တရားလိုပြုလုပ်ပြီး တရားစွဲဆိုနိုင်ပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ−၁၉၀(၁)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်။

အောက်တွင်ပြဋ္ဌာန်းလျက်ရှိသည်မှတစ်ပါး မည်သည့်ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ ၎င်းပြင် ယခုအမှုတွင် အထူးအခွင့်အာဏာရသည့်မည်သည့်ရာဇဝတ်တရားသူကြီးက မဆို ပြစ်မှုတစ်စုံတစ်ရာကိုအရေးယူခွင့်ရသည်မှာ −

(က) ပြစ်မှုကျူးလွန်ကြောင်းတိုင်တန်းချက်ကိုရလျှင်ဖြစ်စေ။

(ခ) ရဲအရာထမ်းမှတစ်ပါး တစ်ဦးဦးထံမှလျှင်ဖြစ်စေ၊ သို့မဟုတ် ၎င်းပြစ်မှုကိုကျူးလွန်ကြောင်း

ကိုယ်တိုင်ကြားသိတွေ့မြင် သက်သေမကင်းသည့်အခါ အရေးယူခွင့်ရသည်။

ထိုကဲ့သို့ တရားရုံးကတရားလိုပြုလုပ်ပြီးစွဲဆိုသောအခါတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ−၁၉၁ အရ အခြားတရားသူကြီးထံတွင် တရားစွဲဆိုသင့်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ−၁၉၀ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်မှာ −

ရာဇဝတ်တရားသူကြီးတစ်စုံတစ်ဦးက ပုဒ်မ−၁၉၀(၁)(ဂ)အရ ပြစ်မှုတစ်စုံတစ်ရာကိုအရေးယူသည့်အခါ အမှုကို အခြားရုံးတော်တွင်စီရင်ရန်လွှဲပြောင်းထားပိုင်ခွင့်ရှိကြောင်းနှင့်သက်သေခံချက်တစ်စုံတစ်ရာမယူမီ ၎င်းတရားခံကိုပြောကြားရမည်။ ၎င်းတရားခံကဖြစ်စေ၊ တရားခံအများရှိလျှင် တရားခံတစ်စုံတစ်ယောက်ကဖြစ်စေ၊ ၎င်းအခြားရာဇဝတ်တရားသူကြီးစစ်ဆေးစီရင်ခြင်းကိုမခံလိုကြောင်းနှင့်ငြင်းဆိုလျှင် ၎င်းအမှုကို ရာဇဝတ်တရားသူကြီး စစ်ဆေးစီရင်မည့်အစား စက်ရှင်ရုံးတော်သို့ လွှဲအပ်တင်ပို့ရမည် (သို့မဟုတ်) အခြားရာဇဝတ်တရားသူကြီးထံ လွှဲအပ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် တရားလိုပြုလုပ်သောရာဇဝတ်တရားသူကြီးထံ၌ ထိုအမှုကိုမစစ်ဆေးမစီရင်စေခြင်းအားဖြင့် စွပ်စွဲသူမှ ထပ်မံစွပ်စွဲထားခြင်းမျိုး၊ ရုံးပြောင်းလွှဲပြောင်းထားခြင်းမျိုးကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားခဲ့သော ရာဇသတ်ကြီးပုဒ်မ−၂၂၈ ကိုတိုင်တန်းစွဲဆိုသည့်အခါတွင် တရားရုံးတော်ကိုယ်တိုင်က တရားလိုအဖြစ်လက်မှတ်ရေးထိုးတိုင်တန်းရမည်ဖြစ်ကြောင်းနှင့် ရာဇသတ်ကြီးပုဒ်မ−၁၈၂ နှင့် ၁၈၆ တို့ကိုမူ အစော်ကားခံရသူ ပြည်သူ့ဝန်ထမ်းကိုယ်တိုင်က လက်မှတ်ရေးထိုးတိုင်တန်းရမည်ဖြစ်ကြောင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ−၁၉၅ တွင် ပြဋ္ဌာန်းထားပါသည်။

ရာဇသတ်ကြီးပုဒ်မ−၁၈၉ အရ တိုင်တန်းသောအမှုများ(တစ်နည်းအားဖြင့်) ပြည်သူ့ဝန်ထမ်းကိုနစ်နာစေမည်ဟုခြိမ်းခြောက်သဖြင့် တိုင်တန်းသောအမှုများကိုမူ ရိုးရိုးဦးတိုက်စွဲဆိုသောအမှုကဲ့သို့ တရားရုံး၏ခွင့်ပြုချက်မလိုဘဲ စော်ကားခံရသူမည်သူမဆိုတိုင်တန်းနိုင်ပါသည်။

ထို့ကြောင့် တရားရုံးများအပေါ်မထေမဲ့မြင်၊ မထီလေးစားပြုခြင်း၊ မဟုတ်မမှန်စွပ်စွဲတိုင်တန်းခြင်းများအပေါ် တရားရုံးများမှပြန်လည်စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်သဖြင့် လွတ်လပ်စွာတရားစီရင်ခြင်းအပေါ် နှောက်ယှက်မှုကိုအကာအကွယ်ပြုရာရောက်မည်ဖြစ်ပါသည်။ ယင်းသို့ မသမာသောစွပ်စွဲတိုင်တန်းစော်ကားပုတ်ခတ်မှုတို့ကင်းဝေးမှသာလျှင် တရားရုံးများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်မည်ဖြစ်၍ တရားမျှတမှုရရှိနိုင်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှု(Rule of Law)သည် အပြည့်အဝပေါ်ထွန်းလာမည်ဖြစ်ပေသည်။ ။

**ဒေါ်အေးအေးမွန်**
**ဒုတိယညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## ကျမ်းကိုးစာရင်း

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ။
၂။ ရာဇသတ်ကြီး။
၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ။
၅။ တရားရုံးစီရင်ထုံးများ

# တရားစီရင်ရေးကို ဝေဖန်သူနည်းလာအောင် ဘယ်ကစပြီးပြုပြင်ရမလဲ

■ ဂျူနီယာတုတ်ကလေး

တရားစီရင်ရေးကို လူတိုင်းကဝေဖန်နေကြပါတယ်။ တရားသူကြီးတွေ လာဘ်စားနေတယ်။ မြိန်ရည်ရှက်ရည်စားနေတယ်။ ဥပဒေမဲ့လုပ်နေတယ်။ တရားရုံးဝန်ထမ်းတွေလည်း လာဘ်စားနေတယ်။ အမှုသည်တွေကို မောက်မောက်မာမာဆက်ဆံနေကြတယ်။ ဒီအသံတွေကို နားနဲ့မဆန့်အောင်ကြားနေရတယ်။ လွှတ်တော်တွင်း၊ လွှတ်တော်အပ၊ မီဒီယာ၊ လူမှုကွန်ယက်စသည့်စသည့်ကဏ္ဍပေါင်းစုံက ပြစ်ပြစ်နှစ်နှစ် ဝေဖန်ခံနေရတယ်။ အနည်းအကျဉ်းမှန်တယ်ဆိုတယ်ဆိုပေမယ့် အားလုံးမမှန်ဘူးလို့ အခိုင်အမာငြင်းဆန်လိုပါတယ်။ ဘယ်အဖွဲ့အစည်းမှာမဆို စုန်းပြူးဆိုတာရှိစမြဲပါ။ စုန်းပြူးတချို့က အများစွပ်စွဲသလို ဆောင်ရွက်နေကြ တယ်ဆိုတာ မငြင်းလိုပါဘူး။ ထပ်မံဝန်ခံလိုတာကတော့ ယခင်ခေတ်တရားရုံးတွေမှာ အများဝေဖန်သလို ထိုက်သလောက်မှန်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာ တရားရုံးများဟာ ယခင်ကထက် လာဘ်ပေးလာဘ်ယူမှုများနည်းပါးလာတယ်ဆိုတာ တရားရုံးတွေနဲ့အများဆုံးဆက်ဆံနေတဲ့ရှေ့နေတွေအသိဆုံးပါ။ ဒီလိုအခြေအနေတွေရောက်လာတာကလည်း တရားရုံးတွေက စိတ်ရင်းအမှန်နဲ့ပြုပြင်ခဲ့တာထက် တရားရုံးတွေကို အများပြည်သူကစိတ်ဝင်စားလာပြီး စောင့်ကြည့်တာတွေရယ်၊ တိုင်ကြားမှုတွေအပေါ် ယခင်ကထက် အရေးယူမှုတွေရှိလာတာတွေကြောင့်ပါ။ ပြစ်မှုကြောင်းအရအရေးယူခံရပြီး ပြစ်ဒဏ်ချမှတ်ခံရသူတွေ၊ တရားခံပြေးဖြစ်သွားတဲ့သူတွေ ထိုက်သင့်သလောက်ရှိနေပြီဖြစ်ပါတယ်။ ဒီလိုဝေဖန်မှုတွေနဲ့ အရေးယူမှုတွေကြောင့် တရားရုံးတွေက ယခင်ကလောက် လာဘ်ပေးလာဘ်ယူမှုတွေမရှိတော့တာဟာ တကယ့်အမှန်တရားဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချက်ကို တရားရုံးနဲ့တိုက်ရိုက်မဆက်ဆံရသူတွေက မသိဘူးလို့ထင်ပါတယ်။

တရားစီရင်ရေးစနစ်ကောင်းမွန်လာအောင် တရားသူကြီးတွေကသာ ဆောက်ရွက်လို့မရနိုင်ဘူးဆိုတာ တရားစီရင်ရေးနဲ့ဆက်စပ်နေသူအားလုံး အသိပဲဖြစ်ပါတယ်။ အမှုမှန်ပေါ်ပေါက်ဖို့ဆိုတာ အားလုံးမှာ တာဝန်ရှိပါတယ်။ အမှုသည်တွေက အမှန်အတိုင်းတိုင်ကြားပြီး အမှန်အတိုင်းထွက်ဆိုရမယ်။ သက်သေတွေကလည်း အမှန်အတိုင်းထွက်ဆိုရပါမယ်။ အမှုစစ်အရာရှိတွေကလည်း အမှုကိုအမှန်အတိုင်းတည်ဆောက်ရမယ်။ ဥပဒေအရာရှိနဲ့ရှေ့နေတွေကလည်း အမှန်တရားပေါ်ပေါက်အောင်ကြိုးစားစစ်ဆေးရမယ်။ ကျွမ်းကျင်သူပညာရှင်တွေကလည်း အမှန်အတိုင်းစစ်ဆေးဖော်ထုတ်ပေးရမယ်။ ဒါ့အပြင် ဥပဒေပြုအဖွဲ့အစည်းတွေကလည်း သဘာဝယုတ္တိရှိပြီး မှန်ကန်မျှတတဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးရမယ်။ ဒါကြောင့် အားလုံးပူးပေါင်းဆောင်ရွက်မှသာ တရားစီရင်ရေးစနစ်ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ အတ္တနဲ့လောဘရှိတဲ့လူသားတွေဖြစ်နေလို့ပါပဲ။

လက်ရှိအခြေအနေမှာ တရားသူကြီးတွေလည်း အမှန်တရားပေါ်ပေါက်အောင် မိမိတစ်ဦးတည်းဆောင်ရွက်လို့မရဘူး။ အားလုံးမှာ တာဝန်ရှိတယ်လို့ဆင်ခြေပေးနေတယ်။ ကျန်တဲ့သူတွေကလည်း တရားစီရင်ရေးစနစ်ကို တရားသူကြီးတွေကိုယ်တိုင်က ဖျက်ဆီးနေတယ်လို့စွပ်စွဲနေကြတယ်။ ဝေဖန်မှုအများစုမှာလည်း တရားသူ

ကြီးတွေရဲ့အားနည်းချက်တွေကိုသာ အဓိကထားထောက်ပြနေကြတယ်။ ရှေ့နေရှေ့ရပ်တွေ၊ တရားစွဲအဖွဲ့အစည်းတွေ၊ အမှုသည်တွေ၊ သက်သေတွေ စတဲ့ကျန်သက်ဆိုင်သူတွေရဲ့အားနည်းချက်တွေကို ထောက်ပြတာတွေ အားနည်းနေတယ်။ နောက်ပိုင်းမှာတော့ တရားသူကြီးတွေမှာသာ တာဝန်ရှိတာမဟုတ်ဘူး။ ကျန်တဲ့သူတွေမှာလည်း တာဝန်ရှိတယ်ဆိုတာကိုလွှတ်တော်မှာဆွေးနွေးလာသလို မီဒီယာအချို့မှာလည်း ရေးသားလာတာကို ဝမ်းမြောက်ဖွယ်ရာတွေ့လာရတယ်။ ဒါပေမယ့် တရားသူကြီးတွေနဲ့တရားရုံးတွေဟာ ဘာကြောင့်ဒီလိုဖြစ်နေရတယ်။ ဘယ်လိုပံ့ပိုးကူညီဖို့လိုအပ်တယ်။ ဘယ်လိုဥပဒေတွေပြဋ္ဌာန်းပြီး ဘယ်လိုအကာအကွယ်တွေပေးသင့်တယ်၊ ဘယ်လိုကြပ်မတ်သင့်တယ်ဆိုတာကိုတော့ ထောက်ပြသူတွေ နည်းနေသေးတာကိုတွေ့နေရတယ်။

စနစ်တစ်ခုမကောင်းတာက ဘယ်သူ့ကြောင့်လို့အပြစ်ပုံချနေလို့ကတော့ ရလာဒ်ကောင်းရနိုင်မှာမဟုတ်ပါဘူး။ လက်ရှိအခြေအနေကိုလက်ခံပါမယ်။ ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာကို အဖြေရှာရပါမယ်။ ရလာတဲ့အဖြေပေါ်မှာ အကောင်းဆုံးဖြစ်လာအောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို သဘာဝယုတ္တိရှိစွာနဲ့တွေးတောပြီး နည်းလမ်းရှာဖွေရမှာဖြစ်ပါတယ်။

ငြင်းလို့မရနိုင်တာကတော့ တရားစီရင်ရေးစနစ်ကောင်းမွန်အောင်ဆောင်ရွက်ရန်မှာ တရားသူကြီးတွေရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ အခြားသူတွေကောင်းမွန်အောင်ဘယ်လိုပဲပံ့ပိုးပါစေ၊ တရားသူကြီးတွေက အဂတိတရားတစ်ပါးပါးနဲ့ဆောင်ရွက်ခဲ့ရင် ကောင်းမွန်မှာမဟုတ်ဘူးဆိုတာ တရားသူကြီးအားလုံးက လက်ခံပြီးလိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ လက်ရှိအခြေအနေမှာ တရားရေးကို လူအများကမလေးစားကြတော့ပါဘူး။ နည်းမျိုးစုံနဲ့စော်ကားခံနေရတယ်။ နောက်ဆုံးမှာ တရားသူကြီးကို ဖိနပ်နဲ့ပေါက်တဲ့အထိ စော်ကားလာကြတယ်။ နောင်ဆိုရင် အသက်အန္တရာယ်ခြိမ်းခြောက်တဲ့အထိ စော်ကားခံလာရနိုင်တယ်။ ဒီအခြေအနေကိုတရားသူကြီးအများစုကလည်း စိတ်ပျက်လာကြပြီး မိမိလုပ်ငန်းအပေါ်မှာ ယုံကြည်သက်ဝင်မှုအားနည်းလာကာ လုပ်ငန်းခွင်ပျော်ရွှင်မှုမရှိတော့ကြပါဘူး။ ဒါကြောင့် တရားရေးပုံရိပ်ကောင်းလာအောင် ဘယ်ကစလုပ်ရမလဲလို့မဖြစ်မနေသုံးသပ်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်လို့မရသေးရင်တောင် တရားသူကြီးတစ်ဦးအနေနဲ့ ဘာလုပ်သင့်သလဲ။ ဘာလုပ်နိုင်သလဲလို့စဉ်းစားရပါမယ်။ ဒီလိုလုပ်နိုင်ဖို့ ကိုယ့်ကိုယ်ကို အရင်ဆုံးမညာမတာဝေဖန်ရပါမယ်။ ငါဟာ အမှန်တကယ်တရားသူကြီးတစ်ဦးဟုတ်ရဲ့လား။ တရားသူကြီးတစ်ဦးရဲ့ဂုဏ်အင်္ဂါနဲ့ညီညွတ်ရဲ့လားဆိုတာကို ဦးစွာဆန်းစစ်ကြည့်ရပါမယ်။ တစ်ဦးချင်းအနေနဲ့ တရားစီရင်ရေးကိုကောင်းမွန်အောင် အနီးစပ်ဆုံး ဘယ်ကနေ စလုပ်ရမလဲဆိုတာကို စဉ်းစားသုံးသပ်ရပါမယ်။ အရိုးရှင်းဆုံးစဉ်းစားရမယ်ဆိုရင် ငယ်ငယ်က မူလတန်းအဆင့်မှာ အလွတ်ကျက်ခဲ့ရသလို မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်ကို အခြေခံစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိကိုယ်ကိုကောင်းအောင်ဦးစွာကြိုးစားရမှာဖြစ်ပါတယ်။ တရားစီရင်ရေးပုံရိပ်ကောင်းမွန်စေရန်အတွက် တရားသူကြီးတစ်ဦးစီက မိမိကိုယ်တိုင်တရားသူကြီးကောင်းတစ်ဦးဖြစ်ရန် စတင်ကြိုးစားရမည်ဖြစ်ပါတယ်။ ဒီလိုကြိုးစားနိုင်ဖို့ဆိုတာ မိမိရဲ့ Mind-set ကို ဦးစွာပြောင်းရပါမယ်။

အလျဉ်းသင့်၍ နစဉ်အခါက အတွေ့အကြုံတစ်ခုကိုမျှဝေလိုပါတယ်။ အမှုမရှိတဲ့ ဝေးလံခေါင်းပါးမြို့လေးတစ်မြို့မှာ တာဝန်ကျစဉ်က ဒုတိယတပ်ရင်းမှူးတစ်ဦးက မိမိကို မတရားသူကြီးလို့နောက်ပြောင်ခေါ်ဝေါ်ခဲ့ပါတယ်။ ဒေါသအလွန်ထွက်ပြီး မျက်နှာအနေအထားပျက်သွားတဲ့အတွက် မိမိကိုချက်ချင်းတောင်းပန်ခဲ့ပါ

တယ်။ အဲဒီမြို့မှာ အမှုမရှိတဲ့အတွက် မိမိ၏ဆောင်ရွက်ချက်ဟာ တရားသည်၊ မတရားသည်ကို ထိုပုဂ္ဂိုလ်မသိရှိနိုင်ပါ ဘူး။ အဲဒီမှာ သတိထားလိုက်မိတာကတော့ တရားသူကြီးလို့ခေါ်တာကိုနားထောင်ရတာ အလွန်နားဝင်ချိုပေမယ့် မတရားသူကြီးလို့ခေါ်တာက နားထောင်ရတာ အလွန်ခါးသီးတယ်ဆိုတာပဲဖြစ်ပါတယ်။ ဒါကြောင့် မတရားသူကြီးမဖြစ်စေဖို့ အလွန်အရေးကြီးပါတယ်။

တရားသူကြီးကောင်းတစ်ဦးဖြစ်ဖို့ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟဆိုတဲ့ အဂတိလေးပါးကင်းဖို့ လိုအပ်ပါတယ်။ ဆန္ဒဂတိမှာပါတဲ့ လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်းပြီး တရားသူကြီးတွေကို အဓိကစွပ်စွဲခံနေရပါတယ်။ အဓိကအကြောင်းအရင်းကတော့ လုံလောက်တဲ့လစာမရလို့ စားဝတ်နေရေးအတွက်လို့ဆိုကြပါတယ်။ စားဝတ်နေရေးကြောင့်ပဲဖြစ်ဖြစ်၊ စီးပွားဖြစ်ပဲဖြစ်ဖြစ် လာဘ်စားတဲ့တရားသူကြီးသုံးမျိုးရှိနိုင်ပါတယ်။ ပထမအမျိုးအစားက ဥပဒေ၏မျက်နှာကိုမထောက်၊ အမှန်တရားကိုမျက်ကွယ်ပြု၍ ငွေများများပေးနိုင်တဲ့အမှုသည်ကို အနိုင်ပေးသူပါ။ ဒုတိယအမျိုးအစားက ဥပဒေအရ အနိုင်ရရှိနိုင်တဲ့အမှုသည်ကို ရေလာမြောင်းပေးလုပ်တယ်၊ ငွေရရ မရရဥပဒေနဲ့အညီသာ စီရင်ဆုံးဖြတ်တယ်။ တတိယအမျိုးအစားက အမှန်အတိုင်းဆုံးဖြတ်တယ်။ အမှုသည်က ငွေပေးရင်တော့ယူတယ်။ လုံးဝလာဘ်စားမှုမပြုတော့တဲ့တရားသူကြီးတွေလည်းရှိနေတာကို ဂုဏ်ယူဖွယ်ရာတွေ့လာရပါတယ်။ လုံးဝလာဘ်မစားတာကတော့ အကောင်းဆုံးပါပဲ။ ဒီလိုဖြစ်အောင် ငါဟာ တရားဌာနရဲ့အရိပ်အာဝါသကိုမှီခိုလာတဲ့ကာလမနည်းတော့ဘူး။ ဒီနေ့ကစပြီးတော့ လစာငွေလုံလောက်အောင်ရတဲ့ကာလအထိ တောင့်ခံမယ်လို့ဆုံးဖြတ်ဆောင်ရွက်ဖို့လိုပါတယ်။ နားထောင်ရအလွန်ကောင်းပေမယ့် လက်တွေ့ကျင့်သုံးဖို့ အလွန်ခက်ခဲပါတယ်။ တိုင်စာတွေ၊ စောင့်ကြည့်မှုတွေကြောင့် ပထမအမျိုးအစားတရားသူကြီးအရေအတွက် နည်းပါးလာပြီး ဒုတိယနဲ့တတိယအမျိုးအစားတရားသူကြီးအရေအတွက် ရှိနေသေးတယ်လို့ထင်ပါတယ်။ လာဘ်မစားဘဲမနေနိုင်ရင်တောင် တတိယအမျိုးအစားထဲမှာပါဝင်အောင်ကြိုးစားဖို့လိုအပ်နေပြီဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ–၃(က)တွင် အဂတိလိုက်စားမှုကိုအဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ မိမိရဲ့လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးစားပြုခြင်းမရှိဘဲ အမိန့်ချမှတ်သည်။ ထိုအမိန့်ချမှတ်ရန်အတွက် ကြိုတင်ကမ်းလှမ်းခြင်း၊ ကတိပြုခြင်းတို့မရှိဘဲ အမိန့်ချမှတ်ပြီးနောက်ပိုင်းမှအမှုသည်က လာရောက်ပေးသည့်ငွေ သည် အဂတိလိုက်စားမှုမမြောက်ဟုယူဆမိပါသည်။ တတိယအမျိုးအစားတရားသူကြီးသည် ထိုအမျိုးအစားမှာပါဝင်ပါမယ်။ လူ့ကျင့်ဝတ်အရဖြစ်စေ၊ တရားသူကြီးတစ်ဦးစောင့်ထိန်းရမယ့်ကျင့်ဝတ်အရဖြစ်စေ မသင့်တော်တဲ့အလုပ်လို့တော့ ဆိုနိုင်ပါတယ်။

အဂတိလိုက်စားမှုမပြုရုံနဲ့တရားသူကြီးကောင်းတစ်ယောက်ဖြစ်မလာနိုင်သေးပါဘူး။ ကျန်တဲ့အဂတိတွေကိုလည်း ကင်းအောင်ဆောင်ရွက်ဖို့လို့ပါတယ်။ အမှုသည်၊ ၎င်းတို့ရဲ့ရှေ့နေ စသည်တို့အပေါ် ဒေါသထွက်ပြီး ဒေါသအလျောက် အမိန့်မချမိအောင် ကိုယ့်ကိုယ်ကို သတိထားရပါမယ်။ ပုထုဇဉ်ဖြစ်တဲ့အတွက် ဒေါသဖြစ်နိုင်ပါတယ်။ ဒေါသဖြစ်တဲ့အမှုတွေမှာ အမိန့်မချမှတ်မီ သေချာဆန်းစစ်ကြည့်ဖို့လိုအပ်ပါတယ်။

အများက တရားသူကြီးတွေလာဘ်စားတဲ့အကြောင်းပြောနေပေမယ့် အဓိကရင်ဆိုင်နေတဲ့အဂတိတရားကတော့ ဘယာဂတိဖြစ်တဲ့အကြောက်တရားဖြစ်နေပါတယ်။ အဓိကအကြောင်းအရင်းကတော့ ခရိုင်နှင့်မြို့နယ်အဆင့်တရားသူကြီးများကို ဥပဒေအရအကာအကွယ်ပြုထားသည့်ပြဋ္ဌာန်းချက်များလုံလောက်စွာမရှိတာကြောင့်ဖြစ်ပါတယ်။

တိုင်ကြားခံရလို့အရေးယူခံရရင် အနည်းဆုံးသတိပေးခံရနိုင်ပြီး ထောင်နန်းစံရတဲ့အထိဖြစ်နိုင်ပါတယ်။

တိုင်ကြားမှုမမှန်သော်လည်း အထက်လူကြီးက အထင်အမြင်လွဲမှားခံရရင် တရားစီရင်ရေးအာဏာကိုရုပ်သိမ်းခံရနိုင်ပါတယ်။ ဒါကြောင့် မိမိရဲ့တရားစီရင်ရေးအာဏာကို ရုပ်သိမ်းနိုင်တဲ့၊ ပြောင်းရွှေ့တာဝန်ချထားနိုင်တဲ့ အထက်အရာရှိများကိုကြောက်ရွံ့ကြပြီး ဒေသဆိုင်ရာအာဏာပိုင်များ၊ လွှတ်တော်များ၊ အခြားအဖွဲ့အစည်းများနဲ့လည်း ပဋိပက္ခမဖြစ်လိုကြပါဘူး။ ဒီလိုလွှမ်းမိုးလာတာတွေကိုတွန်းလှန်လိုတဲ့ စိတ်ဓာတ်ခိုင်မာသူနည်းပါးပြီး စကားနည်းရန်စဲအနေနဲ့ လွှမ်းမိုးသူအလိုကျဆောင်ရွက်ပေးလိုကြပြီး ပြည်သူဘက်ကရပ်တည်မှုအားနည်းလာကြတယ်။ ဥပမာအားဖြင့် ရာဇဝတ်မှုတစ်ခုမှာ တရားခံပြစ်မှုကျူးလွန်တယ်လို့ယူဆရန်ငြိစွန်းချက် အနည်းငယ်ရှိသော်လည်း သံသယကင်းရှင်းစွာပြစ်ဒဏ်ချမှတ်နိုင်မှုမရှိတဲ့အမှုမှာ တရားသူကြီးအချို့က 'ဒီအမှုကိုလွှတ်လိုက်ရင် ငါ့ကိုအထက်က လာဘ်စားပြီးလွှတ်လိုက်တယ်လို့ထင်မယ်၊ ထောင်ချလိုက်တာပဲတာဝန်ကင်းတယ်၊ မှားရင် အထက်ရုံးက ပြင်လိမ့်မယ်'လို့ ဘယာကတိနဲ့စဉ်းစားဆုံးဖြတ်လာမှုတွေရှိနိုင်လာပါတယ်။ အဓိကကတော့ ကိုယ့်ကိုအများက ယုံကြည်မှုရှိလာအောင် တည်ဆောက်ဖို့အရေးကြီးပါတယ်။ ကြောက်ရွံ့မှုမရှိဘဲ အမှန် အတိုင်းဆုံးဖြတ်ကြည့်ပါ။ ပထမပိုင်းမှာ အထက်လူကြီးက လာဘ်စားပြီးဆုံးဖြတ်တယ်လို့ထင်ကောင်းထင်နိုင်ပါတယ်။ အထက်လူကြီးက သံသယရှိရင် အမှုတွဲတောင်းကြည့်ပါလိမ့်မယ်။ ပတ်ဝန်းကျင်သတင်းစုံစမ်းပါလိမ့်မယ်။ အများယုံကြည်မှုတည်ဆောက်ထားပြီး အမှုတွဲပါသက်သေခံချက်များကို ဥပဒေနဲ့အညီသုံးသပ်ထားတာအထက်လူကြီးကတွေ့လာရင် နောက်ပိုင်းမှာ မိမိဆုံးဖြတ်ချက်ဟာ လာဘ်ပေးလာဘ်ယူမှုကြောင့်မဟုတ်တာကို လက်ခံလာပါလိမ့်မယ်။

မမှန်မကန်တိုင်ကြားခဲ့သူတွေကို အရေးယူမှုနည်းတဲ့အတွက်ကြောင့် တရားသူကြီးတွေကို အကြောက်တရားပိုစေခဲ့ပါတယ်။ တိုင်ကြားမှုဟာ ရာနှုန်းပြည့်မမှန်ကန်နိုင်ပါဘူး။ မမှန်တဲ့တိုင်ကြားမှုတွေကို ထိရောက်စွာအရေးမယူနိုင်ရင် တိုင်ကြားသူတွေက တရားသူကြီးကြောက်ရွံ့စေရန် ရည်ရွယ်၍ လက်လွတ်စပယ်တိုင်ကြားလာနိုင်ပါတယ်။ အမှုသည်များက တရားသူကြီးတွေကို ငွေပေးပြီးစည်းရုံးမယ်။ စည်းရုံးလို့မရရင် တိုင်စာ၊ ပစ်စာနဲ့ခြိမ်းခြောက်မယ်၊ မီဒီယာကတစ်ဆင့် တစ်ဖက်သတ်အမြင်တွေနဲ့သတင်းလွှင့်မယ်၊ ဆန္ဒပြမယ်၊ ဒီလိုနည်းတွေနဲ့ တရားသူကြီးတွေကိုကြောက်ရွံ့စေနိုင်ပါတယ်။

အလုပ်ဝင်စက ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ကြောက်တတ်ရင် တရား–သကြီး(တရားသူကြီး)မလုပ်နဲ့လို့ဆုံးမဖူးပါတယ်။ ဥပဒေအရ အကာအကွယ်အားနည်းလို့ ကြောက်စိတ်ဝင်နေတဲ့သူအချို့ရှိနေတယ်ဆိုတာကို တွေ့နေရပါတယ်။ မိမိကိုယ်ကိုယ်ကြောက်စိတ်ရှိ၊ မရှိဆန်းစစ်ပါ။ ဘာကြောင့် ကြောက်နေတယ်ဆိုတာကိုအဖြေရှာပါ။ အဓိကကတော့ မိမိရဲ့ရာထူးနဲ့လုပ်ပိုင်ခွင့်တွေ ဆုံးရှုံးခံရမှာကြောက်လို့ဆိုတာရှင်းပါတယ်။ ငါအလုပ်ပြုတ်ရင် ပြုတ်ပါစေ၊ ဥပဒေနဲ့အညီ ပြည်သူတွေအကျိုးအတွက် အမှန်တရားဘက်ကရပ်တည်မယ်လို့ ဆုံးဖြတ်ပြီး ဆောင်ရွက်လိုက်ပါ။ အကြောက်တရားကင်းဝေးသွားပြီးအမှန်တရားကိုပိုမိုမြင်လာနိုင်ပါတယ်။ လုံးဝလွတ်လပ်ပြီလို့မဆိုနိုင်ပေမယ့် ခေတ်ပြောင်းသွားပြီဆိုတာကို အနည်းငယ်သတိပြုစေလိုပါတယ်။ အာဏာရှင်လက်ထက်က သူတို့အလိုကျမဟုတ်ဘဲ ဥပဒေနဲ့အညီ မှန်ကန်စွာလုပ်ခဲ့တဲ့သူတွေကို အရေးယူအပြစ်ပေးမှုတွေရှိခဲ့ပါတယ်။ ဒီဘက်ခေတ်မှာတော့ ဒီလိုအရေးယူအပြစ်ပေးမှုတွေမရှိသလောက် နည်းပါးနေပါပြီ။ အထက်လူကြီးအလိုကျမဆောင်ရွက်ခဲ့လို့ ပြောင်းရွှေ့ခံရတာလည်း ယခင်ကရှိကောင်းရှိနိုင်ပေမယ့် ယခုမကြားမိသလောက် ပါပဲ။ ဒါကြောင့် ယခင်ကလို အကြောက်တရားသိပ်မထားကြဖို့တိုက်တွန်းလိုပါတယ်။ အဓိကကတော့ အမှုမှန်ဖြစ်စေကာမူ တရားစွဲအဖွဲ့အစည်းက သက်သေခံအထောက်အထားမလုံလောက်ဘဲ

တရားစွဲတင်တာ တွေ၊ တရားလိုဘက်မှသက်သေအခိုင်အလုံမပြနိုင်တာတွေကို လာဘ်ပေးလာဘ်ယူကင်းစွာနဲ့ ရဲရဲဝံ့ဝံ့လွှတ်ပစ်ဖို့ လိုပါမယ်။ သူတို့ရဲ့အားနည်းချက်ကို တရားရုံးကဖြည့်ပေးဖို့မလိုပါဘူး။ ဒါမှ နောက်အမှုတွေမှာ စနစ်တကျတည်ဆောက်လာကြပါလိမ့်မယ်။ တရားခံတွေကို သက်သေခံချက်ပြည့်စုံစွာနဲ့ အပြစ်ပေးနိုင်မှ တရားစီရင်ရေးကို ပြည်သူတွေက ယုံကြည်လာပါမယ်။ တရားစီရင်ရေးအဆိုတစ်ခုရှိပါတယ်။ အပြစ်ရှိသူ တစ်ရာကို မှားပြီးလွှတ်မိရင်လွှတ်မိပါစေ။ အပြစ်မဲ့သူတစ်ဦးကို မှားပြီးထောင်မချမိပါစေနဲ့လို့ ဆိုပါတယ်။ အလုပ်ပြုတ်မှာတင် မကြောက်ကြပါနဲ့။ ငရဲကျမှာကိုလည်း ကြောက်ကြပါဦး။

ဒီလိုအကြောက်တရားကင်းဖို့အတွက် အမှားနဲ့အမှန်ကိုခွဲခြားသိမြင်နိုင်တဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို တတ်သိကျွမ်းကျင်ဖို့လိုအပ်ပါတယ်။ ကိုလိုနီခေတ်ကစတင်ကာ ခေတ်အဆက်ဆက်မှာတရားစီရင်ရာတွင် အကြောက်တရားနဲ့ဆောင်ရွက်ခဲ့ကြရပါတယ်။ ဒီအလေ့အထတွေကြီးထွားလာတဲ့အခါ တရားသူကြီးအချို့ဟာ အစိုးရအလိုကျဆောင်ရွက်မှသာအန္တရာယ်ကင်းမယ်လို့ခံယူကြပြီး ဥပဒေများ၊ နည်းဥပဒေများ၊ တရားရုံးလက်စွဲများ၊ စီရင်ထုံးများကိုလေ့လာခြင်းမရှိတော့လို့ စွမ်းရည်ကျဆင်းလာကြပါတယ်။ လေ့လာသူများကိုပင် အပိုအလုပ်လုပ်နေသူများအဖြစ် ဝေဖန်ခဲ့ကြသည်။ မိမိကိုယ်တိုင်ကြိုးစားလေ့လာသူများမှအပ သာမန်ပုဂ္ဂိုလ်တွေဟာ အရည်အသွေးမမီသူများဖြစ်လာကြသည်။ ဒါကြောင့် ဥပဒေနဲ့အညီ အမှား၊ အမှန်ကိုပိုင်းခြားရာမှာ အားနည်းမှုတွေရှိလာခဲ့ပြီး အရည်အသွေးကျဆင်းလာခဲ့ပါတယ်။ ဘယာကတိနှင့်မောဟာကတိတို့ပေါင်းစည်းသွားနိုင်ပါတယ်။ အမှန်တရားကိုမသိတဲ့အတွက် အမှားအမှန်ကိုမခွဲခြားနိုင်ဘဲ အပြစ်မရှိသူတွေကို ထောင်ချလိုက်တာ မျိုးကိုဆိုလိုပါတယ်။

တရားစီရင်ရေးစနစ်အားနည်းနေတာဟာ ဘယ်သူ့ကြောင့်ဖြစ်တယ်၊ စနစ်မကောင်းလို့ဖြစ်တယ်လို့ အပြစ်ပုံချနေမယ့်အစား၊ သို့မဟုတ် လုံခြုံမှုမရှိလို့၊ လစာငွေမလုံလောက်လို့စသည့်ဖြင့် အကြောင်းပြနေမယ့်အစား အဓိကတာဝန်ရှိတဲ့တရားရေးက စတင်ပြင်ဆင်ရမှာဖြစ်ပါတယ်။ မိမိကိုယ်ကိုစတင်ပြင်ဆင်သင့်ပါတယ်။ အထက်အဆင့်ဆင့်ကနေ အောက်ခြေအထိ တစ်ဦးချင်းပြင်ဆင်ပြီး ကောင်းတဲ့ရလာဒ်ရလာအောင်၊ အများက လက်ခံလာအောင်ဦးစွာဆောင်ရွက်ပါ။ ပြည်သူတွေက လက်ခံယုံကြည်လာတဲ့အခါ မိမိတို့ရဲ့လိုအပ်ချက်တွေကို အစိုးရ၊ လွှတ်တော်သို့တင်ပြတောင်းခံလာနိုင်ပါမယ်။ မှန်မှန်ကန်ကန်နဲ့ရဲရဲဝံ့ဝံ့ဆောင်ရွက်တဲ့သူတွေကို အကာအကွယ်ပေးမယ့်ဥပဒေတွေပြဋ္ဌာန်းနိုင်အောင် တင်ပြတောင်းခံနိုင်ပါလိမ့်မယ်။ ဒီလိုတောင်းခံတဲ့အခါ မိမိရာထူးကို ထိခိုက်လေမလား၊ လုပ်ပိုင်ခွင့်တွေလျော့နည်းသွားမလားဆိုတဲ့စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပြည်သူအတွက်၊ ဌာနအတွက်၊ တိုင်းပြည်အတွက်ဆိုတဲ့စစ်မှန်တဲ့စိတ်နဲ့ တောင်းခံဖို့လိုအပ်ပါတယ်။ မိမိတို့ဘက်ကစတင်ပြင်ဆင်ပြီး ပြည်သူအများလက်ခံနိုင်တဲ့အဆင့်ရောက်လာရင် မိမိတို့လိုအပ်ချက်တွေကိုလည်း ပြန်လည်ဖြည့်ဆည်းပေးလာမှာပါ။ ပြည်သူတွေရဲ့ယုံကြည်ချက်ကိုရအောင် အားလုံးလက်တွဲဆောင်ရွက်ကြဖို့ လေးနက်စွာတိုက်တွန်းအပ်ပါတယ်။ ။

**ဂျူနီယာတုတ်ကလေး**

# စီရင်ချက်နှင့်တရားရေးပုံရိပ်

## ဂျူနီယာတုတ်ကလေး

တရားသူကြီးများသည် စီရင်ချက်နှင့်အမိန့်များကို စနစ်တကျရေးသားတတ်စေရန် အထူးအရေးကြီးသည်။ စီရင်ချက်ကောင်းမှတစ်ဆင့် တရားရုံးများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်လျက်ရှိသည်ကို အမှုသည်များအပါအဝင် ပြည်သူများက လက်ခံယုံကြည်လာစေနိုင်ပြီး တရားဥပဒေစိုးမိုးရေးကို မြှင့်တင်နိုင်ပါသည်။ စီရင်ချက်သည် တရားစီရင်ရေးလုပ်ငန်း၏ နောက်ဆုံးရလဒ်ဖြစ်ပြီး အမှုသည်များအကြားတွင် အငြင်းပွားသည့်အချက်များကို ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ တရားစီရင်ရေး၏ တရားမျှတမှုပုံရိပ်တစ်ခုဖြစ်သည်။ ထို့ကြောင့် တရားသူကြီးတိုင်းသည် အမှုတိုင်းတွင် အရည်အသွေးမပြည့်မီသည့်စီရင်ချက်များကို မပျက်မကွက် ရေးသားရန်မှာ တရားရေး၏ အလွန်အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည်ဟု အလေးအနက်မှတ်ယူရမည်ဖြစ်ပေသည်။

တရားသူကြီးသည် လူသားတစ်ဦးဖြစ်သည့်အတွက် သာမန်လူသားများကဲ့သို့ အားနည်းချက်နှင့် အားသာချက်များရှိသည်။ တရားသူကြီးအသစ်များသည် လုပ်ငန်းခွင်ဝင်စတွင် မိမိကိုယ်တိုင်သတိမပြုမိသည့် ဘက်လိုက်လိုသော စိတ်ဓာတ်များ၊ သနားစိတ်များရှိနေနိုင်သည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် တရားသူကြီးများသည် သဘာဝယုတ္တိစွာ တွေးခေါ်၍ စီရင်ချက်ကို စနစ်တကျရေးသားရန် အထူးလိုအပ်သည်။ ထို့ကြောင့် စီရင်ချက်ရေးသားသည့် နည်းနာများကို စနစ်တကျ သိရှိရန် လိုအပ်ပေသည်။ စီရင်ချက်များကို ကြောက်ရွံ့မှုကင်းမဲ့စွာ ရေးသားနိုင်မှသာ လွတ်လပ်စွာ တရားစီရင်ရေးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဟု စိတ်နှလုံးတွင် စွဲမြဲစွာ မှတ်သားထားရန် လိုအပ်သည်။ စီရင်ချက်သည် တရားသူကြီး၏ အသက်ဖြစ်သကဲ့သို့ တရားသူကြီး၏ ပုံရိပ်လည်းဖြစ်သည်။ တရားသူကြီးများ၏ တည်ကြည်မှု၊ စိတ်ရှည်သည်းခံမှု၊ တရားမျှတစွာ ဆောင်ရွက်နိုင်မှု၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မှု၊ စိတ်နှလုံးဖြူစိတ်မှု၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်မှုစသည်တို့သည် စီရင်ချက်တွင် ပေါ်လွင်နေသည်။

စီရင်ချက်ကို သာမန်အားဖြင့် နှစ်ဖက်အမှုသည်များအတွက်သာ ရည်ရွယ်၍ ရေးသားကြသည်။ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ တရားရုံး၏ ဆောင်ရွက်ချက်များကို အမှုသည်များသာမက ပြည်သူများ၊ မီဒီယာ၊ လွှတ်တော်၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ စိတ်ပါဝင်စားသူများ စသည့် ကဏ္ဍအသီးသီးကပါ လေ့လာစောင့်ကြည့်နေကြသည်။ ထို့ကြောင့် စီရင်ချက်ကို အမှုသည်များ၊ ရှေ့နေများ၊ ဥပဒေကျောင်းသားများ၊ သတင်းမီဒီယာများ၊ ပြည်သူလူထု၊ အပြည်ပြည်ဆိုင်ရာမှ စိတ်ပါဝင်စားသူများ၊ အယူခံတရားရုံးများနှင့် မိမိကိုယ်တိုင်အတွက် ရည်ရွယ်၍ ရေးသားသင့်သည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများသည် တရားစီရင်ရေးစနစ်၏ ခိုင်မာမှုကို လေ့လာနေသဖြင့် အပြည်ပြည်ဆိုင်ရာမှ စိတ်ပါဝင်စားသူများအတွက်လည်း ရည်ရွယ်ရေးသားရခြင်းဖြစ်ပါသည်။ မိမိကိုယ်တိုင်အတွက် ရေးသားရ

မည်ဆို၍ အနည်းငယ်နားရှုပ်နိုင်ပေသည်။ အခြားသူကို လိမ်ညာ၍ ရကောင်းရနိုင်သည်။ မိမိကိုယ်ကို လိမ်ညာ၍ မရနိုင်ပါ။ ထို့ကြောင့် ဤစီရင်ချက်သည် အဂတိတရား (၄)ပါးကင်းစွာဖြင့် ရေးသားထားခြင်းဖြစ်ကြောင်း မိမိကိုယ်တိုင်အကြွင်းမဲ့ ယုံကြည်ရမည်။ မိမိကိုယ်တိုင် ရှင်းလင်းစွာ သဘောပေါက်ရမည်။ အထက်တွင်ဆိုသကဲ့သို့ စီရင်ချက်သည် မိမိ၏ ကျွမ်းကျင်မှုနှင့် စိတ်နှလုံးကို ဖော်ပြခြင်းဖြစ်၍ မိမိဂုဏ်သိက္ခာအတွက် ရေးသားခြင်းဖြစ်သည်ဟု ခံယူ၍ ရေးသားရန် လိုအပ်သည်။

စီရင်ချက်သည် အမှုသည်များအနက် ရှုံးနိမ့်သည့်အမှုသည်ကို ရည်ရွယ်၍ရေးသားရန် လိုအပ်သည်။ အနိုင်ရသည့်အမှုသည်သည် မည်သည့်အတွက် အနိုင်ရသည်ကို စိတ်ဝင်စားမှုအားနည်းသည်။ ရှုံးနိမ့်သည့်အမှုသည်သည် မည်သည့်အတွက် ရှုံးနိမ့်ရသည်ကို သိလိုသည်။ မည်သည့်အတွက် ရှုံးနိမ့်ရကြောင်းကို ၎င်းကိုယ်တိုင် လက်ခံနိုင်လောက်သည့် အကြောင်းပြချက်များ ပေးနိုင်ရမည်။ တရားခံအားလွှတ်သည့် အမှုသာမက ပြစ်ဒဏ်ချမှတ်သည့်အမှုကိုပါ ခိုင်လုံသည့် အကြောင်းပြချက်ပေးရမည်။ ချမှတ်သည့် ပြစ်ဒဏ်အနည်းအများအပေါ်တွင်လည်း လုံလောက်သည့် အကြောင်းပြချက်ပေးရမည်။ အကြောင်းခြင်းရာနှင့် ဥပဒေပြဿနာများကိုလည်း ထုတ်နှုတ်ဆုံးဖြတ်နိုင်ရမည်။ ထိုသို့ဆောင်ရွက်နိုင်ပါက အမှုသည်များ သည် မူလရုံးများ၏ ဆုံးဖြတ်မှုများအပေါ် ကျေနပ်လက်ခံနိုင်လာပြီး အယူခံ၊ ပြင်ဆင်မှု တက်ရောက်မှုများ နည်းပါးလာကာ တရားစီရင်ရေးကို ပြည်သူများက ပိုမိုယုံကြည်လာမည်။

စီရင်ချက်ရေးသားရာတွင် မိမိ၏အကြောင်းပြချက်ကို ဖတ်ရှုသူများက သိရှိနိုင်ရန်အတွက် ဖော်ပြသင့်သည့် အချက်များကိုသာ ဖော်ပြရမည်။ ထိုအချက်များကို အစီအစဉ်တကျဖော်ပြရမည်။ စွဲချက်တင်ရာတွင်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ရာတွင်လည်းကောင်း မိမိ၏အကြောင်းပြချက်ကို တရားခံက ရှင်းလင်းလွယ်ကူသိရှိရန်မှာ လွန်စွာအရေးကြီးသည်။

စီရင်ချက်ရေးသားရာတွင် ရှင်းလင်း၍ နားလည်လွယ်သော စကားအသုံးအနှုန်းများကို အစဉ်တစိုက်သုံးစွဲရန် လိုအပ်သည်။ ကျစ်လစ်မှု၊ ရိုးရှင်းမှုနှင့် ရှင်းလင်းပြတ်သားမှုများသည် စီရင်ချက်ကောင်း တစ်ခု၏ ဝိသေသလက္ခဏာများဖြစ်သည်။ ရှည်လျားသော စီရင်ချက်များကို ဖတ်ကြားလိုခြင်းမရှိကြ၊ နားလည်ရန်ခက်ခဲသည့် ဥပမာများ၊ မလိုအပ်သော ကိုးကားချက်များကို ထည့်သွင်းခြင်း၊ မပြုရ။ ထို့ပြင် ဥပဒေမဲ့အသုံးအနှုန်းများ၊ လွန်ကဲသော ဝေဖန်ချက်များ၊ သိမ်ဖျင်းသောမှတ်ချက်များနှင့် ထေ့ငေါ့ ပြောသောအသုံးအနှုန်းများကို အဓိကထားရှောင်ရှားရမည်။ ထိုအသုံးအနှုန်းများသည် တရားရုံးများ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေကြောင်း အမြဲဂရုပြုရမည်။

စီရင်ချက်ကို တရားခွင်တွင် ဖတ်ကြားရာတွင် မိမိ၏ အမူအရာနှင့် အသံသည် နားထောင်သူတို့အား ဆွဲဆောင်မှု (သို့မဟုတ်) အာရုံပျက်ပြားစေမှု ရှိမရှိ၊ ကြားနာနိုင်စွမ်းရှိ မရှိနှင့် အသက်ပါမှု ရှိ မရှိတို့ကို သတိပြုရမည်။ အမှုသည်များအပါအဝင် နားထောင်နေသူအားလုံး ထင်ရှားပြတ်သားစွာ နားလည်စေရန်အတွက် မိမိ၏ အသံအနေအထားကို ဂရုပြုရမည်။ အချိန်လုံလောက်စွာရရှိပါက မိမိဖတ်မည့်စီရင်ချက်ကို စနစ်တကျ လေ့ကျင့်ချမှတ်နိုင်မှသာ အမှုသည်များအပါဝင် နားထောင်နေသူများက ကောင်းစွာ သဘောပေါက်နိုင်မည်ဖြစ်သည်။ အမှုသည်တိုင်းသည် စီရင်ချက်များကို မိတ္တူရေးကူး၍ ဖတ်ရှုလေ့မရှိပေ။ ထို့ကြောင့်

စီရင်ချက်ကို နားလည်ရှင်းလင်းအောင် ချမှတ်ခြင်းသည် အရေးကြီးခြင်းဖြစ်သည်။

စီရင်ချက်သည် တရားသူကြီးများ၏ အသက်ဖြစ်ပြီး တရားစီရင်ရေး၏ ကြေးမုံပြင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အရေးကြီးသည့်အခါ တရားသူကြီးကို ကယ်တင်နိုင်သူသည် စီရင်ချက်ဖြစ်သကဲ့သို့ တရားသူကြီးအား အရေးယူနိုင်သည်မှာလည်း စီရင်ချက်ပင်ဖြစ်သည်။ တရားမျှတမှု၊ ဘက်မလိုက်မှု၊ သာတူညီမျှရှိမှုနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်မှုစသည့် အင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိမရှိကို စီရင်ချက်မှ တစ်ဆင့် ပေါ်လာသိရှိနိုင်သည်။ ထို့ကြောင့် အရည်အသွေးပြည့်ဝသည့် စီရင်ချက်များကို ရေးသားနိုင်မှသာလျှင် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ပိုမိုခိုင်မာလာမည်ဖြစ်ပါသည်။ အမှုများကို ဥပဒေနှင့်အညီ တရားမျှတစွာ စီရင်ဆုံးဖြတ်ကြောင်းအမှုသည်များ၊ ရှေ့နေများ၊ အယူခံတရားရုံးများ၊ သတင်းမီဒီယာများ၊ ပြည်သူလူထု၊ အပြည်ပြည်ဆိုင်ရာမှစိတ်ဝင်စားသူများက လက်ခံယုံကြည်လာအောင် စီရင်ချက်များကို ရေးသားသင့်ပါသည်။ ထို့ကြောင့် ပြည်သူက ယုံကြည်ကိုးစားသည့် တရားသူကြီးကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် အရည်အသွေးပြည့်ဝသည့် စီရင်ချက်များ ရေးသားကြရန်အတွက် တိုက်တွန်းအပ်ပါသည်။

*(စင်ကာပူနိုင်ငံ၊ တရားလွှတ်တော်ချုပ်၊ တရားစီရင်ရေးကောလိပ်တွင် ကျင်းပခဲ့သည့် "စီရင်ချက်ရေးသားခြင်းနှင့် ချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲမှ ရရှိခဲ့သော ဗဟုသုတများအပေါ် အခြေခံ၍ လုပ်ငန်းခွင်ဝင်စ တရားသူကြီးများအား ရည်ရွယ်ရေးသားတင်ပြခြင်းဖြစ်ပါသည်။)*

**ဂျူနီယာတုတ်ကလေး**



# ဒီကရီအတည်ပြု (ဇာရီပြု)ရာတွင် တွေ့ကြုံရသော အခက်အခဲများအား ဝေမျှခံစားခြင်း

**(သွယ့်နှင်းအိဖေ)တရားရေး**

ကျွန်မ၏ဆယ်နှစ်ကျော်ခန့်ရှိသော တရားရေးဝန်ထမ်းအတွေ့အကြုံအရ ဒီကရီအား အတည်ပြုဆောင်ရွက်သည့်အခါ အလွယ်တကူ အတည်ပြုဆောင်ရွက်နိုင်သည့် ဒီကရီမှာ လွန်စွာ နည်းပါးလှသည်ကို တွေ့ရပါသည်။ ဥပဒေပညာကို လေ့လာဆည်းပူးနေကြသူများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် မောင်ငယ်၊ ညီမငယ်များအနေဖြင့် ဒီကရီအတည်ပြုရာတွင် အလားတူအခက်အခဲများ တွေ့ကြုံလာပါက လွယ်ကူစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုဆောင်းပါးအား ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

တရားမမှုတစ်မှုဆုံးခန်းရောက်သည့်အခါ စီရင်ချက်ချမှတ်ပြီးနောက် ဒီကရီရေးဆွဲရာ၌ ဒီကရီတွင် ပါဝင်ရမည့်အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒီကရီရေးဆွဲပုံရေးဆွဲနည်းနှင့် ပတ်သက်၍လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၀၊ နည်းဥပဒေ ၆ မှ ၁၀ နှင့် တရားရုံးများလက်စွဲအပိုဒ်-၁၇၅ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ထို့ပြင် ဥပဒေပညာရှင်များနှင့် သင်ဆရာ၊ မြင်ဆရာများမှလည်း ဒီဂရီကို မည်သို့မည်ပုံရေးဆွဲရမည်ဖြစ်ကြောင်း ဒီကရီအမျိုးအစားအလိုက်နမူနာပုံစံများဖြင့် လမ်းညွှန်ပြသခဲ့ကြပါသည်။ သို့သော် ထိုသို့လမ်းညွှန်ပြသထားပါလျက် အချို့သော တရားသူကြီးများအနေဖြင့် ဒီကရီရေးဆွဲရာတွင် "တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးလိုက်သည်"ဟု ရေးသားမြဲဖြစ်နေသည်ကို တွေ့ရှိရပါသည်။

မိမိတွေ့ကြုံခဲ့ရသော ဇာရီမှုတစ်မှုတွင် တရားလိုတောင်းဆိုသော သက်သာခွင့်မှာ အိမ်နှင့်မြေအား လက်ရောက်ရလိုမှုဖြစ်ပြီး၊ ယခင်အမှုစစ်တရားသူကြီးမှ ဒီကရီချက်မှတ်ရာ၌ "တရားလိုစွဲဆိုသည့် အမှုအား စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်"ဟု ဖော်ပြထားပါသည်။ အဆိုပါစီရင်ချက်နှင့် ဒီကရီကို အထက် တရားရုံး (၂)ရုံးက အတည်ပြုထားပြီး ထိုဒီကရီအား အတည်ပြုဆောင်ရွက်သည့်အခါ တရားရှုံးဘက်မှ ဒီကရီတွင် တရားနိုင်အား အချင်းဖြစ်အိမ်နှင့်မြေကိုလက်ရောက်ပေးအပ်ရန် ဖော်ပြထားခြင်းမရှိပါကြောင်း၊ ဒီကရီအတည်ပြုရာတွင် ဒီကရီ၌ ဖော်ပြထားသည့်အတိုင်းသာ အတည်ပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း စီရင်ထုံးများ ကိုးကား၍ လျှောက်ထားလာပါသည်။

ဒီကရီအတည်ပြုသော တရားရုံးအနေဖြင့် ဒီကရီကိုကျော်လွန်ဆောင်ရွက်၍ မရကြောင်းနှင့်ပတ်သက်၍ **ဦးအုန်းသော်ပါ-၄ နှင့် ဒေါ်လှတင့်အမှု**[၁]တွင်-

"ဇာရီပြုလုပ်ရာတွင် ဒီကရီတွင် ပါရှိသည့်အတိုင်းသာလျှင် ဆောင်ရွက်ရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခြင်းမရှိနိုင်ပေ။ ဇာရီပြုလုပ်သော တရားရုံးသည် ဒီကရီကို အရှိအတိုင်း၊ ဒီကရီတွင် ပါရှိသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်သာ ရှိသည်။" ဟူ၍ လည်းကောင်း၊

**ဒေါ်စန်း(ခ)ဒေါ်စန်းရီနှင့် ဦးညဏ်(ခ)စွန်ညဏ်ဖတ်အမှု**[၂]တွင် -

(၁) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး

(၂) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီးရင်ထုံး (ဗဟိုတရားရုံး) စာ - ၂၀

"တရားမကြီးမှုများတွင် တရားရုံးကချမှတ်သည် ဒီကရီ၌ပါရှိသည် ဆုံးဖြတ်ချက်များကို အကျိုးသက်ရောက်ရေးအတွက် ဆောင်ရွက်ပေးရန် တရားနိုင်က တရားရုံးသို့ ဇာရီဖွင့်လျှောက်ထားပိုင်ခွင့် ရှိသည်။ ထိုသို့ လျှောက်ထားသည့်အခါ တရားရုံးသည် မိမိချမှတ်ထားသည့် ဒီကရီ၌ ဖော်ပြထားသည့် ဆုံးဖြတ်ချက်များအတိုင်းသာ ဆောင်ရွက်ပေးခွင့်ရှိသည်။ ဒီကရီတွင် မပါရှိသည့် အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးခွင့်မရှိချေ" ဟူ၍လည်းကောင်း လမ်းညွှန်စီရင်ထုံးများရှိပါသည်။

သို့ရာတွင် ဒီကရီကို ကျော်လွန်ဆောင်ရွက်ခွင့်မရှိသော မူသဘောနှင့် အမှုသည်တို့၏ ရပိုင်ခွင့်ကို ပြည့်စုံစွာ ဖော်ပြရေးဆွဲခြင်းမပြုသော ဒီကရီတို့မှာ အနှစ်သာရအမားဖြင့် တူညီခြင်းမရှိပါ။ ယင်းသို့ ဒီကရီတွင် အမှုသည်တို့၏ ရပိုင်ခွင့်အား ပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသဖြင့် ဒီကရီအတည်ပြုဆောင်ရွက်၍ မရကြောင်း ကန့်ကွက်လျှောက်ထားလာပါက ဦးချစ်တင်နှင့် ဒေါ်သန်းသန်းအမှု[3]တွင် လမ်းညွှန်ထုံးဖွဲ့ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်သာဖြစ်ပါသည်။ ထိုအမှုတွင် –

"မရွှေ့မပြောင်းနိုင်သော ပစ္စည်းလက်ရောက်ရလိုမှုတွင် ဒီကရီ၌ "တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည်"ဟူ၍သာ ဖော်ပြပါရှိရာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဖော်ပြရန်ရှိသည်များကို ဖော်ပြရန် ပျက်ကွက်ရုံမျှဖြင့် တရားနိုင်သည် မိမိရရှိပြီး ဒီကရီ၏ အကျိုးခံစားခွင့် မဆုံးရှုံးစေသင့်၊ ဒီကရီကို ပုဒ်မ–၁၅၂အရ လိုအပ်သလို ပြင်ဆင်ရန်ဖြစ်သည်။"ဟု ဆုံးဖြတ်ထားပါသည်။

ထိုသို့ ပြည့်စုံစွာ ရေးသားဖော်ပြထားခြင်းမရှိသည့် ဒီကရီပုဒ်မ ၁၅၂အရ ပြင်ဆင်နိုင်မည်ဖြစ်သော်လည်း အဆိုပါဒီကရီသည် အထက်အဆင့်မြင့်တရားရုံး (၂)ရုံးအထိ အတည်ဖြစ်လျက်ရှိနေသဖြင့် မူလတရားရုံးမှ ထိုဒီကရီအား ပြင်ဆင်နိုင်ခွင့်ရှိ၊ မရှိဆိုသည့် ဥပဒေပြဿနာဆက်လက်ပေါ်ပေါက်လာခဲ့ပါသည်။ သို့ဖြစ်ရာ ယင်းဒီကရီကို မည်သည့်တရားရုံးက ပြင်ဆင်ရန်ဖြစ်သည်ဆိုသည့်အချက်နှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးတင်ပြလိုပါသည်။

**"ဆာရာဘီနှင့်ဟာမစ်ကာစင်အမှု[4]"**တွင် ခရိုင်တရားရုံး၏ ဒီကရီကို တရားလွှတ်တော်က အတည်ပြုထားပြီးဖြစ်၍ ခရိုင်တရားရုံး၏ ဒီကရီမှာ တရားလွှတ်တော်၏ ဒီကရီနှင့် ပေါင်းစပ်သွားသဖြင့် ယင်းဒီကရီကို တရားလွှတ်တော်က တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၂ အရ ပြင်ဆင်ရန် ဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်ရာတွင် ပြန်လည်သုံးသပ်ပေးစေလိုမှုကဲ့သို့ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒီကရီကို ပြင်ဆင်ရန် အယူခံဖွင့်လှစ်ဆောင်ရွက်ရန် မလိုကြောင်း လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

အလားတူ **ဦးအောင်ခင်နှင့် ဒေါ်မြခင် အမှု**[5]တွင်–

"× × × × × × မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ကျောက်မဲခရိုင်တရားရုံးတွင် ၂၀၀၈ခုနှစ်၊ တရားမအယူခံမှု အမှတ် ၇ တွင် အတည်ပြုခဲ့သည်။ ဦးအေးပါ ၃ နှင့်ဒေါ်နှင်းရီပါ ၂ အမှု [6]နှင့် ဦးစင်းတစ်(ခ) ဦးတင်မြင့်ပါ ၂နှင့် ဦးစိန်မြင့် အမှု [7]တို့တွင် ညွှန်ပြချက်အရ မူလမြို့နယ်တရားရုံး၏ ဒီကရီကို

---

(၃) ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ဗဟိုတရားရုံး)၊ စာ–၈၃
(၄) အတွဲ(၄)၊ ရန်ကုန်စီရင်ထုံး၊ စာ ၃၄၇
(၅) ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ–၁၅၂
(၆) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ဗဟိုတရားရုံး)၊ စာ–၃၃၇
(၇) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ – ၃၈

ခရိုင်တရားရုံးက အတည်ပြုခဲ့သဖြင့် တရားဥပဒေသဘောအရ ခရိုင်တရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီကို ခရိုင်တရားရုံးက အတည်ပြုခဲ့သဖြင့် တရားဥပဒေသဘောအရ ခရိုင်တရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွားသဖြင့် မြို့နယ်တရားရုံး၏ ဒီကရီမဟုတ်တော့ဘဲ ခရိုင်တရားရုံး၏ ဒီကရီအဖြစ် တည်ရှိသွားသည်။"ဟူ၍ ထုံးပြုထားပါသည်။

သို့ဖြစ်ရာ အထက်ပါစီရင်ထုံးလမ်းညွှန်ချက်များအရ မူလရုံး၏ ဒီကရီကို အထက်တရားရုံးမှ အတည်ပြုခဲ့ပါလျှင် အတည်ပြုခဲ့သည့် တရားရုံးမှသာ ဒီကရီအား ပြန်လည်ပြင်ဆင်ရမည်ဖြစ်ကြောင်း မြင်သာနေပါသည်။

ထို့ပြင် တရားမကျင့်ထုံးဥပဒေပုဒ်မ–၁၅၂တွင် စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်လိုပါက အချိန်မရွေး ပြင်ဆင်နိုင်သည်ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် **ဦးယုတ်စန်း နှင့် ဦးစမ်းမောင်အမှု**[၈] တွင် ဒီကရီပြင်ဆင်ရာတွင် ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်း၍–

"မူလရုံးတွင် လျှောက်ထားသူက ဒီကရီကို ပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ လျှောက်ထားသူ၏ လျှောက်လွှာသည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ–၁၅၂တွင် အကျုံးဝင်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ–၁၅၂ လျှောက်ထားခြင်းများနှင့်ပတ်သက်၍ ကာလစည်းကမ်းသတ် ပြဋ္ဌာန်းထားခြင်းမရှိ။"ဟု ရှင်းပြဆုံးဖြတ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

ထို့ကြောင့် ဒီကရီတွင် မတော်တဆ(သို့မဟုတ်)ပျက်ကွက်မှုတစ်ခုခုကြောင့် မှားယွင်းချက်များရှိပါက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ ပြင်ဆင်နိုင်သည့်အတွက် အမှုသည်တို့၏ ရပိုင်ခွင့်များကို ပြည့်စုံစွာ ဖော်ပြရေးဆွဲခြင်းမပြုသော ဒီကရီအား တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂အရ ပြင်ဆင်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

အလားတူပင် သီးခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းအတွက် ဒီကရီအား အတည်ပြုဆောင်ရွက်စဉ်က တွေ့ကြုံခဲ့ရသည့် မိမိ၏အတွေ့အကြုံကို ဆက်လက်ဝေမျှလိုပါသည်။ မူလတရားမကြီးမှုတွင် တရားလိုက ဘောကြားမျိုးစပါး တင်း (၅၀)ရလိုကြောင်း စွဲဆိုခဲ့ပြီး၊ တရားပြိုင်မှ ဘောကြားမျိုးစပါးတင်း(၅၀)ပေးရန် ရှိသည်မှာ မှန်ကန်ကြောင်း ဝန်ခံသည့်အတွက် ယခင်အမှုစစ်တရားသူကြီးက တရားပြိုင်မှ တရားလိုအား ဘောကြားမျိုး စပါးတင်း(၅၀)ကို ပေးအပ်စေရန် ဒီကရီချမှတ်ပေးခဲ့ပါသည်။

သို့သော် ဒီကရီအတည်ပြုသည့်အချိန်တွင် တရာရှုံးမှ ဘောကြားမျိုးစပါးများမရှိတော့၍ ဘောကြားမျိုးစပါး တင်း(၅၀)အား ပေးအပ်နိုင်ခြင်းမရှိသော်လည်း တရားရုံးမှ ချမှတ်ပေးသည့်အတိုင်း ဒီကရီကို လိုက်နာဆောင်ရွက်ပါမည်ဟု တင်ပြလာပါသည်။ သာမန်အားဖြင့် သီးခြားရွှေ့ပြောင်းနိုင်သော ပစ္စည်း အတွက် ဒီကရီကိုအတည်ပြုရာတွင် တရားရှုံးကို တရားမအကျဉ်းထောင် ချမှတ်ခြင်းဖြင့်ဖြစ်စေ၊ ယင်းပစ္စည်း အား လက်ရောက်ပေးအပ်ခြင်းဖြင့်ဖြစ်စေ၊ တရားရှုံးပိုင်ပစ္စည်းကို ဝရမ်းစွဲကပ် ရောင်းချခြင်းဖြင့်ဖြစ်စေ အတည်ပြုရမည် ဖြစ်ပါသည်။ သို့သော် မိမိကြုံတွေ့နေသော အခြေအနေအရ တရားရှုံးမှ တရားရုံးက ချမှတ်ပေးသည့်အတိုင်း အတည်ပြုရမည်ဖြစ်ပါသည်။ သို့သော် မိမိကြုံတွေ့နေသော အခြေအနေအရ တရားရှုံးမှ တရားရုံးက ချမှတ်ပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု တင်ပြထားသဖြင့် တရားရှုံးအား တရားမထောင်ချမှတ်ရန် လည်းမသင့် ဒီကရီအရ ပေးဆပ်ရမည့် ပစ္စည်းကလည်းမရှိတော့သဖြင့် ဒီကရီကို

(၈) ၁၉၆၇ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ–၇၆၅

မည်သို့ အတည်ပြု ဆောင်ရွက်ရမည်ကို ဝေခွဲမရဖြစ်ခဲ့ရပါသည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေ အမိန့်၂၁၊ နည်း ၃၁(၂)တွင် ပြဋ္ဌာန်းချက်ကို သေချာစွာ လေ့လာရာတွင် မိမိကြုံတွေ့နေရသည့် ပြဿနာမှာ ရှင်းလင်းလွယ်ကူသွားပြီး၊ ဒီကရီအား ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဆောင်ရွက်နိုင်ခဲ့ပါသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း၃၁(၂)တွင် ပြဋ္ဌာန်းထားသည်မှာ–

"× × × × × × ဒီကရီအရ ပစ္စည်းပေးအပ်ရမည့်အစား တန်ဖိုးငွေမည်မျှပေးရမည်ဟု သတ်မှတ်ထားသည့် ကိစ္စတွင် အဆိုပါပစ္စည်းကို ရောင်းချ၍ရရှိသည့်ငွေမှ ထိုတန်ဖိုးငွေကို တရားနိုင်သို့ပေးစေရန်လည်းကောင်း၊ အခြားကိစ္စများတွင် သင့်သည်ထင်မြင်သည့် လျော်ကြေးကို ပေးစေရန်လည်းကောင်း ဆုံးဖြတ်နိုင်သည့်အပြင် တရားရှုံးက လျှောက်ထားလျှင်လည်း ကျန်ငွေ(ရှိလျှင်)ကို ၎င်းအား ပေးရမည်"ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် **ဦးသန်းထွန်း နှင့် ဦးစန်းမောင် အမှု**[၉] တွင်လည်း –

"တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း–၃၁ အရ ဒီကရီတွင် ပစ္စည်းကို လက်ရောက်ပေးအပ်ခြင်း မပြုနိုင်ပါက တန်ဖိုးငွေမည်မျှပေးရမည်ဟု ပါရှိလျှင် အဆိုပါ တန်ဖိုးငွေကို တရားနိုင်သို့ ပေးစေရန်နှင့် တန်ဖိုးငွေ သတ်မှတ်ထားခြင်းမရှိလျှင် တရားရုံးက သင့်သည်ထင်မြင်သည့် လျော်ကြေးကို ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ မူလဒီကရီတွင် ပစ္စည်းကိုသာ လက်ရောက်ပြန်လည်ပေးအပ်စေရန်ပါရှိပြီး ပစ္စည်းပေးအပ်ခြင်းမပြုနိုင်က တန်ဖိုးငွေမည်၍ မည်မျှပေးရမည်ဟု ပါရှိခြင်းမရှိ၍ ဇာရီရုံးက ထိုက်သင့်သော လျော်ကြေးကို ပေးအပ်စေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။"ဟု ရှင်းလင်းထုံးဖွဲ့ထားပါသည်။

သို့ပါ၍ သီးခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းအတွက် ဒီကရီကို အတည်ပြုဆောင်ရွက်ရာတွင် ယင်းပစ္စည်းကို ပေးအပ်နိုင်ခြင်းမရှိပါက တရားမကျင့်ထုံးဥပဒေ အမိန့်–၂၁၊ နည်း–၃၁ အရ ဇာရီရုံးမှ ထိုက်သင့်သော လျော်ကြေးငွေပေးအပ်ခွင့်ရှိကြောင်း သိရပါသည်။

ထပ်လောင်းတင်ပြလိုသည်မှာ ထိုကဲ့သို့ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ တရားမကြီးမှုစွဲဆိုလာပါက ယင်းပစ္စည်းမပေးအပ်နိုင်လျှင် တရားမကျင့်ထုံးဥပဒေ အမိန့်–၂၀၊ နည်း ၁၀နှင့်အညီ မူလတရားမကြီးမှုတွင်ပင် ပစ္စည်းအစား ပေးအပ်ရမည့် ငွေပမာဏကို စုံစမ်းဖော်ထုတ်ပြီး၊ ဒီကရီချမှတ်ခဲ့ပါလျှင် ဒီကရီအား ပိုမိုလွယ်ကူမြန်ဆန်စွာ အတည်ပြုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဇာရီမှုဆိုင်းငံ့ခြင်းပတ်သက်သည့် ဥပဒေပြဿနာတစ်ခုကိုလည်း ဆက်လက်တင်ပြလိုပါသည်။ မိမိတာဝန်ကျသော မြို့နယ်တစ်ခုတွင် ယင်းတရားရုံးမှ ချမှတ်သည့် အိမ်နှင်လိုမှု ဒီကရီကို အတည်ပြုဆောင်ရွက်စဉ်က တွေ့ကြုံရခြင်းဖြစ်ပါသည်။ ဒီကရီအား အတည်ပြုနေစဉ် တရားရှုံးမှ မူလတရားမကြီးမှုအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဆက်လက်အယူခံလိုပါ၍ ဇာရီမှုအား ဆိုင်းငံ့ပေးရန် လျှောက်ထားလာခြင်းဖြစ်ပါသည်။ မူလရုံး၏ ဒီကရီကို ဒုတိယအယူခံတရားရုံးဖြစ်သည့် တိုင်းဒေသကြီး တရားလွှတ်တော်က အတည်ပြုထားခြင်းဖြစ်ပါသည်။ မူလရုံးမှ ချမှတ်သော ဒီကရီကို ယင်းတရားရုံးတွင်ပင် အတည်ပြုဆောင်ရွက်ခြင်းဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၆အရ ဆိုင်းငံ့နိုင်ခြင်းမရှိပါ။ ထို့အတူ တရားရှုံးမှ တရားနိုင်အပေါ် အပြန်အလှန်စွဲဆိုထားသော တရားမမှုလည်း မရှိသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၉ အရလည်း ဆိုင်းငံ့နိုင်ခြင်းမရှိပါ။ တရားရှုံးလျှောက်ထား

(၉) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ–၁၂၈

သည့် အချိန်မှာလည်း အယူခံဝင်ရန် ကာလစည်းကမ်းသတ်များစွာ ကျော်လွန်ပြီးမှ လျှောက်ထားလာခြင်း ဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၅(၂)အရ ဆိုင်းငံ့ရန်လည်း အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်မှုမရှိပါ။ သို့ဖြစ်ရာ မိမိအနေဖြင့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၁ မူလဘူတအာဏာအရ ဆိုင်းငံ့ထားနိုင်ခြင်း ရှိ–မရှိ လေ့လာရပါသည်။

ယနေ့ မျက်မှောက်ကာလတွင် နှင်လိုမှု ဒီကရီကို အတည်ပြုဆောင်ရွက်သည့်အခါ တရားရုံးများ အနေဖြင့် သတိကြီးစွာ ထားကြရပါသည်။ တရားရုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်လိုပါ ကြောင်း တင်ပြပါလျက် ဇာရီမှုအား ဆိုင်းငံ့ခွင့်မပေးဘဲ ဆက်လက်ဆောင်ရွက်ပါက ဥပဒေပြဿနာတစ်စုံ တစ်ရာ ပေါ်ပေါက်လာပါလျှင် တရားသူကြီး၏ တာဝန်သာဖြစ်ပေသည်။ ဤအခြေအနေတွင် မိမိအနေဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ မူလဘူတအာဏာအရ ဇာရီမှုအား ဆိုင်းငံ့နိုင်မှု ရှိ–မရှိနှင့်စပ်လျဉ်း၍ ဥပဒေ၊ စီရင်ထုံးလမ်းညွှန်ချက်များအား အသေးစိတ်လေ့လာဖတ်ရှုရပါသည်။ ထိုအခါ ဒေါ်ထွေးတင်နှင့် ဒေါ်ကြည်ကြည်အမှု[၁၀]တွင်

"× × × × × × ထူးခြားသော အခြေအနေတစ်ရပ်ရှိသောအခါ တရားရုံးတစ်ရုံးသည် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ပါမူလဘူတအာဏာကို သုံးစွဲ၍ ဇာရီမှုတစ်မှုကို ဆိုင်းငံ့နိုင်သည်။ ဒေါ်ထွေးတင် ရရှိထားသည့် ဒီကရီကို တရားရုံးချုပ်က အတည်ပြုထားသည်ဖြစ်ရာ ယင်းဒီကရီကို ဇာရီပြုလုပ်ခြင်းသည် တရားရုံး၏ယန္တရားကို အလွဲသုံးစားပြုသည်ဟု ကောက်ယူရန် အကြောင်းမပေါ်ပေါက်ချေ။ အကယ်၍ အမွေထိန်းစာကို ပယ်ဖျက်လိုက်ပါမူ ဇာရီမှုအရ ဒေါ်ကြည်ကြည်အနေဖြင့် လက်လွှတ်လိုက်ရသော ပစ္စည်းများ ကို ပိုနေမြဲကျားနေမြဲပြန်ရရန် လျှောက်ထားခွင့်ရှိသည်။ ဤအခြေအနေတွင် တရားမျှတမှုအလို့ငှာဇာရီမှုကို ဆိုင်းငံ့ထားရန် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် လိုမည်မဟုတ်ချေ။ × × × × × × "ဟူ၍ လမ်းညွှန်ထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် တရာမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို တရားမကျင့်ထုံးဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းချက်မရှိသည့်အခါမှသာ ကျင့်သုံးရန်ဖြစ်ကြောင်း ဦးကျော်စိုးနှင့် အက်စ်အလီခန်း(ခ) ဦးလှမောင်ပါ၂အမှု[၁၁]တွင်လည်း လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

သို့ဖြစ်ရာ ဒေါ်ထွေးတင်နှင့် ဒေါ်ကြည်ကြည်စီရင်ထုံးပါ လမ်းညွှန်ချက်အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ဒီကရီအား ပယ်ဖျက်ခဲ့လျှင် တရားရုံးမှ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄အရ ပိုနေမြဲကျားနေမြဲ လျှောက်ထားခွင့်ရှိသဖြင့် ဒီကရီအတည်ပြုခြင်းအား မူလဘူတအာဏာအရ ဆိုင်းငံ့ရန် မလိုအပ်ကြောင်း သိရှိခဲ့ရပါသည်။

အချုပ်အားဖြင့်ဆိုသော် သက်ဆိုင်ရာ ဥပဒေ၊ ပြဋ္ဌာန်းချက်များ၊ စီရင်ထုံးလမ်းညွှန်ချက်များကို စေ့စပ်သေချာစွာ လေ့လာဖတ်ရှုမည်ဆိုပါက ဒီကရီကို အတည်ပြုဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ အတည်ပြု ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**(သွယ်နှင်းအိဖေ)**

**တရားရေး**

---

(၁၀) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ တရားရုံးချုပ် စာ ၅၆(၅၈)

(၁၁) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ ၉

# "သက်သေခံဥပဒေပုဒ်မ–၁၅၅ပါ ပြဋ္ဌာန်းချက်များသည် လောင်းကစားမှုပါ အရပ်သားသက်သေ နှစ်ဦးအပေါ် သက်ရောက်မှု မရှိနိုင်ခြင်းလော"

**ဦးဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)**

တရားမမှုများ၊ ရာဇဝတ်မှုများ၊ အထူးနှင့်အထွေထွေဥပဒေပါ အမှုများစစ်ဆေးခြင်း၊ စီရင်ဆုံးဖြတ်ခြင်းများအတွက် သက်သေခံဥပဒေသည် မရှိမဖြစ် (Essential) မပါမဖြစ်သော ဥပဒေဖြစ်သည်။ ထို့ကြောင့် သက်သေခံ ဥပဒေသည် တရားစီရင်ရေးကဏ္ဍ၏ ပင်မအသက်သွေးကြောမကြီးဟု ဆိုရမည်။ သက်သေခံဥပဒေကို ၁၈၇၂ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် (၁)အဖြစ် (၁–၉–၁၈၇၂)တွင် ပြဋ္ဌာန်းခဲ့သည်ဟု သိရသဖြင့် တစ်ခြားသော (လောင်းကစားဥပဒေအပါအဝင်) ဥပဒေများအထက် စောလျင်စွာ သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်မည်ဟု ထင်မိပါသည်။

သက်သေခံ ဥပဒေပုဒ်မ–၁၅၅ "သက်သေကို မယုံကြည်ထိုက်ကြောင်း ဖော်ထုတ်ခြင်း" ပြဋ္ဌာန်းချက်တွင် သက်သေသည် ယုံကြည်ထိုက်သူမဟုတ်ကြောင်း တဘက်အမှုသည်ကဖြစ်စေ၊ တရားရုံး၏ သဘောတူညီချက်ဖြင့် ၎င်းအား တင်ပြသည့်အမှုသည်က ဖြစ်စေအောက်ပါ နည်းလမ်းများအရ ဖော်ထုတ်နိုင်သည်။

(၁) သက်သေကို သိကျွမ်းသည့် အလျောက်၎င်းမှာ ယုံကြည်ထိုက်သူ မဟုတ်ကြောင်း ယူဆသူများ၏ သက်သေခံချက်။

(၂) သက်သေသည် သက်သေခံရန်အတွက် တံစိုးလက်ဆောင်ရရှိထားကြောင်း (သို့မဟုတ်) တံစိုးလက်ဆောင်ပေးမည်ဆိုသော ကတိရရှိထားကြောင်း (သို့မဟုတ်) အခြားမသင့်လျော်သော သွေးဆောင်မှုတစ်ခုခုကို ရရှိထားကြောင်းထင်ရှားသော သက်သေခံချက်။

(၃) × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

(၄) × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × × × × × × × × × × × × × × × ပါရှိသည်။

လောင်းကစားဥပဒေအခန်း–၃ လောင်းကစားအိမ်တွင် လောင်းကစားခြင်းကို ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် နည်းလမ်းများအ၏ အပိုဒ်–၁၀ "အပိုဒ်–၉အရ ဝင်ရောက်ရာတွင် အပိုဒ် (၉–ခ)တွင် သက်သေခံ အနည်းဆုံးနှစ်ဦးပါရှိမည်ဟုလည်းကောင်း

အခန်း–၄ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် အဖွဲ့ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် နည်းလမ်းများ၏ အပိုဒ် (၁၂–ခ)တွင် အခြားသင့်လျော်မည့် လူပုဂ္ဂိုလ်နှစ်ဦးပါရှိရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

အထက်ပါပြဋ္ဌာန်းချက်အရ လောင်းကစားဖမ်းဆီးရေးအဖွဲ့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ(သို့)အတွင်းရေးမှူးအနေဖြင့် ရဲတပ်ဖွဲ့ဝင်မဟုတ်သည့် မည်သည့်နှစ်ဦး နှစ်ယောက်သော လူပုဂ္ဂိုလ်ကိုမဆို ခေါ်ယူ၍ သက်သေအဖြစ် ထည့်သွင်းပါဝင်စေနိုင်ခွင့် ရှိနေပေသည်။ လူပုဂ္ဂိုလ်နှစ်ဦးနှစ်ယောက်ဆိုရာတွင် ဖမ်းဆီးရေးအဖွဲ့ပါ ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးနှင့် ခင်မင်

ရင်းနှီးသူများသော်လည်းကောင်း၊ ဆွေမျိုးသားချင်းတော်စပ်သူများသော်လည်းကောင်း၊ ဖမ်းဆီးရေးအဖွဲ့ပါ ရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ တံစိုးလက်ဆောင်ရသူများသော်လည်းကောင်း၊ အခကြေးငွေ (နေ့စားလုပ်အားခ) ရယူသူများသော်လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပူးတတွဲတွဲသွားလာနေသူများသော်လည်းကောင်း၊ ရဲတပ်ဖွဲ့မှ အမြဲခေါ်ယူစေခိုင်းနေသူ/ အကူအညီတောင်းခြင်းခံရသူသော်လည်းကောင်း ပါဝင်ကောင်း ပါဝင်နိုင်မည်ဖြစ်သည်။

စာရေးသူအမှုလိုက်ပါသည့် မြို့နယ်တွင် လောင်းကစားဖမ်းဆီးရေးအဖွဲ့ပါ သက်သေနှစ်ဦးတို့အား ဖမ်းဆီးမှုတိုင်းလိုလိုတွင် ခေါ်ယူအသုံးပြုနေသည်ကို တွေ့ရပါသည်။ ဒီလူနှင့်ဒီလူ၊ တစ်ခါလာလည်း မွဲပြာ ပုဆိုး၊ နောက်တစ်ခါလာလည်း မွဲပြာပုဆိုး ဂျာအေးသူ့အမေရိုက်ဆိုသလို ဖြစ်နေပါသည်။ ထို့အပြင် အဆိုပါ သက်သေနှစ်ဦးတို့က ဖမ်းဆီးခံရသူ (တရားခံများ)ထံ သွားရောက်ပြီး ၎င်းတို့ကို ဘယ်လိုညှိလျှင် ဘယ်လိုထွက်ဆိုပေးမည်။ ပိုက်ဆံမပေးလျှင် မပေးသလို ငြိစွန်းအောင် ထွက်ဆိုမည်။ ၎င်းတို့သည် အမှုတွင် အဓိကကျသည့် သက်သေတွေဖြစ်သည်။ ၎င်းတို့ ထွက်ဆိုချက်အပေါ်မူတည်ပြီး တရားရုံးက ပြစ်ဒဏ်သတ်မှတ်လိမ့်မည်ဟု ခြိမ်းခြောက်သလိုလို၊ အကူအညီပေးမလိုလိုဖြင့် ပြုမူလှုပ်ရှားနေသည်ကို တွေ့ရသည်။ ထို့အပြင် ၎င်း (သက်သေ)တို့နှင့် အလျဉ်းသင့်သော ရှေ့နေများအား ငှားရမ်းရန် လမ်းကြောင်းပြ ပြောဆိုပြီး ရှေ့နေခရငွေထဲမှ ကော်မရှင်ရယူမှုများလည်း ရှိနေသည်။ မသိနားမလည်သော (တရားခံများ)က ၎င်းတို့ကို စေတနာမပါသော်လည်း ရွံကြောက် (မချစ်သော်လည်းအောင့်ကာနမ်း)ဆိုသလိုဖြင့် ညှိနှိုင်းဆောင်ရွက်ကြရသူများရှိကြသည်။ သို့ရာတွင် တရားခွင်၌ ၎င်းတို့ မည်သို့ပင် ထွက်ဆိုချက်ပေးစေကာမူ ထောင်ဒဏ်ချမှတ်ခံရသည်များရှိလာမှုတွင် ၎င်းသက်သေများအပေါ် မကျေနပ်မှုသည် လမ်းကြောင်းပြောင်းကာ တရားသူကြီးများ၏ အမိန့်အပေါ် အမြင်မကြည်လင်မှုများ ရှိလာနိုင်ပါသည်။ ၎င်းတို့အား ညှိနှိုင်းဆောင်ရွက်ခြင်းမရှိဘဲ အမှုရင်ဆိုင်သော (တရားခံများ)ထောင်ဒဏ်ချမှတ်ခံရပါက ၎င်း(သက်သေများသည်) ယင်းအဖွဲ့ နှင့် အမြဲတွဲသွားတွဲလာပြုပြီး ရဲနှင့် ရင်းနှီးသူများဖြစ်၍ ရဲဘက်က လိုက်ကာထွက်ဆိုသဖြင့် ထောင်ဒဏ်ချမှတ်ခြင်းခံရကြောင်းဖြင့် ၎င်း (သက်သေများ)အပေါ် မကျေနပ်မှုများ ရှိလာကြသည်။

အခြားသော ရာဇဝတ်မှုခင်းများတွင်ပင် ၎င်း(အထက်ပါသက်သေများ)အား ရဲမှရှာဖွေသက်သေ အဖြစ် အကူအညီတောင်း ခေါ်ယူအသုံးပြုနေသည်ကို တွေ့ရပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၁၀၃(၁)ကို ဆန့်ကျင်လျက်ရှိနေကြသည်။

သို့ဖြစ်ရာ လောင်းကစားဥပဒေ အခန်း–၄၊ အပိုဒ်–၁၆ အရ လောင်းကစားဖမ်းဆီးရေးအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ကို အမြဲတမ်းမထားရှိဘဲ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဖမ်းဆီးရေးအဖွဲ့ပါ သက်သေများအား အမြဲဒီလူနှင့်ဒီလူဖြင့် မပါစေရန် ရည်ရွယ်ထားခြင်း ဖြစ်သည်ဟု စာရေးသူက ယူဆမိပါသည်။

**တရားစီရင်ရေးအဖွဲ့သည် လောင်းကစားဥပဒေအရ ချမှတ်သည့် ငွေဒဏ်မှဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် ငွေမှ ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည်။ ပစ္စည်းများ ရောင်းရငွေမှဖြစ်စေ၊ ဖမ်းဆီးရာတွင် ပါဝင်သူတို့အား (သက်သေနှစ်ဦးအပါအဝင်) ဆုငွေချီးမြှင့်နိုင်သည်ဟူသော ပြဋ္ဌာန်းချက်သည် သက်သေခံအက်ဥပဒေပုဒ်မ–၁၅၅၊ အစဉ်–၂ပါ တံစိုးလက်ဆောင်ပေးမည်ဆိုသော ကတိရရှိထားကြောင်းဆိုသည့် ပြဋ္ဌာန်းချက်နှင့် ချိတ်ဆက်မှု ရှိနေသည်ကို တရားသူကြီးများ သတိမူသင့်ပါသည်။**

လောင်းကစားဖမ်းဆီးရေးအဖွဲ့ ဖွဲ့စည်းရာတွင် ဖမ်းဆီးပိုင်ခွင့်ရှိသော အဖွဲ့ဥက္ကဋ္ဌ(သို့မဟုတ်) အတွင်းရေးမှူးက အရပ်သားမည်သူနှစ်ဦးနှစ်ယောက်ကိုမဆို သက်သေအဖြစ်ပါဝင်နေရန် ထည့်သွင်းခွင့်ရှိသော်လည်း ဆင်ခြင်စဉ်းစား၍ ပုံသေလူမထားဘဲ လူအသစ်ထည့်၍ ရှာဖွေဖမ်းဆီးစေခြင်းဖြင့် ဖမ်းဆီးခံရသူ (တရားခံ)တို့၏ ယုံကြည်လေးစားမှုကို ရရှိစေသင့်ပါသည်။

**တရားသူကြီးများသည်လည်း လောင်းကစားအဖွဲ့ပါ သက်သေနှစ်ဦးတို့အား လောင်းကစားမှုတိုင်းတွင် သက်သေအဖြစ် ပါဝင်ထွက်ဆိုပါက သတိကြီးစွာထား၍ သက်သေခံ ဥပဒေပုဒ်မ–၁၅၅ ပြဋ္ဌာန်းချက်စဉ် (၁၊ ၂)တို့နှင့် နှိုင်းယှဉ်ချိန်ထိုးသင့်သည်ဟု မြင်မိပါသည်။**

လောင်းကစားဥပဒေ အခန်း–၅ ပြစ်ဒဏ်များသတ်မှတ်ချက်တွင် ပုဒ်မ–၁၅၌ နှစ်လုံးထီ၊ ချဲထီဒိုင်အဖြစ် ဆောင်ရွက်သူကို အနည်းဆုံးထောင်ဒဏ်(၁)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်အထိ (သို့) ထိုထောင်ဒဏ်နှင့် ငွေဒဏ်အနည်းဆုံး ကျပ် (၁၀၀၀)မှ အများဆုံး ကျပ် (၅၀၀၀)အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းများနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ ပုဒ်မ–၁၆ ၌ ထီ(သို့) ထီကဲ့သို့ အခြားကံစမ်းမဲတစ်ခုခုတွင် ပါဝင်လောင်းကစားပြုသူ (ထိုးသား)ကို အနည်းဆုံး ထောင်ဒဏ် (၆)လမှ အများဆုံးထောင်ဒဏ် (၁)နှစ်အထိ (သို့)ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် (၁၀၀၀)အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။ ဒိုင်လော၊ ထိုးသားလော ဆိုသည်ကို အမှုစစ်တရားသူကြီးမှ ဆုံးဖြတ်သတ်မှတ်ရခြင်းဖြစ်သည်။ ထိုသို့ဆုံးဖြတ်သတ်မှတ်နိုင်ရန် ဖမ်းဆီးရမိသော လောင်းကစား စာရွက်စာတမ်းများအပေါ်ရှိ လက်ရေးနှင့် အစွပ်စွဲခံရသူ၏ လက်ရေးနမူနာကို ရယူ၍ တူ/မတူ တိုက်ဆိုင်ရန် မှုခင်းဆိုင်ရာ ရဲဌာနသို့ ပေးပို့စစ်ဆေးရခြင်းဖြစ်သည်။

လက်ရေးနမူနာအား ဖမ်းဆီးရေးအဖွဲ့ (တရားလိုဘက်)မှ ရဲစခန်းတွင် ရယူခြင်းထက် တရားသူကြီးရှေ့မှောက် ရယူပါက ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်ပြီး သက်သေခံအက်ဥပဒေပုဒ်မ–၂၄၊ ၂၅ပါ ပြဋ္ဌာန်းချက်နှင့်လည်း လွတ်ကင်းစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် လက်ရေးနမူနာကို တရားသူကြီးရှေ့မှောက်တွင် ရယူစေရန် ညွှန်ကြားဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးစေလိုပါသည်။

လောင်းကစားဥပဒေပါ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်ဟု ပါရှိသည်။ ဤသို့ဆိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ–၁၀၃(၁)ပါ ရှာဖွေမည့် အရာရှိ (သို့) အခြားသူအနေဖြင့် နှစ်ဦး(သို့)နှစ်ဦးထက်ပိုသောသူများကို ရှာဖွေရာသို့လာရောက်ကြည့်ရှုရန် ဆောင်ရွက်ရမည်။ ထိုသို့ လာရောက်ကြည့်ရှုစေရန် ရှာဖွေမည့်နေရာ၏ ပတ်ဝန်းကျင်တွင်နေထိုင်သူ မည်သူကိုမဆို အမိန့်စာဖြင့် ထုတ်ဆင့်နိုင်သည်ဟု ပြဋ္ဌာန်းချက်ကို ရည်ညွှန်းဟန်ရှိသည်။

သို့ရာတွင် လောင်းကစားဥပဒေပါ ပြဋ္ဌာန်းချက်များသည် သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လွှမ်းမိုးဆန့်ကျင်နိုင်သည်ဟု မပါရှိကြောင်း ရေးသားအပ်ပါသည်။ ။

**ဦးဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)**

# တရားရေးပုံရိပ်

ဂျူနီယာတုတ်ကလေး

တရားရေးပုံရိပ် ဘယ်လိုဖြစ်နေပြီလဲ။

မိမိအတွေ့အကြုံကို အနည်းငယ်တင်ပြလိုပါတယ်။ သမီးရဲ့ကျောင်းမှာ ဆရာတစ်ဦးက တရားသူကြီး မကောင်းကြောင်းကို မကြာခဏပြောပြလေ့ရှိတယ်။ စုံစမ်းကြည့်တော့ တရားရုံးမှာ ကိုယ်တိုင်အမှုရင်ဆိုင်ခဲ့ရလို့မဟုတ်ဘဲ တစ်ဆင့်ကြားအရ တရားရေးအပေါ်မှာ အမြင်စောင်းနေတာလို့သိရပါတယ်။ ကလေးတွေရဲ့ စိတ်ထဲမှာ တရားသူကြီးအားလုံးဟာ မကောင်းမှုပြုလုပ်နေသူတွေလို့မှတ်ယူသွားမှာ အမှန်ပါပဲ။ ဒါကြောင့် သမီးက သူ့အဖေဟာ တရားသူကြီးတစ်ဦးဖြစ်တယ်ဆိုတာကိုပြောရမှာ၊ အခြားသူတွေသိသွားမှာကို စိုးရိမ်နေတယ်ဆိုတာ ရင်နာစွာနဲ့သိခဲ့ရပါတယ်။ သမီးကို ၁၀ တန်းအောင်ရင် ဥပဒေဘာသာရပ်ယူပါလားလို့ပြောတော့ မယူချင်ဘူး။ စိတ်ညစ်စရာကြီးတဲ့။ သမီးကိုယ်တိုင်က ဖခင်ကို အထင်မသေးပေမယ့် ဖခင်အသက်မွေးဝမ်းကျောင်းပြုတဲ့လုပ်ငန်းကို အထင်မကြီးပါဘူး။

တစ်ခါတုန်းက မိမိ၏မိတ်ဆွေများနှင့်ခင်မင်ပြီး မိသားစုဆရာဝန်လိုနေသူတစ်ဦးထံသွားရောက်ဆေးကုသခဲ့ပါတယ်။ မိမိသည် နယ်တွင်တာဝန်ထမ်းဆောင်နေရလို့ ဆရာဝန်နဲ့သိကျွမ်းခြင်းမရှိခဲ့ပါဘူး။ အစပိုင်းမှာ မိမိအားလိုက်လှဲပျူငှာစွာဆက်ဆံခဲ့ပါတယ်။ ပြီးတော့ မိမိရဲ့အလုပ်ကိုမေးတယ်။ သာမန်ပဲ ဝန်ထမ်းဖြစ်တယ်လို့ဖြေခဲ့တယ်။ ဌာနမေးတယ်။ ရာထူးမေးတယ်။ သိသွားတော့ မိမိကို ယခင်ကလောက် လိုလိုလားလားစကားမပြောတော့ဘဲ ခပ်တန်းတန်းဖြစ်သွားတယ်။ ခဏကြာမှ ပုံမှန်ပြန်ဖြစ်သွားတယ်။ မိမိသည် မမှန်မကန်ဆောင်ရွက်နေတဲ့တရားသူကြီးတစ်ဦးဟုတ်၊ မဟုတ် မသိရှိသော်လည်း မိမိတို့အသိုက်အဝန်းတစ်ခုလုံးကို မလိုမုန်းထားစိတ်တွေရှိနေပြီး ခွဲခြားဆက်ဆံခံနေရတယ်ဆိုတာ မြင်သာပါတယ်။

ဒီလိုခွဲခြားဆက်ဆံခံနေရတာကို စကားလုံးကြီးကြီးကျယ်ကျယ်နဲ့ပြောရရင်တော့ လူ့အခွင့်အရေးချိုးဖောက်ခံနေရတယ်လို့ဆိုရမှာပါပဲ။ လူသားအချင်းချင်းခွဲခြားဆက်ဆံခံနေရတာပါ။ အထက်ဖော်ပြခဲ့သူများဟာ ပညာတတ်လူတန်းစားတွေပါ။ ဒီလိုတွေကြောင့် တရားသူကြီးအချို့ဟာ မိမိလုပ်ငန်းခွင်ကို စိတ်ကုန်လာကြပြီး အလုပ်ထွက်သူထွက်၊ ပင်စင်တင်သူတင်၊ တရားစီရင်ရေးအာဏာကိုပြန်လည်အပ်နှံခွင့်ပြုပြီး စီမံခန့်ခွဲရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုဖို့ အရေးဆိုသူတွေက ဆိုလာကြပါတယ်။ ဒါဟာ တရားရေးပုံရိပ်ကျဆင်းလာခြင်းဖြစ်တယ်ဆိုတာ တရားသူကြီးတစ်ဦးအနေနဲ့ လက်မခံချင်သည့်တိုင်အောင် လက်ခံရမယ့်အမှန်တရားပါပဲ။

ဒီလိုအခြေအနေကို တရားသူကြီးအားလုံးလျစ်လျူရှုထားလို့မရတော့ပါဘူး။ ဒါကြောင့် တရားရေးပုံရိပ်ပြန်ကောင်းလာအောင်မြှင့်တင်ရမှာက အားလုံးမှာတာဝန်ရှိတယ်လို့ဆိုနိုင်ပေမယ့် တရားသူကြီးတွေမှာ အဓိက

တာဝန်ရှိပါတယ်။ ကိုယ်က မှန်အောင်လုပ်နေတာပဲ။ ဘယ်သူဝေဖန်ဖန်ဂရုစိုက်စရာမလိုဘူးလို့ နေလို့ရတဲ့ ခေတ်မဟုတ်တော့ပါဘူး။ မီဒီယာခေတ်ရောက်နေပါပြီ။ ဒါကြောင့် တရားသူကြီးတိုင်းက မိမိကိုယ်ကို မညာမတာဝေဖန်ဖို့လိုနေပါပြီ။ မှန်အောင်လုပ်နေသူတွေကလည်း မိမိမှန်အောင်လုပ်နေကြောင်းကို အမှုသည်များသာမက အများပြည်သူသိအောင်ဆောင်ရွက်သွားဖို့လိုနေပါပြီ။ မိမိကို တစ်ဖက်သတ်ဝေဖန်နေတာကိုသိရင် တစ်နည်းနည်းနဲ့ပြန်လည်ရှင်းပြရပါမယ်။ ကိုယ်ကတော့ မှန်နေဖို့လိုတာပေါ့။ မှန်နေရင် မရှင်းရဲစရာအကြောင်း မရှိပါဘူး။ မှန်အောင်လုပ်နေကြောင်းကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် နည်းမျိုးစုံနဲ့အများမြင်သာအောင် ဆောင်ရွက်ကြဖို့လိုနေပါပြီ။ မမှန်မကန်လုပ်နေတဲ့သူတွေကလည်း မိမိကို ထမင်းကျွေးထားတဲ့ပြည်သူတွေနဲ့ ဌာနရဲ့မျက်နှာကိုထောက်ရှုပြီး မိမိကိုယ့်ကိုယ်ကိုမညာမတာဆန်းစစ်ကာ ပြုပြင်ပြောင်းလဲသင့်နေပါပြီ။ ဒီလိုပြောတဲ့အတွက် တချို့သူတွေကတော့ သဘောတွေ့မှာမဟုတ်ပါဘူး။ ဒါပေမယ့် မိမိအလွန်လေးစားတဲ့အလုပ်ကို အခြားသူများမဆိုထားနဲ့ သမီးကတောင်အထင်မကြီးတော့လို့ ရင်နာနာနဲ့ပြောရတယ်ဆိုတာကိုတော့ နားလည်ပေးစေချင်ပါတယ်။ ရင်ထဲမဆံ့တော့လို့ပြောမိတာပါ။ အမှားပါရင် ခွင့်လွှတ်ကြပါ။

တစ်ဖက်ကလည်း ပြည်သူများအပါအဝင် အားလုံးက တရားရေးပုံရိပ်ကောင်းလာအောင် ဝိုင်းဝန်းကူညီပေးကြဖို့အနူးအညွတ်တောင်းပန်လိုပါတယ်။ ဘယ်အဖွဲ့အစည်းမှာမဆို လူကောင်းနဲ့လူဆိုးဆိုတာ ဒွန်တွဲပြီး ရှိနေတာပါ။ ဆွမ်းဆန်ထဲ ကြွက်ချေးရောရင် ကြွက်ချေးကနည်းနေပေမယ့် မြင်သာပြီး ဆွမ်းဆန်ရဲ့ တန်ဖိုးကို ကျစေပါတယ်။ လက်ရှိအခြေအနေမှာ ဆွမ်းဆန်ထဲကြွက်ချေးရောတာမဟုတ်ပေမယ့် ကြွက်ချေးတွေချည်းတော့မဟုတ်ပါဘူး။ ဆွမ်းဆန်လည်း အထိုက်အလျောက်တော့ပါနေပါတယ်။ ဒါကြောင့် ဖွဲ့နဲ့ဆန်ကွဲ ခွဲခြားဖို့တော့လိုနေပါပြီ။ တစ်ယောက်မကောင်းရင် တစ်ယောက်မကောင်းကြောင်းကို တိတိကျကျပြောဖို့ လိုမယ်ထင်ပါတယ်။ လိုအပ်ရင် ဖော်ထုတ်အရေးယူနိုင်တဲ့အဆင့်အထိ ဆောင်ရွက်သင့်ပါတယ်။ တရားစီရင်ရေးဟာ နှစ်ဖက်တင်ပြချက်အပေါ်မှာဆုံးဖြတ်ရတာပါ။ ဒါကြောင့် တစ်ဖက်ပြောစကားကိုယုံကြည်ပြီး ကောက်ချက်မချသင့်ပါဘူး။ ထင်မြင်ချက်နဲ့လည်း ကောက်ချက်မချသင့်ပါဘူး။ အခြေအနေမှန်ကို ရအောင်စုံစမ်းပြီး မတရားလုပ်ကြောင်းမြင်သာရင် ရဲရဲဝံ့ဝံ့ဖော်ထုတ်ပြီး အရေးယူနိုင်သည်အထိ ဆောင်ရွက်ကြပါ။ ဒါမှ မကောင်းတဲ့သူတွေကိုအဖွဲ့အစည်းကထုတ်ပယ်နိုင်ပြီး ကောင်းတဲ့သူတွေကလည်း ရဲဝံ့ပြတ်သားစွာလုပ်ကိုင်လာနိုင်မှာပါ။

အပြုသဘောဝေဖန်ခြင်းဟာ ဒီမိုကရေစီရဲ့အနှစ်သာရပါ။ တစ်ဖက်သတ်ဝေဖန်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်းဟာ ဒီမိုကရေစီကိုညစ်နွမ်းစေပါတယ်။ ဒါကြောင့် တရားရေးပုံရိပ်အားကောင်းလာစေရန်အတွက် တရားသူကြီးများက အစွမ်းကုန်ကြိုးစားဖို့ အချိန်ကျရောက်နေပြီဖြစ်သလို အားလုံးကလည်း တရားရေးကို အပြုသဘောနဲ့စောင့်ကြည့်ကာ မကောင်းသူပယ်၊ ကောင်းသူကယ်ဖို့ ဝိုင်းဝန်းကူညီကြပါလို့ လေးနက်စွာ တိုက်တွန်းအပ်ပါတယ်။ ။

**ဂျူနီယာတုတ်ကလေး**

# မြန်မာနိုင်ငံ၊ အနညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ(၂၀၁၆)နှင့် Global Arbitration Review Awards



Global Arbitration Review (GAR) သည် ကမ္ဘာ့နိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာ အနညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့်ကျွမ်းကျင်ပညာရှင်များဦးဆောင်၍ အင်္ဂလန်နိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာအနညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံများလက်တွေ့ဆောင်ရွက်နေသည့်နယ်ပယ်အတွင်းရှိ သတင်းအချက်အလက်များ၊ ဆွေးနွေးချက်များ၊ လေ့လာတွေ့ရှိချက်များနှင့် လူ့အဖွဲ့အစည်း၏အသိဉာဏ်ပညာအတွက် အရင်းအမြစ်ကြီးဖြစ်ပါသည်။

GAR သည် အပြည်ပြည်ဆိုင်ရာအနညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ဖြစ်ပေါ်နေသည့်အငြင်းပွားပြဿနာများကို မည်သို့အလေးဂရုပြုဖြေရှင်းရမည်ဟူသည့်အချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့် စစ်တမ်းကောက်ယူတွေ့ရှိချက်များ၊ ကမ္ဘာပေါ်တွင် အနညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်နေသည့်နောက်ဆုံးအခြေအနေများနှင့် ဆက်စပ်သတင်းအချက်အလက်များကိုပြုစုထုတ်ဝေခြင်း၊ သုတေသနပြုခြင်း၊ နှစ်စဉ်ဆုပေးပွဲအခမ်းအနားများကျင်းပခြင်းတို့ပြုလုပ်လျက်ရှိပါသည်။

GAR မှဦးစီး၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ Annual GAR Awards Ceremony ကို (၇)ကြိမ်တိုင်ကျင်းပပြုလုပ်ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်က ရေးဆွဲပြဋ္ဌာန်းခဲ့သည့်အနညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအဟောင်းကိုရုပ်သိမ်းပြီး UNCITRAL Model Law ကိုအခြေခံ၍ New York Convention ပါ စည်းကမ်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အနညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအသစ်ကိုအချိန်တိုအတွင်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်မြို့၌ကျင်းပပြုလုပ်သည့် **The 6th Annual GAR Awards Ceremony** တွင် **"The award for the jurisdiction that has made great process"** ဆုကိုချီးမြှင့်ခြင်းခံရပါသည်။

အဆိုပါဆုတံဆိပ်(ပုံတွင်ဖော်ပြထားသော)ကို မြန်မာနိုင်ငံသို့ပေးပို့လာရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိပါသည်။ (မြန်မာနိုင်ငံမှရရှိခဲ့သော **"The award for the jurisdiction that has made great process"** နှင့်စပ်လျဉ်းသောအင်္ဂလိပ် ဘာသာနှင့်ဆောင်းပါးကို ပူးတွဲဖော်ပြပါသည်။)

**Dr. အိအိခင်(တရားရေး)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**အမိန့်ကြော်ငြာစာအမှတ် (၈၆၅/၂၀၁၇)**
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ အရ "ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးညဏ်ဝင်း — ဥက္ကဋ္ဌ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃)

(ခ) ဦးစိုးလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဂ) ဦးဝင်းတင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးမျိုးခိုင်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ဒေါက်တာခင်မာရီ — အဖွဲ့ဝင်
ပါမောက္ခ(ဌာနမှူး)
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

(ဆ) ဦးကျော်ဟိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၃)

(ဇ) ဦးကျော်ဌေး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၈)

(ဈ) ဒေါ်ငြိမ်းဇင်စိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ည) ဦးကျော်စိုးဗိုလ် (ခ) ဦးကျော်စိုး အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၁၆)
(ဋ) ဦးမောင်မောင်လှသောင်း (ခ) ဦးလှသောင်း အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၆၆)
(ဌ) ဒေါ်နန်းခမ်းအုံ
တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၄၇၀)
(ဍ) ဦးခင်ဇော် အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၇၅)

၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၆ နှင့် ၇ ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၂၁/၉၅/ပတခ(၂၃၁၀/၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တရားလွှတ်တော်ရှေ့နေများကောင်စီ
ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်အားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## အမိန့်ကြော်ငြာစာအမှတ် (၁၀၁၈/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

### "ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၅-၁၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၆၅/၂၀၁၇)ဖြင့် ဖွဲ့စည်းခဲ့သော "ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးညဏ်ဝင်း<br>တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃) | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးလွင်<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သျှန်<br>ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းဌေး<br>ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါ်လွဲ့ယဉ်ဝင်း<br>ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာခင်မာရီ<br>ပါမောက္ခ(ဌာနမှူး)<br>ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ဟိုး<br>တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၃) | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ဌေး<br>တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၈) | အဖွဲ့ဝင် |

(ဈ) ဦးသက်တင်လင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(ည) ဦးကျော်စိုးဗိုလ် (ခ) ဦးကျော်စိုး အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၁၆)
(ဋ) ဦးမောင်မောင်လှသောင်း (ခ) ဦးလှသောင်း အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၆၆)
(ဌ) ဒေါ်နန်းခမ်းအုံ
တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၄၇၀)
(ဍ) ဦးခင်ဇော် အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၇၅)

၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၆ နှင့် ၇ ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၂၁/၁၁၀/ပတခ(၂၆၄၀/၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တရားလွှတ်တော်ရှေ့နေများကောင်စီ
ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်အားလုံး
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေများ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်များ<br>ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အစားထိုးခန့်ထားခြင်း | ၁ |
| ၃။ | အခန်း(၃)<br>အဆင့်ဆင့်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်များ<br>ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အစားထိုးခန့်ထားခြင်း | ၃ |
| ၄။ | အခန်း(၄)<br>ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းလမ်းများနှင့်<br>ဥပဒေအထောက်အကူပေးနိုင်သည့်လုပ်ငန်းများ | ၄ |
| ၅။ | အခန်း(၅)<br>ဥပဒေဆိုင်ရာအထောက်အကူပေးသူ သို့မဟုတ် အသိအမှတ်ပြု<br>အဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း | ၆ |
| ၆။ | အခန်း(၆)<br>ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံသည့်နည်းလမ်း | ၇ |
| ၇။ | အခန်း(၇)<br>ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို လေ့ကျင့်သင်ကြားပေးခြင်း | ၈ |
| ၈။ | အခန်း(၈)<br>ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့်<br>အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ၏<br>ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်း | ၈ |
| ၉။ | အခန်း(၉)<br>ဘဏ္ဍာရေး | ၉ |
| ၁၀။ | အခန်း(၁၀)<br>ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း | ၁၀ |
| ၁၁။ | အခန်း(၁၁)<br>အထွေထွေ | ၁၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**အမိန့်ကြော်ငြာစာအမှတ် (၁၀၁၉/၂၀၁၇)**
၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်–

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **"ဥပဒေ"**ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ဆိုသည်။

(ခ) **"ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်"** ဆိုသည်မှာ ဥပဒေပညာရပ်တွင် နှံ့စပ်ကျွမ်းကျင်၍ အတွေ့အကြုံရင့်ကျက်သည့်အပြင် ကျင့်ဝတ်သိက္ခာစောင့်စည်းကြောင်း ဂုဏ်သတင်းရှိသူကို ဆိုသည်။

**အခန်း (၂)**

**ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အစားထိုးခန့်ထားခြင်း**

၃။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ရွေးချယ်နိုင်ရေးအတွက် ထင်ပေါ်ကျော်ကြားသော ဂုဏ်သတင်းရှိသည့် ဥပဒေပညာရှင်များကို ရွေးချယ်စုစည်းရမည်။

၄။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (စ)နှင့် ပုဒ်မခွဲ (ဇ)အရ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အမည်စာရင်း တောင်းခံရမည်။

၅။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဆ) အရ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင်များ ရွေးချယ်နိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်ဆိုင်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသည့် ကိုယ်စားလှယ်အမည်စာရင်းများကို ရွေးချယ်စုစည်းရမည်။

၆။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဈ)အရ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦးကို ရွေးချယ်နိုင်ရေးအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီသို့ အမည်စာရင်းများ တောင်းခံရမည်။

၇။ ပြည်ထောင်စုတရားသူကြီးချုပ်သည် မိမိရွေးချယ်ထားသောသူများ၏အမည်စာရင်းများကို ကိုယ်ရေး

အချက်အလက်များ၊ ရွေးချယ်ရသည့် ကျိုးကြောင်းဖော်ပြချက်များ ပူးတွဲလျက် ဌာနအသီးသီးနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီမှ ပေးပို့လာသော အမည်စာရင်းများနှင့်အတူ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းရမည်။

၈။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၉။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် အဖွဲ့ဝင်နေရာလစ်လပ်ပါက လစ်လပ်သည့်နေရာ၌ အစားထိုးခန့်ထားရာတွင် နည်းဥပဒေ ၃ မှ ၈ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၃)
## အဆင့်ဆင့်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အစားထိုးခန့်ထားခြင်း

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ရွေးချယ်နိုင်ရေးအတွက် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်များကို ရွေးချယ်စုစည်းရမည်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (စ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများသို့ အမည်စာရင်းတောင်းခံရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (င) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင်များကို ရွေးချယ်နိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် စပ်ဆိုင်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ် အမည်စာရင်းများကို ရွေးချယ်စုစည်းရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဆ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၁၀) နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေ လေးဦးကို ရွေးချယ်နိုင်ရေးအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီထံမှ အမည်စာရင်း တောင်းခံရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် မိမိရွေးချယ်ထားသော သူများ၏ အမည်စာရင်းများကို ကိုယ်ရေးအချက်အလက်များ၊ ရွေးချယ်ရသည့်ကျိုးကြောင်း ဖော်ပြချက်များ ပူးတွဲလျက် ဌာနအသီးသီးနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီထံမှ ပေးပို့လာသော အမည်စာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် မြို့နယ်ဥပဒေဆိုင်ရာ

အထောက်အကူပေးရေးအဖွဲ့ကို ဤအခန်းပါ နည်းလမ်းများနှင့်အညီ ဖွဲ့စည်းရမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရုံးစိုက်ရာဒေသဖြစ်ပါက ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်ရမည်။

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် အဖွဲ့ဝင်နေရာလစ်လပ်ပါက လစ်လပ်သည့်နေရာ၌ အစားထိုးခန့်ထားရာတွင် နည်းဥပဒေ ၁၀ မှ ၁၅ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)
## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းလမ်းများနှင့် ဥပဒေအထောက်အကူပေးနိုင်သည့် လုပ်ငန်းများ

၁၇။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် အောက်ဖော်ပြပါ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းလမ်းများကို ချမှတ်ထားသော မူဝါဒများနှင့်အညီ သင့်တော်သည့်နည်းလမ်းကို သတ်မှတ်ရမည်-

(က) အစိုးရကခန့်ထားသည့် ပြည်သူ့ဝန်ထမ်းအဖြစ် ဆောင်ရွက်သော တရားခံအကျိုးဆောင်အနေဖြင့် ဥပဒေအထောက်အကူပြုခြင်း၊

(ခ) အစိုးရစရိတ်ဖြင့် စာချုပ်ချုပ်ဆိုငှားရမ်း၍ တရားခံရှေ့နေအဖြစ် ဥပဒေအထောက်အကူပြုခြင်း၊

(ဂ) သီးခြားလွတ်လပ်သော ဥပဒေဆိုင်ရာအထောက်အကူပြု ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းမှ တရားခံရှေ့နေအဖြစ် ဥပဒေအထောက်အကူပြုခြင်း၊

(ဃ) ရှေ့နေမဟုတ်သော ဥပဒေအထောက်အကူပြုသူများဖြင့် ဥပဒေအထောက်အကူပြုခြင်း၊

(င) အခြားသင့်တော်သည့် နည်းလမ်းများဖြင့် ဥပဒေအထောက်အကူပြုခြင်း။

၁၈။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် နည်းဥပဒေ ၁၇ အရ ဆိုင်ရာအထောက်အကူပေးရေးနည်းလမ်းများဖြင့် ဆောင်ရွက်ရာတွင် အခမဲ့လိုက်ပါဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၁၉။ ဥပဒေအထောက်အကူပေးနိုင်သည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားခံဘက်ရှေ့နေအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) ဘာသာစကားအခက်အခဲရှိလျှင် ဘာသာစကားနားလည်သူမှတစ်ဆင့် ဆောင်ရွက်ပေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊

(ဃ) ဥပဒေဆိုင်ရာ အကြံပေးခြင်း၊

(င) ဥပဒေဆိုင်ရာ အကူအညီပေးခြင်း၊

(စ) ဥပဒေဆိုင်ရာ သတင်းအချက်အလက်ပေးခြင်း၊

၂၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သင့်တော်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး နည်းလမ်းများဖြင့် ဥပဒေအထောက်အကူပေးနိုင်သည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်ခွင့်ပြုသတ်မှတ်ပေးနိုင်သည်။

၂၁။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေအထောက်အကူပေးသည့် ရှေ့နေများ လိုက်ပါဝန်ဆောင်မှုပေးရမည့် ဥပဒေအထောက်အကူပြုလုပ်ငန်း အမျိုးအစားများနှင့် ရှေ့နေမဟုတ်သော ဥပဒေအထောက်အကူပြုသူများက ဝန်ဆောင်မှုပေးရမည့် ဥပဒေအထောက်အကူပြုလုပ်ငန်းအမျိုးအစားများကို သတ်မှတ်ပေးရမည်။

၂၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ချမှတ်ထားသောမူဝါဒများနှင့်အညီ သင့်တော်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းလမ်းများကို ချမှတ်နိုင်ရန်အတွက် စာရင်းဇယားများကို ကောက်ခံရန် လိုအပ်ပါက ဆက်စပ်သောဌာနအဖွဲ့အစည်းများနှင့် ပူပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း(၅)
## ဥပဒေဆိုင်ရာ အထောက်အကူပေးသူ သို့မဟုတ် အသိအမှတ်ပြုအဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း

၂၃။ တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်ရှေ့နေအဖြစ် ဆောင်ရွက်ရန်အတွက် အသိအမှတ်ပြုလွှာရရှိရန် သို့မဟုတ် ဥပဒေဆိုင်ရာအထောက်အကူပေးသည့် အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်ရန် လိုအပ်သောအချက်များကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က သတ်မှတ်ပေးရမည်။

၂၄။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော လျှောက်ထားသူများကို ဥပဒေဆိုင်ရာအထောက်ကအကူပေးသည့် ရှေ့နေအဖြစ် အသိအမှတ်ပြုလွှာပေးအပ်၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုရမည်။

၂၅။ အသိအမှတ်ပြုလွှာရရှိပြီးသော ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေအဖြစ် ဆောင်ရွက်လိုသော တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေတို့သည် သက်ဆိုင်ရာဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ထံ လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုခုတွင် သတ်မှတ်ချက်များနှင့်အညီ ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်ရှေ့နေအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၂၆။ အလုပ်သင်ရှေ့နေများ၊ တက္ကသိုလ်ပညာသင်ယူနေသော ဥပဒေကျောင်းသားများ၊ ရပ်ရွာအတွင်း လူမှုရေးစိတ်ပါဝင်စားသူ ပုဂ္ဂိုလ်များသည် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူအဖြစ် ဆောင်ရွက်လိုပါက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် သို့မဟုတ် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အသိအမှတ်ပြုသည့် ဥပဒေဆိုင်ရာ အထောက်အကူပြုသင်တန်းကို တက်ရောက်အောင်မြင်ပြီးကြောင်း အထောက်အထားလက်မှတ်ရရှိပြီးနောက် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရန် သက်ဆိုင်ရာဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း(၆)
## ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံသည့်နည်းလမ်း

၂၇။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူ

တောင်းခံခွင့်ရှိသူများက ဥပဒေဆိုင်ရာအထောက်အကူရယူလိုသည့်အခါ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် နည်းလမ်းများကို သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပေးနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူ စတင်တောင်းခံနိုင်သောနေရာများဖြစ်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံး၊ အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ တရားရုံး၊ အကျဉ်းထောင် စသည်တို့မှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ပေးရမည်။

၂၈။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူ စတင်တောင်းခံနိုင်သောနေရာများဖြစ်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရုံး၊ အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ တရားရုံး၊ အကျဉ်းထောင် စသည်တို့တွင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများ အဆင်ပြေလွယ်ကူစွာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံနိုင်ရန်အတွက် လိုအပ်သောပုံစံများကို သတ်မှတ်ဆောင်ရွက်ထားရမည်။

၂၉။ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေပုဒ်မ ၁၇ အရ ဥပဒေဆိုင်ရာအထောက်အကူရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြတောင်းခံနိုင်သည်။

၃၀။ သက်ဆိုင်ရာဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တင်ပြတောင်းခံချက်ကို လက်ခံရရှိသည့်အခါ–

(က) သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဆောင်ရွက်ပေးရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုနိုင်သည်။

၃၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုခြင်းခံရလျှင် ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်သည်။

၃၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ဥပဒေဆိုင်ရာ အထောက်အကူနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၇)

## ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို လေ့ကျင့်သင်ကြားပေးခြင်း

၃၃။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လေ့ကျင့်ပညာပေးသင်တန်းအစီအစဉ်များကို ဆောင်ရွက်နိုင်သည်။

၃၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ဥပဒေဆိုင်ရာအထောက်အကူပြုလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေများနှင့် ရှေ့နေမဟုတ်သောဥပဒေဆိုင်ရာ အထောက်အကူပေးသူများအတွက် ပြုလုပ်သော လေ့ကျင့်ပညာပေးသင်တန်းများတွင် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က အတည်ပြုထားသော သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများနှင့် သင်ခန်းစာများကိုသာ သုံးစွဲရမည်။

## အခန်း(၈)

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်း

၃၅။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် သတ်မှတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသည့်နည်းလမ်းများအပေါ်မူတည်၍ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်အဆင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တို့၏ ဝန်ထမ်းဖွဲ့စည်းပုံကိုလည်းကောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသော ပုံစံများအတိုင်း ရေးဆွဲ၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

၃၆။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ ရေးဆွဲတင်ပြလာသော အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ၏ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ ဝန်ထမ်းဖွဲ့စည်းပုံကို အတည်ပြုလျှင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များဖွဲ့စည်းတည်ထောင်ပြီး၊ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များအတွက် ဝန်ထမ်းများကို ခန့်အပ်နိုင်ရေးဆောင်ရွက်ရမည်။

## အခန်း(၉)

## ဘဏ္ဍာရေး

၃၈။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဖွဲ့စည်းတည်ထောင်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သောဘဏ္ဍာငွေအသုံးစရိတ် (သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်)နှင့် ရငွေ (သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေ)ကို ပြည်ထောင်စု၏နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ရေးဆွဲရမည်။

၃၉။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်ထောင်စုနှင့် အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များအတွက် ရသုံးမှန်းခြေငွေစာရင်းကို သတ်မှတ်ထားသော ဘတ်ဂျက်ပုံစံများအတိုင်း ရေးဆွဲ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ တင်ပြရမည်။

၄၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က ရေးဆွဲတင်ပြလာသော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ ရသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စု၏နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ဆောင်ရွက်ရမည်။

၄၁။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်သတ်မှတ်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်

ရယူဆောင်ရွက်ရမည်။

၄၂။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် သတ်မှတ်သောဥပဒေဆိုင်ရာ အထောက်အကူပေးသည့်နည်းလမ်းအရ ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် အခကြေးငွေသတ်မှတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၄၃။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပြုလုပ်ငန်းအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ ရငွေစာရင်းသို့ပေးသွင်းနိုင်ရေးအတွက် နည်းလမ်းများ သတ်မှတ်ပေးနိုင်ရန်လည်းကောင်း၊ ပြည်တွင်းပြည်ပမှ လှူဒါန်းသည့်ပစ္စည်းများကို အဖွဲ့ပိုင်စာရင်း၌ ရေးသွင်းနိုင်ရန်လည်းကောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၄။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များသည် ဆိုင်ရာစာရင်းစစ်အဖွဲ့၏ နည်းလမ်းတကျ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။ ငွေကြေးဆိုင်ရာကိစ္စများတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၁၀)

## ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၄၅။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးသူများက မိမိဆောင်ရွက်သောဥပဒေဆိုင်ရာ အထောက်အကူပြုခြင်းကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ရမည်။

၄၆။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေများနှင့် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို လိုက်နာရမည့်ကျင့်ဝတ်များ၊ ကျင့်ဝတ်ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းနှင့်သက်ဆိုင်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၇။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်က လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်နိုင်သည်။ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ခြင်းနှင့် ပုံမှန်စစ်ဆေးခြင်းတို့ကို အချိန်ကာလသတ်မှတ်ဆောင်ရွက်နိုင်သည်။

၄၈။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုံမှန်စစ်ဆေးရာတွင်လည်းကောင်း စာရင်းစစ်ဆေးရာတွင်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်လည်းကောင်း ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တစ်ရပ်ရပ် သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မဆောင်ရွက်ခြင်းများကို စစ်ဆေးတွေ့ရှိရပါက တာဝန်ရှိသူအဖွဲ့ဝင် သို့မဟုတ် ချိုးဖောက်သူဝန်ထမ်းအပေါ် အရေးယူဆောင်ရွက်ရန် နည်းလမ်း

သတ်မှတ်ထားရမည်။

၄၉။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်က လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်း၊ လုပ်ငန်းဆိုင်ရာစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျ ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို မဆောင်ရွက်ခြင်းများအတွက် အရေးယူဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၅၀။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် အသိအမှတ်ပြုအဖွဲ့အစည်းများနှင့် ဥပဒေဆိုင်ရာ အထောက်အကူပြုသူများအတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများ၊ တာဝန်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်၍ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်က ကြီးကြပ်နိုင်ရန်အတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၁။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် အသိအမှတ်ပြုအဖွဲ့အစည်းများနှင့် ဥပဒေဆိုင်ရာအထောက်အကူပြုသူများ၏ စောင့်ထိန်းရမည့်ကျင့်ဝတ်စည်းကမ်းများ၊ တာဝန်များ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်းချက်များကို ချိုးဖောက်ခြင်း၊ ပျက်ကွက်ခြင်းအတွက် အရေးယူဆောင်ရွက်မည့်နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၅၂။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် အသိအမှတ်ပြုအဖွဲ့အစည်းများ၏ စောင့်ထိန်းရမည့်ကျင့်ဝတ်စည်းကမ်းများ၊ တာဝန်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များကို ချိုးဖောက်ခြင်း၊ ပျက်ကွက်ခြင်းအတွက် အောက်ပါပြစ်ဒဏ်များကို ချမှတ်ရန် သတ်မှတ်ပေးနိုင်သည်–

(က) ငွေကြေးဆုံးရှုံးမှုရှိပါက ပေးလျော်စေခြင်း၊

(ခ) အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ်မှ နှစ်အကန့်အသတ်ဖြင့် ရပ်စဲခြင်း၊

(ဂ) အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ်မှ အပြီးတိုင်ရပ်စဲခြင်း။

၅၃။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပြုသူများ၏ စောင့်ထိန်းရမည့်ကျင့်ဝတ်စည်းကမ်းများ၊ တာဝန်များ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များကို ချိုးဖောက်ခြင်း၊ ပျက်ကွက်ခြင်းအတွက် အောက်ပါပြစ်ဒဏ်များကို ချမှတ်နိုင်သည်–

(က) ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေဖြစ်ပါက

(၁) သတိပေးခြင်း၊

(၂) ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ အသိအမှတ်ပြုလွှာကို နှစ်အကန့်အသတ်ဖြင့် ရပ်စဲခြင်း၊

(၃) ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ အသိအမှတ်ပြုလွှာကို ရာသက်ပန် ရုပ်သိမ်းခြင်း၊

(၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်ခြင်းအတွက် အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးခြင်း။

(ခ) ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူဖြစ်ပါက
(၁) သတိပေးခြင်း၊
(၂) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ခွင့်ကို နှစ်အကန့်အသတ်ဖြင့် ရပ်စဲခြင်း၊
(၃) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ခွင့်ကို ရာသက်ပန်ရပ်စဲခြင်း။

## အခန်း (၁၁)
## အထွေထွေ

၅၄။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူက ရှေ့နေငှားရမ်းရန် ငွေကြေးမပြည့်စုံသဖြင့် ဆင်းရဲနွမ်းပါးသူဖြစ်၊ မဖြစ် စိစစ်ရာတွင် ၎င်း၏ဝင်ငွေကို အခြေခံ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်။

၅၅။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည်–
(က) ဥပဒေပုဒ်မ ၃၁ အရ ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများကို ဦးစားပေးအစီအစဉ် သတ်မှတ်၍ ဥပဒေဆိုင်ရာ အထောက်အကူပြုနိုင်သည်။
(ခ) ဥပဒေအထောက်အကူပေးရန်အတွက် ပြစ်မှုအမျိုးအစားသတ်မှတ်ပေးနိုင်သည်။
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု သို့မဟုတ် နှစ်ခုတွင် ရှေ့ပြေးနယ်မြေအဖြစ် ဦးစားပေးရွေးချယ်၍ ဥပဒေအထောက်အကူပေးခြင်းလုပ်ငန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

၅၆။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ကို ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေဆိုင်ရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို အများပြည်သူသိရှိနိုင်ရန် အသိပညာပေးခြင်း၊ ဆွေးနွေးဟောပြောပို့ချခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည်တို့ကို ဆောင်ရွက်စေရန်အတွက် လမ်းညွှန်ရမည်။

၅၇။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၂၁/၁၁၁/ပတခ(၂၆၄၁/၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်အားလုံး
တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အားလုံး
တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးအားလုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ဒုတိယရုံးအဖွဲ့မှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အားလုံး
တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးအားလုံး
ခရိုင်တရားရုံးအားလုံး
မြို့နယ်တရားရုံးအားလုံး

**မိတ္တူကို**

ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရှိ ဌာနများအားလုံး
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးရှိ ဌာနများအားလုံး
ရုံးလက်ခံ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး
လုပ်ငန်း (ပုံနှိပ်ရေးနှင့်စာရေးကိရိယာလုပ်ငန်း) } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၀

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၉ တွင် ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကို အယူခံမှု။

ဒေါ်နန်းမောင်ခန့် နှင့် ဒေါ်ခင်တင့်

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် – ဦးကျော်သန်း၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် – ဒေါ်အေးစုလှိုင်၊ တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်

မန္တလေးခရိုင်တရားရုံး ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၃၂ တွင် ဒေါ်နန်းမောင်ခန့်က ဒေါ်ခင်တင့်အပေါ် အပေါင်ဒီကရီရလိုမှုစွဲဆိုရာ အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ တရားလို ဒေါ်နန်းမောင်ခန့်က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၅၀ တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ် တရားမအယူခံမှု အမှတ် ၄၉ တွင်လည်းကောင်း အဆင့်ဆင့်အယူခံတင်သွင်းခဲ့သော်လည်း အောင်မြင်မှုမရရှိသောကြောင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၄၄ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"ဒေါ်နန်းမောင်ခန့်ထံ မြေနှင့် အဆောက်အအုံ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများပေးအပ်၍ ဒေါ်ခင်တင့်မှ ငွေကျပ်သိန်း ၂၀၀ ချေးယူခြင်းအား ဟန်ဆောင်အရောင်းအဝယ်စာချုပ်ဖြစ်သဖြင့် ငွေဒီကရီမရထိုက်ကြောင်း ဆုံးဖြတ်သည့် ခရိုင်တရားရုံး၏စီရင်ချက်ကို ဆက်လက်အတည်ပြုသည့် တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ ဆုံးဖြတ်ချက်များသည် မှန်ကန်ခြင်း ရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(စ)အရ (က) မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို မြီရှင် သို့မဟုတ် မြီရှင်၏ကိုယ်စားလှယ်သို့ လက်ရောက်ပေးအပ်ရမည်၊ (ခ) ကြွေးငွေအတွက် အပေါင်ပစ္စည်းအနေဖြင့် ရည်ရွယ်၍ အပ်ပေးခြင်းဖြစ်ရမည်၊ (ဂ) ယင်းသို့ပေးအပ်ခြင်းသည် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေနှင့် မန္တလေးမြို့တစ်မြို့မြို့တွင် ဖြစ်ရမည်ဆိုသော အင်္ဂါရပ်များနှင့်ပြည့်စုံလျှင် ပေါင်နှံခြင်းအထမြောက်ကြောင်း၊ အယူခံတရားပြိုင် ဒေါ်ခင်တင့်က မိမိပိုင်ဆိုင်သည့် စာရွက်စာတမ်းများကို ချေးငွေအတွက် ဒေါ်နန်းမောင်ခန့်သို့ လက်ရောက်လွှဲပြောင်းပေးခြင်းမှာ မန္တလေးမြို့တွင် ပြုလုပ်ခြင်းဖြစ်သဖြင့် ပေါင်နှံခြင်းမြောက်ကြောင်း၊ **ဒေါ်ရင်ရီနှင့် ဒေါ်သိန်းလှ ပါ ၃ အမှု**[၁]တွင် စာချုပ်စာတမ်းများကို အပေါင်ပေးအပ်၍ ငွေချေးယူခြင်းမှာ ဥပဒေအရ

(၁) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၂၇။

အပေါင်ပြုလုပ်ခြင်းအထမမြောက်သဖြင့် ယင်းကိစ္စအတွက် စာချုပ်ချုပ်ရန်မလိုဟု ထုံးပြုကြောင်း၊ သို့ဖြစ်၍ မန္တလေးတရားလွှတ်တော်က ပေါင်နှံခြင်းစာချုပ်ချုပ်ဆိုခြင်းမရှိသဖြင့် အပေါင်အထမမြောက်ကြောင်း ဆုံးဖြတ်ချက်မှာ မှန်ကန်မှုမရှိသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ရန်ပျက်ကွက်ခဲ့ကြောင်း၊ **U Min Sin Vs Mohamed Shafee အမှု**[၂] အရ ပေါင်နှံခြင်းအထမမြောက်သော်လည်း အဆိုလွှာပြင်ဆင်ခြင်းမပြုဘဲ ပေါင်သူ ဒေါ်ခင်တင့်က အပေါင်ခံသူ ဒေါ်နန်းမောင်ခန့်ထံမှ ငွေကျပ် သိန်း ၂၀၀ ကို လက်ခံယူခဲ့ကြောင်း ဝန်ခံထားသဖြင့် တရားမျှတမှုအလို့ငှာ ချေးငွေကျပ်သိန်း ၂၀၀ ပေးစေရန် ငွေဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၇ အရ ချမှတ်ခွင့်ရှိသော်လည်း ဒေါ်နန်းမောင်ခန့်၏အမှုကို ပလပ်ခဲ့ခြင်းမှာ ဥပဒေနှင့်မညီကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို ခွင့်ပြု၍ ဒေါ်နန်းမောင်ခန့်သို့ ချေးယူထားသည့် ငွေကျပ်သိန်း ၂၀၀ ကို ပေးဆပ်စေရန် ဒီကရီချမှတ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားလိုထံမှ ငွေကျပ် သိန်း ၂၀၀ ကို အတိုး ၅%ဖြင့် ချေးခဲ့ခြင်းအတွက် အယူခံတရားပြိုင်သည် အထွေထွေကိုယ်စားလှယ်စာလွှဲပေးရခြင်း၊ ၂-၆-၂၀၀၈ ရက်စွဲပါ စရန်ပေးကတိစာချုပ် ချုပ်ဆိုပေးရခြင်း၊ စရန်ပေးစာချုပ်တွင် ငွေအကျေချေမည့်ရက်ဖော်ပြထားမှုမရှိခြင်းတို့ကြောင့် အယူခံတရားလိုသည် ချေးငွေနှင့်ပတ်သက်၍ ကာလစည်းကမ်းသတ်တိုးချဲ့ရန်အတွက် အပေါင်ဒီကရီရလိုမှု စွဲဆိုခြင်းသာဖြစ်ကြောင်း၊ စာချုပ်မှာ ဟန်ဆောင်အရောင်းအဝယ်စာချုပ်ဖြစ်၍ **ဒေါ်သန်းတင်နှင့်ဒေါက်တာခင်မောင်ဝင်း ပါ ၂ အမှု**[၃] အရ ဥပဒေအတည်ပြုခွင့်မရသဖြင့် ပဋိညာဉ်မမြောက်ကြောင်း၊ **ပြည်သူ့ဘဏ်အမှတ် ၅/၉ နှင့် စိန်သီဟ ကုမ္ပဏီ ပါ ၇ အမှု**[၄] တွင် ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများကို လက်ရောက်ပေးအပ်၍ ပေါင်နှံသူသည် ချေးငွေကို ကိုယ်တိုင်ပေးအပ်မည်ဟု သဘောတူ ကတိပြုရာရောက်သဖြင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၆၈(၁)(က)အရ အပေါင်ခံသူအနေဖြင့် ချေးငွေအတွက် သာမန်ဒီကရီရလိုကြောင်း စွဲဆိုနိုင်ကြောင်း ဆုံးဖြတ်ထားကြောင်း၊ **ဦးတင်ထွန်းနှင့်ဦးစိန်ဝင်း ပါ ၂ အမှု**[၅] တွင် စာချုပ်စာတမ်းကိုအပ်နှံ၍ ငွေချေးယူခြင်းတွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အပေါင်ပစ္စည်းရောင်းချပေးစေလိုမှု စွဲဆိုနိုင်ကြောင်း၊ ယင်းသို့ရောင်းချသည့် ဒီကရီရပိုင်ခွင့်ကို ယင်းဥပဒေပုဒ်မ ၆၇ တွင် ပြဋ္ဌာန်းထားကြောင်း ဆုံးဖြတ်ထားကြောင်း၊ အယူခံတရားလိုနှင့် တရားခံတရားပြိုင်တို့အကြား အပေါင်ဖြင့်ချေးငွေကို မည်သည့်နေ့ရက်တွင် မပေးဆပ်ပျက်ကွက်ခဲ့လျှင် ရောင်းချခြင်းကို ပြီးပြတ်စေရမည်ဟူသော စည်းကမ်းချက်သော်လည်းကောင်း၊ ချေးငွေကို သတ်မှတ်ရက်တွင် ပေးဆပ်ပါက ရောင်းချခြင်းပျက်ပြယ်စေရမည်ဟူသော စည်းကမ်းချက်သော်လည်းကောင်း၊ ချေးငွေကိုပေးဆပ်သောအခါ ပစ္စည်းကိုဝယ်သူက ရောင်းသူသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရမည်ဟူသော စည်းကမ်းချက်သော်လည်းကောင်းပါရှိသော စာချုပ်စာတမ်းကို ချုပ်ဆိုခဲ့ခြင်းမရှိ၍ အပေါင်အထမမြောက်ကြောင်း၊ သို့ဖြစ်၍ ဤတရားမအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် တရားလိုသည် ကောက်ပဲသီးနှံရောင်းဝယ်ရေးလုပ်ကိုင်သူဖြစ်ကြောင်း၊ ၂-၆-၂၀၀၈

---

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ (တရားရုံးချုပ်) စာ-၆၂၇။

(၃) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၆။

(၄) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၁၉။

(၅) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၃(၁၄၆)။

နေ့တွင် တရားပြိုင်သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၁၅)၊ ဦးပိုင်အမှတ် (၈၁)၊ ဧရိယာ ၀.၀၄၁၃ ဧကရှိ ဘိုးဘပိုင်မြေနှင့် အဆောက်အအုံပိုင်ဆိုင်မှုစာရွက်စာတမ်းများကို အပေါင်အဖြစ်ပေးအပ်ကာ ငွေကျပ်သိန်း ၂၀၀ ကို တစ်လလျှင် ၆% အတိုးနှုန်းဖြင့် ချေးယူခဲ့ကြောင်း၊ ၁-၁၂-၂၀၀၈ နေ့တွင် ပြန်ရွေးနုတ်ယူရန် သဘောတူခဲ့ကြောင်း၊ တရားပြိုင်သည် ၎င်းကတိအတိုင်း ပျက်ကွက်ခဲ့ပါက တရားလို၏နစ်နာမှုကို ကုစားရန်အတွက် မြေနှင့်အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ ငွေကျပ်သိန်း ၂၀၀ ကို ရောင်းကြေးစရန်ငွေအဖြစ် ပေးချေကြောင်း ဖော်ပြထားသည့် ၂-၆-၂၀၀၈ ရက်စွဲပါ ဟန်ဆောင်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ကို သဘောတူချုပ်ဆို ပေးခဲ့ကြောင်း၊ တရားပြိုင်သည် ၁-၁၂-၂၀၀၈ နေ့နှင့် နောက်ပိုင်းတွင် ပြန်လည်ရွေးနုတ်ပေးဆပ်ခြင်းမပြုသဖြင့် ၄၆ လအတွက် အတိုးငွေပေါင်း ကျပ် ၅၅၂ သိန်းနှင့် ချေးငွေကျပ်သိန်း ၂၀၀၊ စုစုပေါင်းကြွေးမြီ ကျပ် ၇၅၂ သိန်းအတွက် အပေါင်ဒီကရီချမှတ်ပေးရန် အဆိုပြုစွဲဆိုသည်။

ချေလွှာတွင် တရားလိုထံအိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းများကို အပေါင်အာမခံထား၍ ငွေကျပ်သိန်း ၂၀၀ ချေးယူခဲ့ခြင်းမရှိကြောင်း၊ ငွေကျပ်သိန်း ၂၀၀ ကို ရောင်းကြေးစရန်ငွေအဖြစ်သတ်မှတ်၍ ဟန်ဆောင်အရောင်းအဝယ်စာချုပ်ကို နှစ်ဦးသဘောတူချုပ်ဆိုခဲ့ခြင်းမရှိကြောင်း၊ ငွေကျပ်သိန်း ၂၀၀ ကို တရားလိုထံမှ ချေးယူခဲ့ခြင်းမရှိ၍ ပေးဆပ်ရန် တာဝန်မရှိကြောင်း၊ ၁-၁၂-၂၀၀၈ နေ့တွင် တရားပြိုင်က ပေးဆပ်ရန်ငြင်းဆိုသဖြင့် အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း၊ ချေးငွေရလိုမှု စွဲဆိုရန်သာဖြစ်၍ ဤပုံစံအတိုင်းစွဲဆိုခွင့်မရှိကြောင်း၊ တရားလိုထံမှ ငွေကြေးအနည်းငယ်သာချေးယူခဲ့ကြောင်း၊ ငွေကျပ် သိန်း ၂၀၀ ကို ၆% အတိုးနှုန်းဖြင့် ချေးယူခဲ့ခြင်းမရှိကြောင်း ချေပသည်။

မူလရုံးတရားလို ဒေါ်နန်းမောင်ခန့်က ဒေါ်တင်သိန်း (လိုပြ-၁)၏ ဆက်သွယ်တာဝန်ယူမှုအရ တရားပြိုင် ဒေါ်ခင်တင့်ပိုင်ဆိုင်သည့် အိမ်မြေကို မြန်မာ့စီးပွားရေးဘဏ် (၂) တွင် ပေါင်နှံထားသည်ကို ရွေးနုတ်ရန်အတွက် ချေးငွေကျပ်သိန်း ၂၀၀ ကို တစ်လလျှင် ၆% အတိုးဖြင့် ၂-၆-၂၀၀၈ နေ့တွင် တရားပြိုင် ဒေါ်ခင်တင့်အား ထုတ်ချေးခဲ့ကြောင်း၊ ထိုနေ့တွင် ဘဏ်သို့ချေးငွေပေးဆပ်၍ ပေါင်နှံထားသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများကို ရွေးနုတ်ကာ တရားလိုအားအပ်နှံကြောင်း၊ သက်သေခံအမှတ် (က) အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်နှင့် ကိုယ်စားလှယ်လွှဲစာများ၊ သက်သေခံအမှတ် (ဃ) မြေစာရင်းပုံစံ - ၁၀၅ တို့ဖြစ်ကြောင်း၊ ထိုပိုင်ဆိုင်မှုစာရွက်စာတမ်းများကို အာမခံအဖြစ်ပေးအပ်သည့်အပြင် အပေါင်အဖြစ် စာချုပ်စာတမ်းများထားရှိမှုအပေါ် စိတ်ချစေရန်အတွက် တရားပြိုင်က သက်သေခံအမှတ် (ခ) မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ၂-၆-၂၀၀၈ ရက်စွဲပါ သက်သေခံအမှတ် (ဂ) အိမ်မြေအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်တို့ကိုပါ ပြုလုပ်ချုပ်ဆိုပေးခဲ့ကြောင်း၊ ၆ လကြာ ချေးယူမည်ဖြစ်သော်လည်း အတိုးအရင်းလုံး၀ပေးဆပ်မှုမရှိကြောင်း၊ ၂-၄-၂၀၁၂ တရားစွဲသည့်နေ့ထိ ၄၆ လ ကာလအတွက် အတိုးငွေပေါင်း ကျပ် ၅၅၂ သိန်းနှင့် ချေးငွေရင်းကျပ်သိန်း ၂၀၀ အတွက် အပေါင်ဒီကရီရထိုက်ကြောင်း ထွက်ဆိုထားသည်။ ဒေါ်တင်သိန်း (လိုပြ-၁) နှင့် သက်သေခံအမှတ် (ခ) (ဂ) တို့ကို ဆောင်ရွက်ပေးသူ အထက်တန်းရှေ့နေ ဒေါ်စောရင်ရင်မိုး (လိုပြ-၂) တို့က ထောက်ခံထွက်ဆိုကြောင်း တွေ့ရသည်။

တရားပြိုင်ဒေါ်ခင်တင့်က ချေလွှာတွင် တရားလိုထံမှ ငွေကျပ်သိန်း ၂၀၀ ချေးယူခဲ့ခြင်း၊ ဟန်ဆောင်အရောင်းအဝယ်စာချုပ်ကိုလည်း သဘောတူချုပ်ဆိုခဲ့ခြင်းမရှိကြောင်း ငြင်းဆိုချေပခဲ့သော်လည်း ရုံးရှေ့ထွက်ဆိုရာတွင်မူ ၂-၆-၂၀၀၈ နေ့တွင် တရားလိုထံမှ ငွေကျပ်သိန်း ၂၀၀ ကို ချေးယူခဲ့ကြောင်း၊ ဘဏ်တွင်

ပေါင်နှံထားသော ချေးငွေကိုပေးဆပ်ကာ ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို ရွေးနုတ်ယူ၍ တရားလိုထံ အပေါင် အဖြစ် ထားရှိခဲ့ကြောင်း၊ သက်သေခံအမှတ် (ခ) အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခဲ့ကြောင်း၊ သက်သေခံအမှတ် (ဂ) စာချုပ်ပေါ်ရှိ ရောင်းချသူ ဒေါ်ခင်တင့်နေရာတွင် ရေးထိုးထားသော လက်မှတ်၊ လက်ဗွေများမှာ မှန်ကန်ကြောင်းဖြင့် ဝန်ခံထွက်ဆိုသည်။ အတိုး ၅%ဖြင့် ချေးခြင်းဖြစ်ကြောင်း၊ အတိုးငွေ စုစုပေါင်း ကျပ် ၆၇ သိန်း ပေးဆပ်ပြီးကြောင်း ချေပထွက်ဆိုသော်လည်း ၎င်း၏သမီးဖြစ်သူ ဒေါ်သန္တာဝင်း (ပြိုင်ပြ–၁)၏ ထောက်ခံထွက်ဆိုချက်မှလွဲ၍ အခြားသက်သေခံချက်၊ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

နှစ်ဖက်ထွက်ဆိုချက်များအရ တရားပြိုင်ဒေါ်ခင်တင့်သည် ၎င်းပိုင်ဆိုင်သည့်အိမ်မြေ၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများကို တရားလို ဒေါ်နန်းမောင်ခန့်ထံ ပေးအပ်၍ ငွေကျပ်သိန်း ၂၀၀ ကို တစ်လလျှင် အတိုးနှုန်း ၆% ဖြင့် ၂–၆–၂၀၀၈ နေ့တွင် ချေးယူခဲ့ကြောင်း ပေါ်ပေါက်သည်။ ထို့ပြင် ဟန်ဆောင်အရောင်းအဝယ် စာချုပ်နှင့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာကိုပါ ပြုလုပ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများပေးအပ်ပေါင်နှံ၍ ငွေချေးခြင်းဖြစ်ကြောင်း စာချုပ်စာတမ်းပြုလုပ်ချုပ်ဆိုခဲ့ခြင်းမရှိကြောင်း နှစ်ဖက်အငြင်းမပွားချေ။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(က)အရ ပေါင်နှံခြင်းဆိုသည်မှာ ချေးငှားသည့်အနေဖြင့် ပေးထားသည့် သို့မဟုတ် ပေးထားရန်ရှိသည့်ငွေကိုဖြစ်စေ၊ ရှိရင်းကြွေးမြီ သို့မဟုတ် တင်ရန်ရှိသည့် ကြွေးမြီများကိုဖြစ်စေ ပေးဆပ်ရန်သော်လည်းကောင်း၊ ငွေကြေးနှင့်စပ်လျဉ်း၍ တာဝန်မကင်းဖြစ်လာနိုင် သည့် ပြုလုပ်မှုကို ဆောင်ရွက်စေရအောင်သော်လည်းကောင်း မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် အကျိုးခံစားမှု ကို လွှဲပြောင်းပေးခြင်းဖြစ်သည်။

ယင်းဥပဒေပုဒ်မ ၅၈(စ) အရ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ မန္တလေးနှင့် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ပြန်တမ်းတွင်ကြေညာ၍ သတ်မှတ်ထားသည့် အခြားမြို့တွင် လူတစ်ဦးက မြီရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်သို့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ ပိုင်ဆိုင်ခွင့်စာချုပ်များကို အပေါင်အဖြစ်ထား ရှိရန် ပေးအပ်လျှင် ပိုင်ဆိုင်ခွင့်စာချုပ်အပ်နှံ၍ ပေါင်နှံခြင်းဟု ခေါ်သည်။

ဤအမှုတွင် အယူခံတရားပြိုင်ဒေါ်ခင်တင့်သည် ၎င်းပိုင်ဆိုင်သည့် အိမ်မြေပိုင်ဆိုင်မှု စာချုပ်စာတမ်း များကို အယူခံတရားလို ဒေါ်နန်းမောင်ခန့်ထံ အပေါင်အဖြစ် ထားရှိအပ်နှံ၍ ချေးငွေကျပ် သိန်း ၂၀၀ ကို တစ်လလျှင် အတိုး ၆% ဖြင့် ချေးယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အထက်ပါပုဒ်မ ၅၈(စ) အရ ပေါင်နှံခြင်းမြောက်ကြောင်း တွေ့ရှိရသည်။

အယူခံတရားရုံးဖြစ်သော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က အယူခံတရားလိုဒေါ်နန်း မောင်ခန့်သည် အိမ်မြေပိုင်ဆိုင်မှုစာချုပ်စာတမ်းများရယူ၍ ငွေချေးရာတွင် မှတ်ပုံတင်အပေါင်စာချုပ် ပြုလုပ်ခြင်းမရှိသဖြင့် ပေါင်နှံခြင်းလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိကြောင်း သုံးသပ်ကာ အယူခံမှုကို ပလပ်ခဲ့သည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံမှုတွင် စိစစ်မှုမရှိဘဲ အယူခံမှုကို ပလပ်ခဲ့ ကြောင်း တွေ့ရသည်။

**ဒေါ်ရင်ရီနှင့် ဒေါ်သိန်းလှ ပါ ၃ အမှု**[၁] တွင် စာချုပ်စာတမ်းများကို အပေါင်ပေးအပ်နှံ၍ ငွေ ချေးယူခြင်းမှာ ဥပဒေအရ အပေါင်ပြုလုပ်ခြင်းအထမြောက်သဖြင့် ယင်းကိစ္စအတွက် စာချုပ်ချုပ်ရန် မလို၊ သို့ရာတွင် စာချုပ်စာတမ်းများ အပ်နှံခြင်းအတွက် အရေးအသားတစ်ခုခုရှိခဲ့လျှင် ယင်းရေးသားသောစာသည်

ချေးငွေအတွက် အာမခံအဖြစ်ပေးသည့်ကိစ္စကို သက်သေခံခြင်းဖြစ်ပါက မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ အရ မှတ်ပုံတင်ရန်မလိုဟု ထုံးပြုထားသည်။

သို့ဖြစ်၍ ဤအမှုတွင် အယူခံတရားပြိုင်က အယူခံတရားလိုထံ စာချုပ်စာတမ်းများကို အပေါင်ပေး အပ်နှံ၍ ငွေချေးယူခြင်းတွင် ဥပဒေအရ မှတ်ပုံတင်အပေါင်စာချုပ်ပြုလုပ်ရန် မလိုအပ်သဖြင့် တိုင်းဒေသကြီး တရားလွှတ်တော်က မှတ်ပုံတင်အပေါင်စာချုပ် ပြုလုပ်ခြင်းမရှိသောကြောင့် ပေါင်နှံခြင်းလုပ်ထုံးလုပ်နည်း နှင့် မညီဟု ကောက်ယူကာ အယူခံမှုကို ပလပ်ခဲ့ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်မှု မပြုခဲ့ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။ အယူခံတရားပြိုင်၏ရှေ့နေက ပေါင်နှံခြင်းနှင့်ပတ်သက်သော စည်းကမ်း ချက်များပါရှိသည့် စာချုပ်စာတမ်း ချုပ်ဆိုခဲ့ခြင်းမရှိ၍ အပေါင်မမြောက်ကြောင်း တင်ပြချက်သည်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိ၍ လက်ခံနိုင်ခြင်းမရှိချေ။

ထို့ကြောင့် မန္တလေးခရိုင်တရားရုံးက အယူခံတရားလို ဒေါ်နန်းမောင်ခန့် စွဲဆိုသော အပေါင်ဒီကရီ ရလိုမှုကို ပလပ်ခဲ့ခြင်းအပေါ် အယူခံတရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင် ချေ။

သို့အတွက် ကြားနာခဲ့သော ပြဿနာနှင့်စပ်လျဉ်း၍ "ဒေါ်နန်းမောင်ခန့်ထံ မြေနှင့်အဆောက်အအုံ ပိုင်ဆိုင်မှုစာရွက်စာတမ်းများပေးအပ်၍ ဒေါ်ခင်တင့်မှ ငွေကျပ်သိန်း ၂၀၀ ချေးယူခြင်းအား ဟန်ဆောင် အရောင်းအဝယ်စာချုပ်ဖြစ်သဖြင့် ငွေဒီကရီမရထိုက်ကြောင်း ဆုံးဖြတ်သည့် ခရိုင်တရားရုံး၏စီရင်ချက်ကို ဆက်လက်အတည်ပြုသည့် တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ ဆုံးဖြတ်ချက်များသည် မှန်ကန်ခြင်းမရှိကြောင်း" ဖြေဆိုလိုက်သည်။

ဤတရားမအထူးအယူခံမှုကို ခွင့်ပြုသည်။ မန္တလေးခရိုင်တရားရုံးနှင့် အယူခံတရားရုံး အဆင့်ဆင့် တို့၏ စီရင်ချက်နှင့်ဒီကရီများကို ပယ်ဖျက်လိုက်သည်။ အယူခံတရားလို ဒေါ်နန်းမောင်ခန့်အား အယူခံ တရားပြိုင်ဒေါ်ခင်တင့်သည် စွဲဆိုရင်း ချေးငွေကျပ်သိန်း ၂၀၀ ကို အပေါင်ဒီကရီငွေအဖြစ် စရိတ်နှင့်တကွ ပေးစေရန် ပဏာမဒီကရီချမှတ်လိုက်သည်။

စွဲဆိုသော ချေးငွေရင်းကျပ်သိန်း ၂၀၀ အပေါ် တရားစွဲဆိုသည့်နေ့မှ ပဏာမဒီကရီချမှတ်သည့် နေ့အထိ တစ်နှစ်လျှင် ၆ % အတိုးဖြင့်လည်းကောင်း၊ ပဏာမဒီကရီချမှတ်သည့်နေ့မှ အပြေအကျေပေးဆပ် သည့်နေ့အထိ ချေးငွေရင်းကျပ်သိန်း ၂၀၀ နှင့် ယင်းအငွေအပေါ် တွက်ချက်ထားသည့်အတိုး စုစုပေါင်းတို့ ပေါ်တွင် တစ်နှစ်လျှင် ၉ % အတိုးဖြင့်လည်းကောင်း အတိုးငွေပေးစေရမည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/– သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဌေး)<br>တရားသူကြီး | (စိုးညွန့်)<br>တရားသူကြီး | (မြသိမ်း)<br>တရားသူကြီး |
| (မြင့်အောင်)<br>တရားသူကြီး | (အောင်ဇော်သိန်း)<br>တရားသူကြီး | (မြင့်ဟန်)<br>တရားသူကြီး |

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၅

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၈ တွင် ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကို အယူခံမှု။

ဦးအောင်လင်း နှင့် ၁။ ဒေါ်စန်းစန်းမြင့်
(ကိုယ်တိုင်နှင့် ၂ မှ ၅ တို့၏ အထူးကိုယ်စားလှယ်စာရသူ)
၂။ ဒေါ်မြင့်မြင့်စန်း
၃။ ဒေါ်သန်းသန်းလေး
၄။ ဒေါ်စန်းစန်းအေး
၅။ ဒေါ်အေးအေးစန်း

| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးအောင်သစ်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | ဦးတင်ထွန်း၊ တရားလွှတ်တော်ရှေ့နေ |

### စီရင်ချက်

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၈၆ တွင် ဒေါ်စန်းစန်းမြင့် ပါ ၅ ဦးက ဦးအောင်လင်းအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမွေပုံပစ္စည်း ၁၁ မျိုးနှင့် တိုက်ခန်း ၆ ခန်းအတွက် နောင်တွင်ရရှိမည့်အကျိုးခံစားခွင့်များ၊ ယာဉ်အမှတ် ၆ခ/၈၇၅၅ တို့တွင် ၄ ပုံ ၃ ပုံကိုလည်းကောင်း၊ ၂၀၁၀ မှ ၂၀၁၃ ခုနှစ်အတွက် ၄ားရမ်းခငွေ ၂၃၃၂၀၀ ကျပ်၏ ၄ ပုံ ၃ ပုံဖြစ်သည့် ငွေ ၁၇၄၉၀၀ ကျပ်ကိုလည်းကောင်း တရားလိုများရထိုက်ကြောင်း အပြီးသတ် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီအပေါ် တရားပြိုင်ဦးအောင်လင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၁၅၁ တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ် ၁၀၈ တွင်လည်းကောင်း အဆင့်ဆင့်အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရရှိချေ။ ထို့ကြောင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၇၉ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"၁။ ကျပ် ၁၇ သိန်းဖြင့် အမွေရှင် အပေါင်ခံထားသော စိန်နားကပ်တစ်ရံကို အမွေပုံပစ္စည်းအဖြစ် သတ်မှတ်ခြင်းသည် ဥပဒေအရ မှန်ကန်မှု ရှိ၊ မရှိ။
၂။ ဆရာခိုအနာလိမ်းဆေးကုန်အမှတ်တံဆိပ်ကို အမွေပုံပစ္စည်းအဖြစ် သတ်မှတ်၍ အမွေအဖြစ် ခွဲဝေမပေးခဲ့ခြင်းသည် စီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ။"

အယူခံတရားလို၏ရှေ့နေက ဖခင် အပေါင်ခံထားသည်ဆိုသော ကျပ် ၁၇ သိန်းတန်ဖိုးရှိသော စိန်နားကပ်တစ်ရံနှင့်စပ်လျဉ်း၍ အပေါင်ခံထားကြောင်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ မိခင်ပြောပြခဲ့၍ သိရသည်ဟု အယူခံတရားပြိုင်ဒေါ်စန်းစန်းမြင့်၏ ထွက်ဆိုချက်သာ ရှိကြောင်း၊ အလွယ်တကူ ထွက်ဆိုနိုင်သော နှုတ်ထွက်ဆိုချက်သာဖြစ်ကြောင်း၊ အပေါင်ပစ္စည်းကို ပေါင်နှံသူက ပြန်လည်ရွေးယူနိုင်သဖြင့် အပေါင်ပစ္စည်းဟု ယူဆရန်မသင့်ကြောင်း၊ ဆရာခိုအနာလိမ်းဆေးလုပ်ငန်းမှာ အမွေပုံပစ္စည်းဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးဦးစီးဌာန၏ ၂၁–၁၁–၂၀၀၉ နေ့၌ ညှိနှိုင်းပေးချက်အရ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကို ရပ်မထားရဘဲ အဆင်ပြေစေရန်အတွက် ညှိနှိုင်း၍ ခေတ္တခွင့်ပြုထားခြင်းသာဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးဦးစီးဌာနက ထုတ်ပေးထားသော တိုင်းရင်းဆေးဝါးမှတ်ပုံတင်လက်မှတ်တွင် ကတိဝန်ခံဖော်ပြချက်အရ ယင်းတိုင်းရင်းဆေးဝါးမှတ်ပုံတင်လက်မှတ်သည် တိုင်းရင်းဆေးဝါးထုတ်ရန် တံဆိပ်ပိုင်ဆိုင်မှုကိစ္စအရှုပ်အရှင်းများအတွက် အထောက်အထားအဖြစ် မှတ်ယူခြင်း၊ သတ်မှတ်ခြင်း၊ အသုံးပြုခြင်းခွင့်မပြုဟုပါရှိကြောင်း၊ ထို့ကြောင့် ကုန်အမှတ်တံဆိပ်ကိစ္စသည် တရားရုံးအဆုံးအဖြတ်နှင့် သက်ဆိုင်ကြောင်း၊ သို့ဖြစ်၍ ကျပ် ၁၇ သိန်းဖြင့် အပေါင်ခံထားသော စိန်နားကပ်တစ်ရံကို အမွေပုံပစ္စည်းမှ ပယ်ဖျက်သင့်၊ မသင့်နှင့် ဆရာခိုအနာလိမ်းဆေးလုပ်ငန်းကို အမွေပုံပစ္စည်းအဖြစ် ထည့်သွင်းခွဲဝေရန် သင့် မသင့်တို့ကို သင့်မြတ်သော ဒီကရီချမှတ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက ကျပ် ၁၇ သိန်းဖြင့်အပေါင်ခံထားသော စိန်နားကပ်တစ်ရံသည် အပေါင်ခံသူဖခင်ကွယ်လွန်ပြီးချိန်တွင် ပေါင်နှံသူက ရွေးနုတ်မည်ဆိုပါက ကျန်အမွေခံများထံမှ ရွေးနုတ်ရမည်သာဖြစ်ကြောင်း၊ ရွေးနုတ်ယူသည့်ငွေမှာ အမွေပုံပစ္စည်းသာဖြစ်ကြောင်းမြင်သာသဖြင့် အမွေရှင်အပေါင်ခံထားသော စိန်နားကပ်တစ်ရံကို အမွေပုံပစ္စည်းအဖြစ် သတ်မှတ်ခြင်းသည် မှန်ကန်မှုရှိကြောင်း၊ ဆရာခိုအနာလိမ်းဆေးကုန်အမှတ်တံဆိပ်ကို ဖခင်၏ခွင့်ပြုချက်ဖြင့် အယူခံတရားပြိုင်တို့က ၂၀၀၅ ခုနှစ်တွင် ထုတ်လုပ်သုံးစွဲသည်ကို အယူခံတရားလိုက ရန်ကုန်တိုင်းတရားရုံးတွင် ထာဝရတားဝရမ်းရလိုမှု စွဲဆိုခဲ့သည့်အပြင် တိုင်းရင်းဆေးဝါးဦးစီးဌာနသို့လည်း ကန့်ကွက်ခဲ့ကြောင်း၊ တိုင်းတရားရုံးက အယူခံတရားလိုစွဲဆိုသောအမှုကို ၅–၈–၂၀၀၈ နေ့တွင် ပလပ်ခဲ့ပြီးနောက် တိုင်းရင်းဆေးဝါးဦးစီးဌာနတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်များက ခွဲဝေသုံးစွဲရန်အတွက် ညှိနှိုင်းခဲ့ကြပြီး လူကြီးများရှေ့တွင် သက်သေခံအမှတ် (ခ) သဘောတူညီမှု ပဋိညာဉ်ပြုလုပ်၍ ခွဲဝေထုတ်လုပ်ကြရန် သဘောတူညီခဲ့ပြီးဖြစ်ကြောင်း ပေါ်လွင်သဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ ပြဋ္ဌာန်းချက်အရ အမွေပုံပစ္စည်းဟု လက်ခံခွင့်ပြုနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

မူလခရိုင်တရားရုံးက အယူခံတရားပြိုင်ဒေါ်စန်းစန်းမြင့် ပါ ၅ ဦးတို့သည် မိဘများကျန်ရစ်သည့်အမွေပစ္စည်း၏ ၄ ပုံ ၃ ပုံ ရထိုက်ကြောင်း ၇–၁၂–၂၀၁၂ နေ့တွင် ပဏာမဒီကရီချမှတ်ခဲ့သည်။ ထို့နောက် ကော်မရှင်နာခန့်အပ်၍ အမွေပုံပစ္စည်းစာရင်းကောက်ယူစေခဲ့သည်။

ကော်မရှင်နာက အမွေပုံပစ္စည်းများအဖြစ် စိန်ရွှေရတနာပစ္စည်း ၁၀ မျိုးကို တင်ပြရာတွင် အမွေရှင်ဖခင်ထံ၌ ကျပ် ၁၇ သိန်းဖြင့် အပေါင်ခံထားသော စိန်နားကပ်တစ်ရံလည်း ပါဝင်ကြောင်း တွေ့ရသည်။

ကော်မရှင်နာ၏အစီရင်ခံစာတွင် ကျပ် ၁၇ သိန်းဖြင့် ဖခင်ထံတွင် အပေါင်ခံထားသော စိန်နားကပ်တစ်ရံနှင့်ပတ်သက်၍ တရားလိုဘက်မှ တရားပြိုင် ဦးအောင်လင်း၏ဇနီးဖြစ်သူက ဖခင်ထံတွင် ကျပ် ၁၇ သိန်းဖြင့် ပေါင်ထားသည်ကို မိခင်ပြောပြ၍ သိရကြောင်း ထွက်ဆိုတင်ပြကြောင်း၊ တရားပြိုင်ဦးအောင်

လင်းက ၎င်းဇနီးဘက်မှ အမွေပစ္စည်းသာဖြစ်၍ ဖခင်ထံပေါင်နှံထားခြင်းမဟုတ်ကြောင်း တင်ပြရာ ထောက်ခံသက်သေတင်ပြနိုင်မှုမရှိကြောင်း၊ တရားပြိုင်က ဖခင်သည် အပေါင်ခံသည့်အလုပ်မလုပ်ဟု ထွက်ဆိုသော်လည်း သမီးများလာရောက်ပေါင်နှံသည့်အခါ တရားပြိုင်က ပြောပေးလျှင် ဖခင်က လက်ခံသည်ဟု ထွက်ဆိုထားသဖြင့် ဖခင်ထံပေါင်နှံထားသည့် စိန်နားကပ်သည် အမွေပစ္စည်းဖြစ်သည်ဟု သုံးသပ်တင်ပြခဲ့သည်။

ပဒုမ္မာရွှေကြာဆရာခိုအနာလိမ်းဆေးအမှတ်တံဆိပ်နှင့်ပတ်သက်၍ တိုင်းရင်းဆေးဝါးဦးစီးဌာန (ဗဟိုတိုင်းရင်းဆေး)မှ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တရားလိုတို့အား ဆရာခိုအမှတ်တံဆိပ်ဖြင့်လည်းကောင်း၊ တရားပြိုင်အား ပဒုမ္မာရွှေကြာအမှတ်တံဆိပ်ဖြင့်လည်းကောင်း လုပ်ကိုင်ခွင့်ပေးသည်ကို နှစ်ဦးလုံးမှ သဘောတူသဖြင့် ကုန်အမှတ်တံဆိပ်ကို နှစ်ဖက်ခွဲဝေပြီးဖြစ်သည်ဟု တရားလိုများဘက်မှတင်ပြကြောင်း၊ တရားပြိုင်ဦးအောင်လင်းက တိုင်းရင်းဆေးဝါးဦးစီးဌာနမှ ခြိမ်းခြောက်၍ သဘောတူညီခဲ့ခြင်းသာဖြစ်ပြီး တရားရုံး၏အဆုံးအဖြတ်သာ လက်ခံလိုသည်ဟု တင်ပြကြောင်း၊ ဆရာခိုအနာလိမ်းဆေးကုန်အမှတ်တံဆိပ်ကို တရားလို၊ တရားပြိုင်တို့သည် သဘောတူနှစ်ဖက်ခွဲဝေပြီးဖြစ်၍ အမွေပစ္စည်းအဖြစ်မကျန်ရစ်တော့ကြောင်း ကော်မရှင်နာက သုံးသပ်တင်ပြခဲ့သည်။

မူလခရိုင်တရားရုံးက ကော်မရှင်နာ၏အစီရင်ခံစာကို အတည်ပြုရာတွင် ကျပ် ၁၇ သိန်းတန် ဖခင်ထံပေါင်နှံထားသော စိန်နားကပ်တစ်ရံနှင့်ပတ်သက်၍ တရားပြိုင်က ၎င်းဇနီးအမွေရသည့်ပစ္စည်းဖြစ်သည်ဟု ထွက်ဆိုသော်လည်း အမွေရသည့်အကြောင်းပေါ်လွင်သည့်အချက်ကို အမှုတွင်မတွေ့ရကြောင်း၊ ဦးအောင်လင်းကိုယ်တိုင်ပင် ဖခင်ထံ ညီမများက ပစ္စည်းများပေါင်တတ်ကြောင်း ထွက်ဆိုနေသဖြင့် ထိုနားကပ်သည် အမွေပစ္စည်းဖြစ်သည်ဟု ကော်မရှင်နာ၏တင်ပြချက်မှာ မှားယွင်းမှုမရှိကြောင်း၊ ဆရာခိုအနားလိမ်းဆေးကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ဦးအောင်လင်းက တိုင်းရင်းဆေးဝါးဦးစီးဌာန၏ ညှိနှိုင်းချက်ကို လက်မခံလို၍ ညှိနှိုင်းမှုကို အသိအမှတ်မပြုကြောင်း ကော်မရှင်နာထံထွက်ဆိုကြောင်း၊ တရားမကြီးမှုအမှတ် ၈၆/၂၀၁၁ ၏ သက်သေခံအမှတ် (ခ) တွင် ရွှေကြာပန်းပုံအနာလိမ်းဆေး၊ ပဒုမ္မာရွှေကြာအမှတ်တံဆိပ်ကို သဘောတူကြောင်း ဦးအောင်လင်းက လက်မှတ်ရေးထိုးထားကြောင်း၊ မည်သည့်အတွက် သဘောတူရကြောင်းကို သက်သေထင်ရှားပြနိုင်ခြင်းမရှိကြောင်း၊ ချေလွှာအပိုဒ် ၅ (ဂ)တွင် ဆေးထုတ်လုပ်မှုကို အခွင့်အရေးတူစွာလုပ်ကိုင်နေကြပါသည်ဟု ဖော်ပြထားကြောင်း၊ ကော်မရှင်နာထံတင်ပြသည့် သက်သေခံအမှတ် (ဇ) သတင်းစာကြော်ငြာအရလည်း ဦးအောင်လင်းက ပဒုမ္မာရွှေကြာအမှတ်တံဆိပ်ဖြင့် အနာလိမ်းဆေး ထုတ်လုပ်ရောင်းချမည်ဖြစ်သည်ဟု ကြေညာခဲ့ကြောင်း၊ သို့ဖြစ်၍ ဦးအောင်လင်းသည် ဖခင်၏ ကုန်အမှတ်တံဆိပ်ကို တရားလိုများနှင့် သဘောတူခွဲဝေသုံးစွဲပြီးဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ကုန်အမှန်တံဆိပ်ကို အမွေပုံမှ ပယ်ထုတ်ခဲ့ခြင်းကို အတည်ပြုရန်သာဖြစ်ကြောင်း သုံးသပ်ကာ ကော်မရှင်နာ၏အစီရင်ခံစာကို အတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

ကျပ် ၁၇ သိန်းတန် စိန်နားကပ်တစ်ရံသည် အမွေရှင် ဦးဟံမောင်ပိုင်ဆိုင်သည့်ပစ္စည်းမဟုတ်သော်လည်း ၎င်းထံပေါင်နှံထားသော အပေါင်ပစ္စည်းဖြစ်သောကြောင့် ဦးဟံမောင်အနေဖြင့် ပေါင်နှံထားသောပစ္စည်းနှင့်စပ်လျဉ်း၍ အပေါင်ခံသူ၏အခွင့်အရေးများခံစားခွင့်ရှိသည်။ ကြွေးမြီ ကျပ် ၁၇ သိန်းနှင့်စပ်လျဉ်း၍ အာမခံထားသောအပေါင်ပစ္စည်းပေါ်တွင် အပေါင်ခံသူအနေဖြင့် ခံစားခွင့်အခွင့်အရေးကို အမွေဆက်ခံသူများအား ခွဲဝေခံစားစေခြင်းဖြစ်သည့်အတွက် တရားရုံးအဆင့်ဆင့်က အပြီးသတ်ဒီကရီတွင် အမွေပုံပစ္စည်းအဖြစ် ထည့်သွင်းခွဲဝေစေခြင်းမှာ မှားယွင်းခြင်းမရှိချေ။

ဆရာခို အနာလိမ်းဆေးအမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ တရားပြိုင်ဦးအောင်လင်းက ချေလွှာ အပိုဒ် ၅(ခ)တွင် ဆရာခိုအနာလိမ်းဆေးကုန်ထုတ်လုပ်ငန်းမှာ အမွေပုံပစ္စည်းအဖြစ်ကျန်ရှိသည်မှာ မှန်ပါသည်ဟု လည်းကောင်း၊ အပိုဒ် ၅ (ဂ)တွင် တရားလိုများနှင့် တရားပြိုင်တို့သည် ဆေးထုတ်လုပ်မှုကို အခွင့်အရေး တူစွာ လုပ်ကိုင်နေကြပါသည်ဟုလည်းကောင်း ဝန်ခံထားကြောင်း တွေ့ရသည်။

**မသန်း ပါ၃ / မအေမာ(ခ)မအေမာထွေး နှင့် ဦးချစ်ဆွေအမှု**[၁]တွင် T.C Mohamed V.A Kunjakan and two others, 1951, BLR (s.c) ကို ရည်ညွှန်းပြီး ကုန်အမှတ်တံဆိပ်ကို ကုန်ထုတ်လုပ်သူတစ်ဦးသာလျှင် ပိုင်ဆိုင်သုံးစွဲခွင့်ရှိပေရာ ထိုကဲ့သို့ ပိုင်ဆိုင်သုံးစွဲခွင့်ကို ပိုင်ဆိုင်သူတစ်ဦးက အခြားသူတစ်ဦးသို့ ရောင်းချလွှဲပြောင်းနိုင်ခွင့်ရှိသည့်အပြင် ပိုင်သူထံမှ ၎င်း၏အမွေအစားအမွေခံတစ်ဦးက ၎င်းတံဆိပ်ပိုင်ဆိုင်သုံးစွဲခွင့်ကို အမွေဆက်ခံနိုင်သည်။ မူလပိုင်ရှင်သေဆုံးသောအခါတွင် ၎င်းပိုင်ဆိုင်သုံးစွဲနေသော ကုန်တံဆိပ်ကို ၎င်း၏ အမွေဆက်ခံသော သားသမီးအားလုံးတို့က ရယူသုံးစွဲနိုင်ခွင့်ရှိကြသည်။ ထိုသို့ရယူသုံးစွဲနိုင်ခွင့်မှာ အမွေဆက်ခံသူတစ်ဦး၏ ဝေပုံကျသုံးစွဲနိုင်ခွင့် မဟုတ်ချေ။ အမွေဆက်ခံသူများ၏အခွင့်အရေးမှာ ညီတူညီမျှသာ ဖြစ်ခြင်းကြောင့် ကုန်ပစ္စည်းများကို အဆိုပါကုန်တံဆိပ်ဖြင့် ပြုလုပ်ရောင်းချခြင်းကို ကုန်ထုတ်လုပ်သူအမည်နှင့် နေရပ်ခွဲခြားလျက် ကုန်ရောင်းချသောဌာနများနှင့် နယ်ပယ်များကို ပိုင်းခြားဝေငှပြီး အသုံးပြုလိုပါက အမွေဆိုင်အချင်းချင်း ပဋိညာဉ်ပြုလုပ်၍ ၎င်းကိစ္စများကို စီမံခန့်ခွဲနိုင်ပေမည်ဟု ထုံးပြုသည်ကို တွေ့ရသည်။

ဤအမှုတွင် တိုင်းရင်းဆေးဝါးဦးစီးဌာနတာဝန်ရှိ လူကြီးများရှေ့မှောက်တွင် အမွေရှင် ဖခင်က ထုတ်လုပ်ခဲ့သော ဆရာခိုအနာလိမ်းဆေး အမှတ်တံဆိပ်ကို ဦးအောင်လင်းက ပဒုမ္မာရွှေကြာအမှတ်တံဆိပ်ဖြင့် လည်းကောင်း၊ တရားလိုဒေါ်စန်းစန်းမြင့်တို့က ဆရာခိုအမှတ်တံဆိပ်ဖြင့်လည်းကောင်း သုံးစွဲလုပ်ကိုင်ရန် သဘောတူခွဲဝေခဲ့ကြောင်း သက်သေခံအမှတ် (ခ) အရလည်းကောင်း၊ ထိုသို့သဘောတူလက်ခံပြီး ဦးအောင်လင်းက ၎င်းက ခွဲဝေယူခဲ့သည့် ပဒုမ္မာရွှေကြာအမှတ်တံဆိပ်ကို သုံးစွဲခဲ့ကြောင်း ၁၇-၁၁-၂၀၀၉ ရက်စွဲပါ သတင်းစာကြော်ငြာသက်သေခံအမှတ် (ဇ) အရလည်းကောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့မောင်နှမများသည် ဖခင်ကျန်ရစ်ခဲ့သော ပဒုမ္မာရွှေကြာ ဆရာခိုအနာလိမ်းဆေးအမှတ်တံဆိပ်ကို အချင်းချင်း သဘောတူညှိနှိုင်း၍ ပိုင်းခြားခွဲဝေပြီး အသုံးပြုရန် စီမံခန့်ခွဲခဲ့ကြပြီးဖြစ်သည်ဟု မှတ်ယူရပေသည်။

အယူခံတရားလို ဦးအောင်လင်းသည် ထိုသို့အနာလိမ်းဆေးအမှတ်တံဆိပ်ကို သဘောတူခွဲဝေသုံးစွဲလာခဲ့ပြီးမှ ယခုတစ်ဖန် အဆိုပါအနာလိမ်းဆေးအမှတ်တံဆိပ်ကို အမွေမခွဲဝေရသေးကြောင်း ပြောဆိုလာခြင်းဖြစ်သည်။ ဤကဲ့သို့ ယခင်ကတစ်မျိုး၊ ယခုတစ်မျိုး ပြောဆိုခြင်းမှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ လက်ခံခွင့်ပြုနိုင်သည့်ကိစ္စမဟုတ်ပေ။ ယင်းမှုသဘောကို **ဦးနေဝင်းနှင့် ဦးဝင်းမောင်ပါ ၇ အမှု**[၂] တွင် ကြည့်ပါ။

ထို့ကြောင့် အဆိုပါပေါင်နှံထားသော ကျပ် ၁၇ သိန်းတန် စိန်နားကပ်တစ်ရံကို အမွေပစ္စည်းဟုလည်းကောင်း၊ ဆရာခိုအနာလိမ်းဆေးကုန်အမှတ်တံဆိပ်ကို အမွေပစ္စည်းတွင် မပါဝင်ဟုလည်းကောင်း တရားရုံးအဆင့်ဆင့်၏ သုံးသပ်ဆုံးဖြတ်ချက်များမှာ မှန်ကန်သည်ဟု ဆိုရပေမည်။

---

(၁) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၆ (တရားလွှတ်တော်ချုပ်)။
(၂) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၇။

သို့ဖြစ်၍ ကြားနာခဲ့သော ပြဿနာများကို အောက်ပါအတိုင်းဖြေဆိုကာ ဤတရားမအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်–

" ၁။ ကျပ် ၁၇ သိန်းဖြင့် အမွေရှင်အပေါင်ခံထားသော စိန်နားကပ်တစ်ရံကို အမွေပုံပစ္စည်းအဖြစ် သတ်မှတ်ခြင်းသည် ဥပဒေအရ မှန်ကန်မှုရှိကြောင်း၊

၂။ ဆရာနီအနာလိမ်းဆေးကုန်အမှတ်တံဆိပ်ကို အမွေပုံပစ္စည်းအဖြစ်သတ်မှတ်၍ အမွေအဖြစ်ခွဲဝေမပေးခဲ့ခြင်းသည် စီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်ကြောင်း။"

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/– သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဒွေး)<br>တရားသူကြီး | (စိုးညွန့်)<br>တရားသူကြီး | (မြသိမ်း)<br>တရားသူကြီး |
| (မြင့်အောင်)<br>တရားသူကြီး | (အောင်ဇော်သိန်း)<br>တရားသူကြီး | (မြင့်ဟန်)<br>တရားသူကြီး |



## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၆

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၂၁ တွင် ချမှတ်ခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကို အယူခံမှု။

| | | |
|---|---|---|
| ၁။ ဒေါ်ခင်သန်းစိန် | နှင့် | ၁။ ဦးကျော်ညိမ်း |
| ၂။ ဦးကျော်သန်း | | ၂။ ဦးကျော်အေး |
| ၃။ ဒေါ်နုနု | | ၃။ ဒေါ်ထူးထူး(ခ) ဒေါ်ထူး |
| | | ၄။ ဒေါ်ချိုချို (ခ) ဒေါ်ချို |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

အယူခံတရားလိုများအတွက် – ဦးထွန်းဝေ၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးမြင့်အောင်၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်

မန္တလေးခရိုင်တရားရုံး ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၇၄ တွင် ဦးကျော်ညိမ်း ပါ ၄ ဦးတို့က ဒေါ်ခင်သန်းစိန် ပါ ၃ ဦးတို့အပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုသည်။ တရားပြိုင်ဒေါ်ခင်သန်းစိန် ပါ ၃ ဦးတို့က တန်ပြန်တောင်းဆိုလွှာတင်သွင်းခဲ့သည်။ ခရိုင်တရားရုံးက တရားလိုများသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတွင် ၇ ပုံ ၄ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ တရားပြိုင်ဒေါ်ခင်သန်းစိန် ပါ ၃ ဦးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၁၃ တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၂၁ တွင် လည်းကောင်း အဆင့်ဆင့်အယူခံတင်သွင်းသော်လည်း အောင်မြင်မှုမရရှိချေ။ တရားပြိုင်များက အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၇၀ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"၁။ ကွယ်လွန်သူ ဒေါ်တင်ဦးသည် အစ္စလာမ်ဘာသာဝင်ဖြစ်ပါလျက် ဒေါ်တင်ဦးကျန်ရစ်သော အမွေကို ၎င်း၏သားသမီးများအား ခွဲဝေရာတွင် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေခွဲဝေခဲ့သော ခရိုင်တရားရုံး၏ ပဏာမဒီကရီကို ဆက်လက်အတည်ပြုသော တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များသည် မှန်ကန်ခြင်း ရှိ၊ မရှိ။

၂။ တရားပြိုင်များသည် ၎င်းတို့အမွေဝေစုကို ရုံးခွန်ထမ်းဆောင်ပြီး ပြန်လှန်တောင်ဆိုခွင့်ရှိကြောင်း ဖြေဆိုဆုံးဖြတ်ပြီးဖြစ်ပါလျက် ၎င်းတို့ရထိုက်သည့်အမွေဝေစုကို ထည့်သွင်းချမှတ်ခဲ့ခြင်းမရှိသည့် မူလရုံး၏ပဏာမဒီကရီကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှန်ကန်ခြင်း ရှိ၊ မရှိ။"

အယူခံတရားလိုများ၏ရှေ့နေက တရားလိုနှင့် တရားပြိုင်များမှာ အစ္စလာမ်ဘာသာကိုးကွယ်သူများ ဖြစ်ကြကြောင်း အဆိုလွှာ အပိုဒ် ၁ တွင် အတိအလင်းဖော်ပြထားသဖြင့် အစ္စလာမ်ဓလေ့ထုံးစံအရ ဆုံးဖြတ် ရမည်ဖြစ်ကြောင်း၊ အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံပစ္စည်းတွင် သားသည် သမီး၏ ၂ ဆရရှိ ကြောင်း၊ ထို့ကြောင့် မူလရုံးတရားလိုများ၏ အမွေဝေစုအချိုးမှာ ၅ ပုံ ၃ ပုံသာလျှင် အမှန်ဖြစ်ကြောင်း၊ အချင်းဖြစ် ဦးပိုင်အမှတ် (၈၂–က) မြေကွက်မှာ အဘွားဒေါ်စက်မေကွယ်လွန်သည့် ၂–၆–၁၉၈၃ နေ့ မတိုင်မီ ၁၉၈၂ ခုနှစ်ကတည်းကပင် အတူနေမြေးဖြစ်သူ ဒေါ်ခင်သန်းစိန်အား အပြီးအပိုင် လက်ရောက်လွှဲပြောင်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းမှာ တရားပြိုင်ပြသက်သေထွက်ဆိုချက်များအရ ထင်ရှားကြောင်း၊ အစ္စလာမ် တရားဥပဒေအရ ထိုကဲ့သို့ပေးကမ်းခြင်းမှာ တည်မြဲနိုင်မာမှုရှိကြောင်း၊ ယင်းမြေကွက်မှာ ယခင်က ဒေါ်စက် မေနှင့် ဒေါ်ခင်သန်းစိန်တို့နှစ်ဦး ပူးတွဲအမည်ပေါက်သည့်ဂရန်မြေဖြစ်ပြီး ယခုအခါ ဒေါ်ခင်သန်းစိန် တစ်ဦးတည်း ဂရန်အမည်ပေါက်ပြီး လက်ရှိနေထိုင်လျက်ရှိကြောင်း၊ ဂရန်စာချုပ်နှင့်မြေပုံ၊ မြေရာဇဝင်တို့ ကို သက်သေခံအဖြစ်တင်ပြထားကြောင်း၊ ထို့ကြောင့် အချင်းဖြစ် ဦးပိုင်အမှတ် (၈၂–က) မြေကွက်၏ ထက်ဝက်ကို ဒေါ်ခင်သန်းစိန်က ရထိုက်ခွင့်ရှိကြောင်း တန်ပြန်တောင်းဆိုခဲ့ခြင်း (Counter Claim) ဖြစ်ကြောင်း၊ **ဆရာဇျား ပါ ၂ နှင့် မောင်ကျော်ရွှန်းအမှု**[၁] အရ ပြန်လှန်တောင်းဆိုရန် တရားမကျင့်ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ကျနစွာ ရုံးခွန်ထမ်းဆောင်ပါက ပြန်လှန်တောင်းဆိုချက်ကို အပြန်အလှန်အမှုမှ အဆိုလွှာအဖြစ်သတ်မှတ်ကာ နှစ်မှုကို တစ်ပေါင်းတည်းစစ်ဆေးကြားနာနိုင်ကြောင်း၊ အချင်းဖြစ်မြေကွက်တွင် ဒေါ်ခင်သန်းစိန်သည် ထက်ဝက်ရထိုက်ခွင့်ရှိပါလျက် ထိုသို့ ရထိုက်ခွင့်မရှိကြောင်း သုံးသပ်ကာ ပဏာမဒီကရီချမှတ်ခဲ့သည့် တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း၊ ထို့ကြောင့် ကြားနာခဲ့သည့်ပြဿနာ ၂ ရပ်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်း မရှိဟု ဖြေဆိုဆုံးဖြတ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက မူလရုံးက ငြင်းချက်အမှတ်(၄)တွင် နှစ်ဖက်အမှုသည်များမှာ အစ္စလာမ်ဘာသာဝင်များဖြစ်ကြသော်လည်း ဒေါ်စက်မေ၏အမွေပုံ ဦးပိုင်အမှတ် (၈၂) ကို ဒေါ်တင်ဦးနှင့် တူဖြစ်သူ ဦးကိုကြီးတို့ခွဲဝေယူစဉ်ကလည်းကောင်း၊ ဒေါ်တင်ဦး၏အမွေပုံ ဦးပိုင်အမှတ် (၈၃) ကို တရားလို၊ တရားပြိုင်များ ခွဲဝေယူစဉ်ကလည်းကောင်း၊ အစ္စလာမ်ဘာသာအရ ဆောင်ရွက်ခြင်းမဟုတ်ဘဲ အမွေဆိုင်များ သဘောတူညီမှုဖြင့် မိသားစုစီမံမှုပြုကာ အချိုးတူခွဲဝေခဲ့ကြောင်း၊ မိသားစုစီမံမှုအတိုင်း ပစ္စည်းခွဲဝေပြီးပါက ထိုစီမံမှုကို ဖောက်ဖျက်ခွင့်မရှိကြောင်း၊ ထို့ပြင် ထိုစီမံမှုသည် တရားဥပဒေအရ တည်မြဲနိုင်မာခြင်းမရှိဟု သက်သေခံအက် ဥပဒေပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ကြောင်း သုံးသပ်ကာ မြန်မာဓလေ့ထုံးတမ်း နှင့်အညီ အမွေခွဲဝေခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပဏာမဒီကရီကို တရားလွှတ်တော်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှုရှိကြောင်း၊ တရားပြိုင်ဒေါ်ခင်သန်းစိန်သည် အချင်းဖြစ် မြေနှင့်အိမ်ကို လက်ရှိထားနေထိုင်ခဲ့သော်လည်း အခြားအမွေဆိုင်များ၏အကျိုးကိုဆန့်ကျင်၍ ၁၂ နှစ်ကျော် နေထိုင်လာခဲ့သည်ဟု မဆိုနိုင်ကြောင်း၊ အမည်ပေါက်ရုံဖြင့် ပိုင်ရှင်အဖြစ်သို့ ရောက်နိုင်မည်မဟုတ်ကြောင်း၊ အဘွားဒေါ်စက်မေက ဒေါ်ခင်သန်းစိန်အား ဦးပိုင်အမှတ် (၈၂–က) ကို တရားဝင်ပေးကမ်းခဲ့ကြောင်း ထင်ရှား သည့် အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ ဒေါ်ခင်သန်းစိန်သည် အမွေဆိုင်များအား ဆန့်ကျင်

(၁) အတွဲ ၂ ၊ ရန်ကုန်၊ စာ ၂၇၆

နေထိုင်သည်ဟုမဆိုနိုင်ကြောင်း တရားလွှတ်တော်က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိကြောင်း၊ တရားပြိုင်များ ရထိုက်သည့် အမွေဝေစုမှာ ၇ ပုံ ၃ ပုံဖြစ်ကြောင်း မူလရုံးက ပဏာမဒီကရီတွင် ထည့်သွင်းချမှတ်ခဲ့သဖြင့် အရေးယူလောက်သော ဥပဒေပြဿနာပေါ်ပေါက်ခြင်းမရှိသဖြင့် ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အဆိုလွှာအရ တရားလိုနှင့် တရားပြိုင်များသည် ဦးလွန်းမောင်၊ ဒေါ်တင်ဦးတို့၏ သားသမီး ၇ ဦးဖြစ်ပြီး မြန်မာ၊ အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြသည်။ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် မိခင်ဒေါ်တင်ဦးအမည်ပေါက် ဦးပိုင်အမှတ် (၈၃)မြေကွက်ကို တရားလို၊ တရားပြိုင်တို့မောင်နှမ ၇ ဦးက ၂၉-၃-၂၀၁၀ နေ့တွင် မှတ်ပုံတင်စာချုပ်ဖြင့် သဘောတူအညီအမျှ ခွဲဝေယူခဲ့ပြီးဖြစ်သည်။ မိခင်ဒေါ်တင်ဦး၏ မိခင် ဒေါ်စက်မေ ကျန်ရစ်သော ဦးပိုင်အမှတ် (၈၂) ဂရန်မြေကို ပိုင်းခြား၍ ဦးပိုင်အမှတ် (၈၂-ခ)ကို ဒေါ်တင်ဦး၏မောင် ဦးတင်ဖေ(ကွယ်လွန်)၏ သားဖြစ်သူ ဦးကိုကြီးအား ၂၅-၈-၂၀၀၅ နေ့တွင် အပေးမှတ်ပုံတင်စာချုပ်ဖြင့် ခွဲဝေပေးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသော ဦးပိုင်အမှတ် (၈၂-က) မြေနှင့် မြေပေါ်ရှိအဆောက်အအုံတို့မှာ အဘွားဒေါ်စက်မေကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်ကြောင်း၊ ယင်းဦးပိုင်အမှတ် (၈၂-က)ကို ၂၀၀၈ ခုနှစ်တွင် ဒေါ်ခင်သန်းစိန်အမည်သို့လွှဲပြောင်းခဲ့ကြောင်း၊ အမွေခွဲဝေပေးရန် အကြောင်းကြားခဲ့သော်လည်း တရားပြိုင်များက တစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းမရှိသောကြောင့် အမှုစွဲဆိုကြောင်းဖြင့် အဆိုပြုစွဲဆိုသည်။

မူလရုံးတရားပြိုင် ၃ ဦးက ဦးပိုင်အမှတ် (၈၂) မြေတစ်ကွက်လုံးမှာ ၁၉၈၂ ခုနှစ်ကပင် အဘွားဒေါ်စက်မေနှင့် မြေး ဒေါ်ခင်သန်းစိန်တို့ ပူးတွဲအမည်ပေါက်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမြေပေါ်ရှိ အဆောက်အအုံမှာ ဒေါ်ခင်သန်းစိန်တစ်ဦးတည်းက အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်စက်မေမကွယ်လွန်မီတွင်လည်းကောင်း၊ ကွယ်လွန်ပြီးနောက်တွင်လည်းကောင်း၊ ဂရန်များရယူခဲ့ရာတွင်လည်းကောင်း မည်သူမျှ ကန့်ကွက်ဟန့်တားခဲ့ခြင်းမရှိကြောင်း၊ ဦးပိုင်အမှတ် (၈၂-က) မှာ ဒေါ်ခင်သန်းစိန်တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သဖြင့် အမွေပစ္စည်းမဟုတ်ကြောင်း၊ ယခင်ကတည်းက ဒေါ်စက်မေနှင့် ဒေါ်ခင်သန်းစိန်တို့ ပူးတွဲပိုင်ဆိုင်ခဲ့သည့်မြေကွက်ဖြစ်သောကြောင့် အချင်းဖြစ်ပစ္စည်းများ၏ထက်ဝက်ကို တန်ပြန်တောင်းဆို၍ ရုံးခွန်ထမ်းဆောင်ကြောင်း၊ အမွေဆိုင်မစုံလင်ကြောင်း၊ အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်းဖြင့် ချေပလွှာနှင့် တန်ပြန်ကန့်ကွက်လွှာကိုတင်သွင်းကြောင်း ဖော်ပြထားသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်၊ အကွက်အမှတ် (၆၈၀)၊ ဦးပိုင်အမှတ် (၈၂) မှာ သက်သေခံအမှတ် (၁-ခ) မြေယာပုံစံ - ၁၀၆ အရ ၁၉၄၁ ခုနှစ်တွင် ဦးတင်မောင်နှင့် ဒေါ်စက်မေဂရန်အမည်ပေါက်ကြောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်စက်မေတစ်ဦးတည်းအမည်ဖြင့် ၂၉-၁၁-၁၉၆၈ နေ့မှ ၂၈-၁၁-၁၉၇၈ နေ့ထိ ဂရန်ပေါက်ကြောင်း၊ ၁၉၈၃ ခုနှစ်တွင် ၂၉-၆-၁၉၈၂ မှ ၂၈-၆-၁၉၉၂ နေ့ထိ ဒေါ်စက်မေနှင့် မြေးဖြစ်သူ ဒေါ်ခင်သန်းစိန်တို့အမည်ပေါက်ကြောင်း တွေ့ရသည်။

ဦးကိုဘိုင်နှင့် ဒေါ်စက်မေတို့တွင် သမီးဒေါ်တင်ဦးနှင့် သား ဦးတင်ဖေတို့ ၂ ဦး ထွန်းကားခဲ့ပြီး ဦးတင်ဖေနှင့်ဇနီး ဒေါ်အေးရင်တို့မှ သားတစ်ဦးတည်းဖြစ်သူ ဦးကိုကြီး (လိုပြ-၃) ကို မွေးဖွားခဲ့သည်။ ဦးတင်ဖေနှင့် ဒေါ်အေးရင်တို့မှာ ကွယ်လွန်ပြီးဖြစ်သည်။ မူလရုံးတရားလိုနှင့် တရားပြိုင်တို့ ၇ ဦးမှာ ဒေါ်တင်ဦး၏သားသမီးများဖြစ်ကြသည်။ ဒေါ်စက်မေသည် ၂-၆-၁၉၈၃ နေ့တွင် ကွယ်လွန်ခဲ့ပြီး သမီးဒေါ်တင်ဦးမှာ ၂၃-၁၀-၂၀၀၅ နေ့တွင် ကွယ်လွန်ခဲ့သည်။

ဦးပိုင်အမှတ် (၈၂) မြေကွက်နှင့်စပ်လျဉ်း၍ ဦးကိုကြီးနှင့် ဒေါ်တင်ဦးတို့မိသားစုသည် ၂၁–၈–၂၀၀၅ ရက်စွဲပါ သက်သေခံအမှတ် (က) ဆွေမျိုးသားချင်းအတွင်း နှစ်ဖက်သဘောတူကတိပဋိညာဉ်စာချုပ်ကို ပြုလုပ်ခဲ့ကြသည်။ သက်သေခံအမှတ် (က) ပဋိညာဉ်စာချုပ်အရ ဦးပိုင်အမှတ် (၈၂) ဂရန်မြေကွက်မှာ ဒေါ်စက်မေနှင့် မြေး ဒေါ်ခင်သန်းစိန်တို့ပူးတွဲအမည်ပေါက်ပြီး ဒေါ်စက်မေကွယ်လွန်ပြီးနောက် ဒေါ်ခင်သန်းစိန်၏မိခင် ဒေါ်တင်ဦးက ၎င်းနှင့် ဒေါ်ခင်သန်းစိန်တို့ ပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ကြေညာစာချုပ်အမှတ် ၃၀၄၉/၂၀၀၁ ပြုလုပ်ပြီး အမည်ပြောင်းလျှောက်ထားဆဲတွင် ဦးကိုကြီးက ၃၀–၁၁–၁၉၉၃ နေ့၌ ကန့်ကွက်ခဲ့ခြင်းကြောင့် အမည်ပြောင်းထုတ်ပေးခြင်းကို ဆိုင်းငံ့ခဲ့ကြောင်း၊ ဦးကိုကြီးသည်လည်း သွေးသားရင်းချာတော်စပ်၍ အမွေဆက်ခံပိုင်ခွင့်ရှိသူဖြစ်ခြင်းကြောင့် ဒေါ်တင်ဦးနှင့် သမီးဒေါ်ခင်သန်းစိန်တို့က ဦးပိုင်အမှတ် (၈၂) ၏ အရှေ့ဘက်အပိုင်းမျက်နှာစာ ၂၅ ပေ၊ အလျားအရှိအတိုင်း၊ ဧရိယာ ၀.၀၃၄၆ ဧကကို ခွဲဝေပိုင်းခြားပေးရန်၊ ဦးကိုကြီးကလည်း ဒေါ်တင်ဦးတို့အမည်ပြောင်းလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိ သဘောတူရန်ဝန်ခံကတိပြုခဲ့ကြကြောင်း တွေ့ရသည်။ ထို့ကြောင့် အဆိုပါဦးပိုင်အမှတ် (၈၂) ကို ပိုင်းခြားခွဲဝေလျက် ဦးကိုကြီးအား ၀.၀၃၄၆ ဧကကို ၂၅–၈–၂၀၀၅ ရက်စွဲပါ သက်သေခံအမှတ် (ခ) မှတ်ပုံတင် အပေးစာချုပ် ချုပ်ဆို၍ ဒေါ်တင်ဦးနှင့် ဒေါ်ခင်သန်းစိန်တို့က တရားဝင်ပေးကမ်းခဲ့သဖြင့် ဦးပိုင်အမှတ် (၈၂–ခ) အဖြစ် ဦးကိုကြီးအမည်ပေါက်ရရှိခဲ့သည်။ ကျန်ဧရိယာ ၀.၀၆၂၁ ဧကမှာ ကော်လိတ္တော်အရာရှိ၏ ၂၅–၃–၂၀၀၈ ရက်စွဲပါစာအရ ဦးပိုင်အမှတ် (၈၂–က) အဖြစ် ခွဲခဲ့ပြီး ဒေါ်စက်မေနှင့် ဒေါ်ခင်သန်းစိန်တို့ ပူးတွဲအမည်ပေါက်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဦးပိုင်အမှတ် (၈၂) ပေါ်တွင် တရားပြိုင်ဒေါ်ခင်သန်းစိန်သည် အဘွားဖြစ်သူ ဒေါ်စက်မေနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ၁၉၈၂ ခုနှစ်ထိ ဦးပိုင်အမှတ် (၈၂) မှာ ဒေါ်စက်မေတစ်ဦးတည်း အမည်ပေါက်ခဲ့ကြောင်း၊ ဒေါ်စက်မေမှ မြေးဖြစ်သူ ဒေါ်ခင်သန်းစိန်အား မေတ္တာဖြင့်ပေးခဲ့ခြင်းကြောင့် ၁၉၈၂–၈၃ ခုနှစ်တွင် ဒေါ်စက်မေနှင့် မြေး ဒေါ်ခင်သန်းစိန်တို့ ပူးတွဲအမည်ပေါက်ခြင်းဖြစ်သော်လည်း အဘွားက ၎င်းအားပေးခဲ့သည့် စာချုပ်စာတမ်း အမှတ်အသား တစ်စုံတစ်ရာကိုမျှ တင်ပြနိုင်ခြင်းမရှိကြောင်းဖြင့် တရားပြိုင် ဒေါ်ခင်သန်းစိန်က ထွက်ဆိုသည်။

အဘွားဖြစ်သူ ဒေါ်စက်မေကွယ်လွန်ပြီးနောက် ဒေါ်ခင်သန်းစိန်က ၃–၄–၂၀၀၇ ရက်စွဲပါ သက်သေခံအမှတ်(စ) အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ကြေညာစာချုပ်အရ ဒေါ်ခင်သန်းစိန်တစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ပြုလုပ်၍ ၎င်းတစ်ဦးတည်းအမည်ပေါက်သို့ ပြောင်းလဲခဲ့သဖြင့် သက်သေခံအမှတ် (၁–က) မြေယာပုံစံ – ၁၀၅ တွင် လည်းကောင်း၊ သက်သေခံအမှတ် (၂) မြေငှားဂရန်စာချုပ်တွင်လည်းကောင်း ၁၅–၅–၂၀၀၈ နေ့မှ ၁၄–၅–၂၀၃၈ နေ့ထိ ဒေါ်ခင်သန်းစိန် တစ်ဦးတည်းအမည်ဖြင့် အနှစ် ၃၀ ဂရန်ပေါက်လျက်ရှိကြောင်း ဒေါ်ခင်သန်းစိန်၏ထွက်ဆိုချက်အရ တွေ့ရှိရသည်။ မူလက အမွေရှင်ဒေါ်စက်မေတစ်ဦးတည်း ဂရန်အမည်ပေါက်ခဲ့သော အချင်းဖြစ်မြေတွင် မြေးဖြစ်သူ ဒေါ်ခင်သန်းစိန်သည် ဒေါ်စက်မေနှင့်အတူနေထိုင်သည့်အတွက် ၎င်းပူးတွဲ အမည်ပေါက်အောင်ဆောင်ရွက်ခဲ့ခြင်း၊ အဘွားဒေါ်စက်မေကွယ်လွန်သောအခါ အခြားအမွေဆိုင်များကျန်ရှိပါလျက် ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာစာချုပ်ပြုလုပ်ခဲ့ခြင်းဖြင့် ၎င်းတစ်ဦးတည်း အမည်ပေါက်သွားရုံမျှဖြင့် အချင်းဖြစ်မြေမှာ အမွေဆိုင်ပစ္စည်းအဖြစ်မှ ဒေါ်ခင်သန်းစိန်တစ်ဦးတည်းပိုင်အဖြစ်သို့ ပြောင်းလဲသွားမည်မဟုတ်ပေ။ ထို့ကြောင့် ဦးပိုင်အမှတ် (၈၂–က) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့

မှာ အမွေရှင်ဒေါ်စက်မေကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်သည်ဟု မူလရုံးနှင့် အယူခံတရားရုံးအဆင့်ဆင့်တို့က ကောက်ယူခဲ့ခြင်းသည် မှားယွင်းခြင်းမရှိချေ။

အမွေရှင် ဒေါ်စက်မေ၊ ကွယ်လွန်သူ သမီး ဒေါ်တင်ဦးနှင့် ဒေါ်တင်ဦး၏သားသမီးများဖြစ်ကြသော တရားလို၊ တရားပြိုင်တို့သည် မြန်မာလူမျိုး အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြကြောင်း အငြင်းမပွားချေ။

မြန်မာနိုင်ငံဥပဒေများဆိုင်ရာအက်ဥပဒေ (The Burma Laws Act) ပုဒ်မ ၁၃(၁) တွင် အမွေဆက်ခံရေး၊ အမွေခွဲဝေရေး၊ ထိမ်းမြားလက်ထပ်ရေး အစရှိသည့် ပြဿနာများပေါ်ပေါက်ပါက သက်ဆိုင်ရာအမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် 'ဗုဒ္ဓဘာသာ ဥပဒေ'၊ မဟာမေဒင်ဖြစ်လျှင် 'မဟာမေဒင်ဥပဒေ'၊ ဟိန္ဒူဖြစ်လျှင် 'ဟိန္ဒူဥပဒေ' အရ အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ကွယ်လွန်သူကျန်ရစ်သော အမွေကိုဆက်ခံသူမှာ ထိုသူကွယ်လွန်စဉ် ကနဦးပေါ်ပေါက်သော အခွင့်အရေးကို တရားစွဲဆိုတောင်းခံမှုဖြစ်၍ ကွယ်လွန်သူနှင့်သက်ဆိုင်သည့် မိသားစု ဥပဒေအရ ဆုံးဖြတ်ရမည်ဖြစ်သည်။ **ဒေါ်ခင်မှုမှု ပါ ၂ နှင့် ဒေါက်တာဂျီအာရ်လူးဝစ်(စ်) ပါ ၃ အမှု**[၂]ကို ကြည့်ပါ။

ဤအမှုတွင် အမွေရှင်ဒေါ်စက်မေနှင့် အမွေဆိုင်များဖြစ်ကြသော အယူခံတရားလို၊ အယူခံတရားပြိုင်တို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြသောကြောင့် အထက်ပါဥပဒေပြဋ္ဌာန်းချက်၊ စီရင်ထုံးများအရဆိုလျှင် ၎င်းတို့၏အမွေခွဲဝေရေးကို အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရသာလျှင် တရားရုံးက အဆုံးအဖြတ်ပြုရန်ဖြစ်ပေသည်။

မူလခရိုင်တရားရုံးက အမွေရှင် ဒေါ်စက်မေကျန်ရစ်သော ဦးပိုင်အမှတ် (၈၂–က) မြေကွက်ကို အချိုးညီ ခွဲဝေပေးခဲ့ခြင်းအပေါ် တရားလွှတ်တော်က မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိသားစုစီမံမှုပြုလုပ်ကာ ဦးကိုကြီးသို့ ခွဲဝေပေးခဲ့ပြီးဖြစ်၍ ဒေါ်စက်မေ၏ကျန်ရစ်သောအမွေကို ဆက်ခံသူ ဒေါ်တင်ဦး၏အမွေဝေစုကို သားသမီးများက ဆက်လက်ခွဲဝေရာတွင်လည်း မြန်မာဓလေ့ထုံးတမ်းနှင့်အညီ မူလရုံးက ဆက်လက်ခွဲဝေပေးခြင်းမှာ တရားမျှတမှုမရှိဟု မဆိုနိုင်ကြောင်း သုံးသပ်ကာ အတည်ပြုခဲ့သည်။ အယူခံတရားပြိုင် (မူလရုံးတရားလို)များ၏ အမွေဝေစုကို ၇ ပုံ ၄ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။

တရားရုံးများသည် ဥပဒပြဋ္ဌာန်းချက်ရှိလျှင် ယင်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆုံးဖြတ်ရမည်ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်မရှိသည့်အခါမှသာလျှင် တရားမျှတမှု၊ သာနာညီမျှမှုနှင့် မွန်မြတ်သောအသိတရားတို့က အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ ယင်းမူသဘောကို **ဦးစိန်နှင့် ဒေါ်မြအောင် ပါ ၂ အမှု** [၃] တွင် ကြည့်ပါ။

ထို့ကြောင့် မြန်မာနိုင်ငံဥပဒေများဆိုင်ရာအက်ဥပဒေပုဒ်မ ၁၃ (၁) တွင် အမွေဆက်ခံရေး၊ အမွေခွဲဝေရေး အစရှိသည့် ပြဿနာများကို သက်ဆိုင်ရာအမှုသည်များ၏ သက်ဆိုင်သည့် ဓလေ့ထုံးတမ်းဥပဒေအရ အဆုံးအဖြတ်ပေးရမည်ဟု အတိအလင်းပြဋ္ဌာန်းထားသောကြောင့် ဤအမှုတွင် အမှုသည်များမှာ အစ္စလာမ်ဘာသာဝင်များဖြစ်သည့်အတွက် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ ၎င်းတို့၏ အမွေခွဲဝေရေးကို တရားရုံးက အဆုံးအဖြတ်ပေးရမည်ဖြစ်ပါလျက် ပထမအယူခံတရားရုံးဖြစ်သော တရားလွှတ်တော်က မူလရုံး

---

(၂) ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ– ၂၀၄။
(၃) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ– ၂၅၅။

မှ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့အား အမွေဝေစုအညီအမျှခွဲဝေပေးခြင်းသည် တရားမျှတမှု မရှိဟု မဆိုနိုင်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်ခြင်းမရှိပေ။ ယင်းဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည်လည်း မှန်ကန်သည်ဟု မဆိုသာချေ။

အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင် သမီးသည် ပုံသေဆက်ခံသူဖြစ်သော်လည်း ကွယ်လွန်သူတွင် သားရှိလျှင် သမီးသည် 'အမွေကျန်ဆက်ခံသူ'အဖြစ် ဆက်ခံသည်။ သားသည် အမွေကျန်ဆက်ခံသူဖြစ်ပြီး သမီးသည် 'အမွေကျန်ဆက်ခံသူ' အဖြစ် သားနှင့်အတူ အမွေဆက်ဆံ၍ သားသည် သမီးနှစ်ဆရရှိသည်။ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့မောင်နှမ ၇ ဦးမှာ သား ၃ ဦးနှင့် သမီး ၄ ဦးတို့ ဖြစ်ကြသည်။ ထို့ကြောင့် သား ၃ ဦး သည် $\frac{၆}{၁၀}$ ပုံရပြီး သမီး ၄ ဦးသည် $\frac{၄}{၁၀}$ ပုံ ရရှိကြသဖြင့် သားတစ်ဦးလျှင် $\frac{၁}{၅}$ ပုံစီရပြီး သမီးတစ်ဦးလျှင် $\frac{၁}{၁၀}$ ပုံစီ ရရှိကြသည်။ အယူခံတရားပြိုင် ဦးကျော်ညိမ်း ပါ ၄ ဦး (မူလရုံးတရားလို)၏ အမွေဝေစုမှာ သား ၂ ဦး၊ သမီး ၂ ဦးဖြစ်၍( $\frac{၂}{၅}$ + $\frac{၂}{၁၀}$ ) = $\frac{၃}{၅}$ ပုံဖြစ်သည်။ အယူခံတရားလို ဒေါ်ခင်သန်းစိန် ပါ ၃ ဦး (မူလရုံးတရားပြိုင်များ)၏ အမွေဝေစုမှာ သားတစ်ဦး၊ သမီး ၂ ဦး ဖြစ်၍ ( $\frac{၁}{၅}$ + $\frac{၂}{၁၀}$ ) = $\frac{၂}{၅}$ ပုံဖြစ်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ မောင်နှမ ၇ ဦးသည် အမွေဝေစု အချိုး $\frac{၁}{၇}$ ပုံစီ အညီအမျှရရှိကြ၍ အယူခံတရားပြိုင် ၄ ဦးသည် အမွေဝေစု $\frac{၄}{၇}$ ပုံကိုလည်းကောင်း၊ အယူခံတရားလို ၃ ဦးသည် အမွေဝေစု $\frac{၃}{၇}$ ကို လည်းကောင်း ရထိုက်ကြောင်း မူလရုံးက သုံးသပ်ဆုံးဖြတ်ခဲ့သည်ကို အယူခံတရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့သည်။

အစ္စလာမ်ဓလေ့ထုံးတမ်းအရ အယူခံတရားပြိုင် (မူလရုံးတရားလို)များရရှိမည့် အမွေဝေစုအချိုးမှာ $\frac{၃}{၅}$ ပုံဖြစ်ပြီး၊ မူလရုံးက ပဏာမဒီကရီတွင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အညီအမျှခွဲဝေသတ်မှတ်ပေးခဲ့သည့် အမွေဝေစုအချိုးမှာ $\frac{၄}{၇}$ ပုံဖြစ်ရာ အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ အယူခံတရားပြိုင်များရရှိမည့် အမွေဝေစုအချိုးက ပိုမိုနေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အယူခံတရားပြိုင်တို့ဘက်မှ ပဏာမဒီကရီတွင် ချမှတ်ခဲ့သော အမွေဝေစုအချိုးကို အယူခံဖြစ်စေ၊ ပြန်လှန်ကန့်ကွက်လွှာဖြစ်စေ တင်သွင်းခြင်းမရှိသောကြောင့် ဤအယူခံတွင် အမွေဝေစုအချိုးနှင့်ပတ်သက်၍ အဆုံးအဖြတ်ပြုရန်အကြောင်း မပေါ်ပေါက်ချေ။ ယင်းမူသဘောကို **ဦးထွန်းတင်နှင့် ဦးလာဘ ပါ ၂ အမှု** [၄] တွင် ကြည့်ပါ။

ထို့ကြောင့် ကြားနာခဲ့သည့်ပြဿနာအမှတ် (၁)နှင့်စပ်လျဉ်း၍ "ကွယ်လွန်သူ ဒေါ်တင်ဦးသည် အစ္စလာမ်ဘာသာဝင်ဖြစ်ပါလျက် ဒေါ်တင်ဦးကျန်ရစ်သောအမွေကို ၎င်း၏သားသမီးများအား ခွဲဝေရာတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေခွဲဝေခဲ့သော ခရိုင်တရားရုံး၏ ပဏာမဒီကရီကို ဆက်လက်အတည်ပြုသော တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များသည် မှန်ကန်ခြင်းမရှိကြောင်း" ဖြေဆိုလိုက်သည်။

အယူခံတရားလိုများသည် မူလမှုချေလွှာတွင် အချင်းဖြစ်မြေကွက်မှာ ယခင်ကတည်းကပင် အမွေရှင်ဒေါ်စက်မေနှင့် တရားပြိုင်ဒေါ်ခင်သန်းစိန်တို့ ထက်ဝက်စီ ပူးတွဲပိုင်ဆိုင်ခဲ့ကြပြီး ယခုအခါ ဒေါ်ခင်သန်းစိန်တစ်ဦးတည်းအမည်ပေါက်နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း၊ အချင်းဖြစ်ပစ္စည်းများ၏ ထက်ဝက်ကို တန်ပြန်တောင်းဆိုကြောင်း၊ ထိုက်သင့်သောရုံးခွန်ထမ်းဆောင်ကြောင်းဖြင့် တန်ပြန်တောင်းဆိုထားကြောင်း တွေ့ရသည်။

(၄) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ– ၈၁(၈၅)။

အယူခံတရားလို ဒေါ်ခင်သန်းစိန်သည် အချင်းဖြစ်မြေဦးပိုင်အမှတ် (၈၂-က)တွင် အမွေရှင်ဒေါ်စက်မေနှင့် ပူးတွဲလျက် အမည်ပေါက်သော်လည်း ဒေါ်ခင်သန်းစိန်ထက်ဝက်ပိုင်ဆိုင်သည်ဟု မဆိုနိုင်ကြောင်း၊ ဒေါ်စက်မေကျန်ရစ်သော အမွေပုံပစ္စည်းသာဖြစ်ပြီး အယူခံတရားလိုများသည် အမွေဆိုင်များအဖြစ် ထိုက်သင့်သောအမွေဝေစုကိုသာ ခံစားခွင့်ရှိကြောင်း အထက်တွင်ဖော်ပြသုံးသပ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အယူခံတရားလိုများသည် ရုံးခွန်ထမ်းဆောင်၍ အချင်းဖြစ်မြေတွင် ထက်ဝက်အကျိုးခံစားခွင့်ကို ရထိုက်ခွင့်မရှိသော်လည်း ၎င်းတို့ရထိုက်ခွင့်ရှိသော အမွေဝေစုအချိုးကို မူလရုံးခွန်ထမ်းဆောင်ထားသူ တရားပြိုင်များဖြစ်၍ ပဏာမဒီကရီတွင် သတ်မှတ်ခွဲဝေပေးနိုင်မည်ဖြစ်သည်။ အယူခံတရားလိုများသည် ၎င်းတို့၏ အမွေဝေစု $\frac{၃}{၇}$ အချိုးပုံကို ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီတွင်ထည့်သွင်းသတ်မှတ်ပေးသင့်ပါလျက် မူလရုံးက သတ်မှတ်ခဲ့ခြင်းမရှိသည်ကို အယူခံတရားရုံးအဆင့်ဆင့်က ဆင်ခြင်ရန် ပျက်ကွက်ခဲ့ကြသည်ကို တွေ့ရသည်။

အယူခံတရားလိုများ၏ အမွေဝေစုအချိုးမှာ အစ္စလာလမ်ဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင် $\frac{၂}{၅}$ ပုံဖြစ်သည်။ အယူခံတရားလိုများအား အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ အမှန်အားဖြင့် ခွဲဝေပေးရမည့် အမွေဝေစုသည် $\frac{၂}{၅}$ ပုံဖြစ်ရာ မူလရုံးက မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ခွဲဝေပေးထားသည့် အမွေဝေစု $\frac{၃}{၇}$ ပုံထက် $\frac{၁}{၃၅}$ ပုံ လျော့နည်းနေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အယူခံတရားလိုများအား ဥပဒေနှင့်အညီ ရရှိမည့် အမွေဝေစု $\frac{၂}{၅}$ ပုံကို ချမှတ်ပေးမည်ဆိုပါက အယူခံတင်သွင်းသည့် အယူခံတရားလိုများ၏ အကျိုးကို ထိခိုက်နစ်နာစေမည်ဖြစ်သည့်အတွက် ဤအယူခံတွင် အယူခံတရားလိုတို့ရရှိထားသည့် အမွေဝေစု $\frac{၃}{၇}$ ပုံကို $\frac{၂}{၅}$ ပုံသို့ ပြောင်းလဲပြင်ဆင်ချမှတ်ခြင်းမပြုနိုင်ပေ။

သို့ဖြစ်၍ ကြားနာခဲ့သည့် ပြဿနာအမှတ် (၂) နှင့်စပ်လျဉ်း၍ "တရားပြိုင်များသည် ၎င်းတို့အမွေဝေစုကို ရုံးခွန်ထမ်းဆောင်ပြီး ပြန်လှန်တောင်းဆိုခွင့်ရှိကြောင်း ဖြေဆိုဆုံးဖြတ်ပြီးဖြစ်ပါလျက် ၎င်းတို့ရထိုက်သည့် အမွေဝေစုကို ထည့်သွင်းချမှတ်ခဲ့ခြင်းမရှိသည့် မူလရုံး၏ပဏာမဒီကရီကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှန်ကန်ခြင်းမရှိကြောင်း" ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ မူလရုံးနှင့် အယူခံတရားရုံးအဆင့်ဆင့်တို့၏ ပဏာမဒီကရီတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် (၆၅၀)၊ ဦးပိုင်အမှတ် (၈၂-က) ဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ၊ အကျိုးခံစားခွင့် အရပ်ရပ်ကို အယူခံတရားပြိုင်(မူလရုံးတရားလို)များက ၇ ပုံ ၄ ပုံကိုလည်းကောင်း၊ အယူခံတရားလို (မူလရုံးတရားပြိုင်)များက ၇ ပုံ ၃ ပုံကိုလည်းကောင်း ရထိုက်ကြောင်း ဖြည့်စွက်ချက်ဖြင့် အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဌေး)<br>တရားသူကြီး | (စိုးညွန့်)<br>တရားသူကြီး | (မြသိမ်း)<br>တရားသူကြီး |
| (မြင့်အောင်)<br>တရားသူကြီး | (အောင်ဇော်သိန်း)<br>တရားသူကြီး | (မြင့်ဟန်)<br>တရားသူကြီး |

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၆

၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၄ တွင် ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကို အယူခံမှု။

ဒေါ်မြမြစန်း(ခ) ဒေါ်ရှမ်းမ နှင့် ဦးစိုးတင်

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် – ဦးနေဝင်း၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးစံတင်၊ တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်

မော်လမြိုင်ခရိုင်တရားရုံး ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၇၈ တွင် ဦးစိုးတင်က ဒေါ်မြမြစန်း(ခ) ဒေါ်ရှမ်းမအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ အမွေပစ္စည်း၏ ၂ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမ ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီအပေါ် တရားပြိုင် ဒေါ်မြမြစန်းက မွန်ပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၈ တွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ် ၄၄ တွင်လည်းကောင်း အယူခံတင်သွင်းသော်လည်း အောင်မြင်မှုမရရှိသဖြင့် ၂၀၁၅ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၇၅ တွင် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသောအခါ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"မိခင်ဖြစ်သူ ဒေါ်လွန်းမေက သမီးဖြစ်သူ တရားပြိုင်သို့ ၂၅–၁–၂၀၀၂ ရက်စွဲပါ သက်သေခံ–၂ မေတ္တာဖြင့် ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်အမှတ် ၃/၂၀၀၂ ဖြင့် ပေးကမ်းခဲ့ပြီးဖြစ်လျက် အမွေပုံပစ္စည်းအဖြစ် မော်လမြိုင်ခရိုင်တရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းကို မွန်ပြည်နယ်တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်း ရှိ၊ မရှိ"

အယူခံတရားလို၏ရှေ့နေက မှတ်ပုံတင်အပေးစာချုပ်တွင် သက်သေအဖြစ်ပါဝင်သည့် ဆယ်အိမ်မှူး ဦးအောင်သန်းဝင်း၏ထွက်ချက်အရ ထိုစာချုပ် ချုပ်သည့်အချိန်တွင် ပေးသူ ဒေါ်လွန်းမေသည် ကောင်းစွာ လမ်းလျှောက်နိုင်သည့်အနေအထားတွင်ရှိနေကြောင်း၊ ထိုစဉ်က ဒေါ်လွန်းမေသည် ကျန်းမာရေးချို့တဲ့နေသူ၊ စိတ်သတိမှတ်ဉာဏ်ချို့တဲ့နေသူဖြစ်ကြောင်း မူလရုံးတရားလိုဘက်မှ သက်သေထင်ရှားပြနိုင်ခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေမှာ အမွေရှင်ဒေါ်လွန်းမေကွယ်လွန်သည့် ၈–၃–၂၀၁၀ နေ့မတိုင်မီကပင် မူလရုံးတရားပြိုင် ဒေါ်မြမြစန်း(ခ)ဒေါ်ရှမ်းမ အမည်ဖြင့် ဂရန်အမည်ပေါက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အချင်းဖြစ်မြေသည် ဒေါ်လွန်းမေကွယ်လွန်သည့်အချိန်တွင် ၎င်းအမည်ပေါက်ပိုင်ဆိုင်ခြင်းမရှိတော့သဖြင့် ကွယ်လွန်သူကျန်ရစ်သော အမွေပုံပစ္စည်းဟုသတ်မှတ်နိုင်မည်မဟုတ်ကြောင်း၊ **ဦးမျိုးမင်းသိန်းနှင့် ဒေါ်ခင်ဌေးမြင့် ပါ ၆ အမှု**[၁] ကို ကိုးကားကြောင်း၊ ထို့ကြောင့် အချင်းဖြစ်မြေကို အမွေပုံပစ္စည်းအဖြစ် ကောက်ယူဆုံးဖြတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ဤအထူးအယူခံမှုကို ခွင့်ပြု

(၁) ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၈၇။

ပြီး မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ခဲ့သည့် ကောက်ယူဆုံးဖြတ်ချက်များကို ပယ်ဖျက်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မော်လမြိုင်ခရိုင်တရားရုံး၏စီရင်ချက်နှင့် ဒီကရီသည် မွန်ပြည်နယ် တရားလွှတ်တော်၏ စီရင်ချက်၊ ဒီကရီနှင့် တရားဥပဒေသဘောအရ ပေါင်းစပ်သွားသည်ဖြစ်၍ တရားဝင် တည်ရှိနေသော စီရင်ချက်၊ ဒီကရီမှာ မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်ဖြစ်၍ မွန်ပြည်နယ် တရားလွှတ်တော်၏ ဒီကရီနှင့် တရားဥပဒေသဘောအရ ပေါင်းစပ်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ တရားဝင်အတည် ဖြစ်လျက်ရှိသော စီရင်ချက်နှင့် ဒီကရီမှာ မွန်ပြည်နယ် တရားလွှတ်တော်၏ စီရင်ချက်၊ ဒီကရီဖြစ်ကြောင်း၊ ထိုဥပဒေသဘောကို **ဦးအေး ပါ ၃ နှင့် ဒေါ်နှင်းရီ ပါ အမှု**[၂]**၊ မောင်ချစ်မောင်နှင့် ဒေါ်စောအမှု**[၃]**၊ မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့နှင့် စင်ဟင်းဆန်စက်၊ သာပေါင်းမြို့ ပါ ၅ အမှု**[၄] တို့တွင် ထုံးဖွဲ့ကြောင်း၊ သက်သေခံအမှတ်(၂) အပေးမှတ်ပုံတင်စာချုပ် ခိုင်လုံခြင်း ရှိ၊ မရှိကိစ္စကို မွန်ပြည်နယ် တရားလွှတ်တော်က တို့ပင် မတို့ခဲ့ကြောင်း၊ **ဦးယုစီနှင့် မအေးအေးမြတ်ခိုင် ပါ ၁၄ အမှု**[၅]**၊ ဒေါ်တင် တင်ဝင်းနှင့် ဒေါ်သန်းကြည် ပါ ၃ အမှု**[၆]**၊ ဒေါ်တင်ကြည်နှင့် ဒေါ်အမာ အမှု**[၇] စသည့် စီရင်ထုံး များတွင် ပဏာမဒီကရီချမှတ်သည့်အဆင့်၌ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်ကြောင်း၊ တစ်စုံတစ်ခု သောပစ္စည်းသည် အမွေပုံတွင်ပါဝင်ခြင်းမရှိဟု ဖော်ပြဆုံးဖြတ်ရန် စောလွန်းကြောင်း ထုံးဖွဲ့ချက်သည် ယခု အခါ အတည်တကျဖြစ်လျက်ရှိပြီဖြစ်သော ဥပဒေသဖြစ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ သက်သေခံအမှတ်(၂) အပေးမှတ်ပုံတင်စာချုပ်ခိုင်လုံခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်ကို တရား လွှတ်တော်က လုံးဝအဆုံးအဖြတ်မပြုခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံကို အကျဉ်း နည်းဖြင့် ပလပ်ခဲ့သည်ဖြစ်၍ တရားလွှတ်တော်၏အဆုံးအဖြတ်ကို အတည်ပြုရာမရောက်ကြောင်း၊ ခရိုင် တရားရုံး၏ဒီကရီနှင့် တရားဥပဒေသဘောအရ ပေါင်းစပ်သွားသော တရားဝင်အတည်ဖြစ်လျက်ရှိသည့် မွန်ပြည်နယ်တရားလွှတ်တော်၏ ဒီကရီသည် ဥပဒေနှင့်ညီညွတ်ကြောင်း၊ အယူခံတရားပြိုင် ဦးစိုးတင်သည် ဖခင်ကွယ်လွန်သောအခါ သြရသသားဖြစ်သဖြင့် ဖခင်ကျန်ရစ်သော အမွေပစ္စည်းများ၏ ၄ ပုံ ၁ ပုံရထိုက်ခွင့် ရှိသူဖြစ်ရာ သက်သေခံအမှတ်(၂) အပေးမှတ်ပုံတင်စာချုပ်အရ မိခင်ကပေးသော အချင်းဖြစ်မြေနှင့်အိမ်တွင် ၄ ပုံ ၁ ပုံမှာ ဦးစိုးတင်၏ဝေစုဖြစ်ကြောင်း၊ သက်သေခံအမှတ် (၂) အပေးမှတ်ပုံတင်စာချုပ် ချုပ်ဆိုသည့် အချိန်တွင် ဦးစိုးတင်၏ ဝေစု ၄ ပုံ ၁ ပုံမှာ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈ အရ ကုန်ဆုံးပြတ်စဲ ခြင်းမရှိသေးကြောင်း၊ သို့ဖြစ်၍ အဆိုပါပစ္စည်းတွင် ၄ ပုံ ၁ ပုံမှာ အတည်မဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်သေခံ အမှတ်(၂) အပေးမှတ်ပုံတင်စာချုပ်ဖြင့် အချင်းဖြစ်မြေနှင့်အိမ်ပေးကမ်းခဲ့ခြင်းသည် မြန်မာဓလေ့ထုံးတမ်း

---

(၂) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၃၃၇။
(၃) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၉၄ (လွှတ်တော်)။
(၄) ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၂၅။
(၅) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၃၆၅ (၃၇၅)။
(၆) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၄၈။
(၇) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၄၅။

ဥပဒေနှင့် မညီညွတ်ကြောင်း၊ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အဆိုလွှာအရ မွန်လူမျိုး၊ ဗုဒ္ဓဘာသာဝင် ဦးအောင်ကျင်းနှင့် ဒေါ်လွန်းမေတို့တွင် တရားလိုနှင့် တရားပြိုင်တို့သားသမီး ၂ ဦးထွန်းကားကြောင်း၊ ဖခင်သည် ၂၉-၆-၁၉၉၀ နေ့တွင်၊ မိခင်သည် ၈-၃-၂၀၁၁ နေ့တွင် အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ အမွေပစ္စည်းအဖြစ် နောက်ဆက်တွဲ(က)ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ကျန်ရစ်ကြောင်း၊ ထိုပစ္စည်းများအနက် အမှတ်စဉ် (ခ)ပါပစ္စည်းကို တရားပြိုင်က ရောင်းချခဲ့ကြောင်း၊ မိခင်မကျန်းမာစဉ် အမှတ်စဉ် (၁) (၂) (၃) ပါ အိမ်နှင့်မြေများကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်းမပြုရန် တရားလိုက မြေစာရင်းရုံးတွင် ၁၇-၁-၂၀၀၂ နေ့၊ ၂၆-၅-၂၀၀၄ နေ့များတွင် ကန့်ကွက်စာတင်ထားသော်လည်း တရားပြိုင်က မိခင်အား ခြိမ်းခြောက်ခြင်းဖြင့် အမှတ်စဉ်(၁)ပါပစ္စည်းကို ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်အမှတ် ၃/၂၀၀၂ ကို ၂၅-၁-၂၀၀၂ နေ့တွင် ချုပ်ဆိုခဲ့ကြောင်း၊ တရားလိုက ထိုစာချုပ်တရားမဝင်ကြောင်း မွန်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၄၆/၂၀၀၇ တွင် စွဲဆိုခဲ့သော်လည်း အမိန့် ၇၊ နည်း ၁၁ (က) (ဃ) အရ ပယ်ကြောင်းအမိန့်ချမှတ်ခဲ့ကြောင်း၊ ယခုအခါ မိဘများကွယ်လွန်သွားပြီဖြစ်၍ တရားလိုသည် အမွေ ၂ ပုံ ၁ ပုံခံစားထိုက်သဖြင့် ခွဲဝေရထိုက်ကြောင်းဖြင့် တရားလိုက စွဲဆိုသည်။

ချေလွှာတွင် နောက်ဆက်တွဲ (က) အမှတ်စဉ် (၁) ပါ မြေနှင့်အိမ်မှာ မိခင်က တရားပြိုင်အား အပေးမှတ်ပုံတင်စာချုပ်အမှတ် ၃/၂၀၀၂ အရ ၂၅-၁-၂၀၀၂ နေ့တွင် လွှဲပြောင်းပေးပြီးဖြစ်၍ တရားပြိုင်ပိုင်ဆိုင်ကြောင်း၊ အမှတ်စဉ် (၂)ပါ အိမ်နှင့်မြေမှာ တရားလိုအမွေအဖြစ် ခွဲဝေရရှိထားသော ပစ္စည်းဖြစ်ကြောင်း၊ အမှတ်စဉ် (၃)ပါ အိမ်နှင့်မြေသည် ၂၃-၁၂-၂၀၀၁ နေ့တွင် တရားပြိုင်က ၆၅၀၀၀၀ ကျပ်ဖြင့် မိခင်ထံမှဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိငွေဖြင့် ဗီဒီယိုရုံဆောက်လုပ်ခဲ့ကြောင်း၊ အမှတ်စဉ် (၄)ပါ ကွမ်းသီးနှင့်ရော်ဘာစိုက်ပျိုးသော ဥယျာဉ်ခြံမြေမှာ တရားပြိုင်က အမွေခွဲဝေရရှိသော ပစ္စည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အမွေပစ္စည်းလုံးဝမကျန်သဖြင့် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း၊ ပေးကမ်းခြင်းမှတ်ပုံတင် စာချုပ်မှာ နှစ်ဦးနှစ်ဖက်လွတ်လပ်သောဆန္ဒဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့မှာ အမွေဝေစုများခွဲဝေရရှိထားပြီးဖြစ်ကြောင်း၊ အမှုကို ပလပ်သင့်ကြောင်းဖြင့် ချေပသည်။

မူလရုံးတရားလို ဦးစိုးတင်က မိဘများကွယ်လွန်ပြီးနောက် အောက်ပါအမွေပစ္စည်း ကျန်ရစ်ကြောင်း ထွက်ဆိုသည် -

(၁) ရေးမြို့၊ အောင်မင်္ဂလာရပ်၊ အကွက်အမှတ် (၂-ခ)၊ ဦးပိုင်အမှတ် (၃၇)၊ ၀ ဒသမ ၀၆၂ ဧကရှိ မြေနှင့် ၂ ထပ်တိုက်၊

(၂) ရေးမြို့နယ်၊ ကျောင်းရွာရပ်ကွက်အမှတ် (၂)၊ အိမ်အမှတ် ၂/၃၃ နေအိမ်နှင့်မြေ၊

(၃) ရေးမြို့နယ်၊ ကျောင်းရွာရပ်ကွက်အမှတ် (၂)၊ အိမ်အမှတ် (၄၆) နေအိမ်နှင့်မြေ၊

(၄) ရေးမြို့၊ ကိုင်းတောရွာအနောက်ပိုင်းအုပ်စု၊ မင်းလုချောင်းနံဘေးရှိ ကွမ်းသီးနှင့် ရော်ဘာများ ဥယျာဉ်ခြံ။

ယင်းပစ္စည်းများကို သားကြီးဖြစ်သူ ဦးစိုးတင်သိရှိသဘောတူခြင်းမရှိဘဲ ရောင်းဝယ်၊ လွှဲပြောင်း၊ ပေါင်နှံခြင်းမပြုရန် မိခင်ဒေါ်လွန်းမေသည် လေဖြတ်ထား၍ ကျန်းမာရေးမကောင်းကြောင်း၊ သတိမကောင်းကြောင်းဖြင့် ဦးစိုးတင်က မြို့နယ်မြေစာရင်းရုံးသို့ ၁၇-၁-၂၀၀၂ နေ့တွင် သက်သေခံအမှတ် (ဃ) ကန့်ကွက်စာကို ပေးပို့ခဲ့ကြောင်း၊ အမှတ်စဉ် (၁)ပါ မြေနှင့် အောင်မင်္ဂလာရပ်ကွက်၊ ၆ လမ်း၊ အမှတ် (၅)ဟု ခေါ်တွင်သော

၂ ထပ်တိုက်ကို မိခင်က သမီးဒေါ်မြမြစန်းအား ၂၅–၁–၂၀၀၂ နေ့တွင် သက်သေခံအမှတ် (င) အပေးမှတ်ပုံတင်စာချုပ်အမှတ် ၃/ ၂၀၀၂ ဖြင့် ပေးကမ်းခဲ့ကြောင်း၊ ၁–၁–၂၀၀၄ နေ့တွင် ရပ်ကွက်လူကြီး ဦးလှိုင်၊ ဦးလူး၊ ဦးအောင်သန်းတို့ကိုခေါ်ပြီး ညီမဒေါ်မြမြစန်းရှေ့တွင်ပင် မိခင်အား ထိုသို့ပေးကမ်းခဲ့ခြင်း ရှိ၊ မရှိ မေးမြန်းရာ မိခင်က မည်သူ့ကိုမျှ မပေးဟုပြောခဲ့ကြောင်း၊ ညီမဒေါ်မြမြစန်းက ပြန်လည်ဖျက်သိမ်းပေးမည်ပြောပြီး ဖျက်သိမ်းပေးခြင်းမရှိသဖြင့် မွန်ပြည်နယ် တရားရုံးတွင် တရားမကြီးမှုအမှတ် ၄၆/ ၂၀၀၇ စွဲဆိုရာ မိခင် သက်ရှိထင်ရှားရှိသဖြင့် တရားစွဲဆိုခွင့်မရှိသေးကြောင်း အမိန့် (သက်သေခံအမှတ် ဇ၊ ဇ–၁) ချမှတ်ခဲ့ကြောင်း၊ အထက်ပါ အမှတ်စဉ်(၂)ပါ ရပ်ကွက် အမှတ်(၂)၊ အိမ်အမှတ် ၂/ ၃၃ နေအိမ်နှင့်မြေကို တရားပြိုင်က ဦးဟလယ်သို့ ရောင်းချလိုက်ကြောင်းဖြင့် တရားလိုက ထွက်ဆိုသည်။

တရားပြိုင်ဒေါ်မြမြစန်းက မိခင်သည် ၂၀၁၁ ခုနှစ်တွင် ကွယ်လွန်ကြောင်း၊ ၂၀–၁၂–၂၀၀၁ နေ့တွင် အစ်ကိုဦးစိုးတင်၊ မိခင်ဒေါ်လွန်းမေနှင့် ၎င်းတို့သည် ဦးစောလှရှိန်၊ ဆရာတော် ဦးခန္တီတို့နှင့်အတူ သက်သေခံ အမှတ်(၁) ကတိဝန်ခံချက်ပြုလုပ်ခဲ့ရာ ထိုအချိန်က ၎င်းခရီးထွက်နေသဖြင့် မရှိကြောင်း၊ ထိုကတိဝန်ခံချက်မှာ အစ်ကိုဦးစိုးတင်အား ကျောင်းရွာရှိအိမ်နှင့်မြေကိုပေးကြောင်း၊ ရေးမြို့၊ အောင်မင်္ဂလာရပ်၊ ၆ လမ်းရှိ အိမ် အမှတ် (၅)နှင့်မြေကို ၎င်းအားပေးကြောင်း၊ ကျောင်းရွာရှိ ဗီဒီယိုရုံကို ၎င်းအား ကျပ် ၆ သိန်းခွဲဖြင့် ရောင်းပေး ကြောင်းတို့ ပါဝင်ကြောင်း၊ ဦးစိုးတင်က သဘောတူကြောင်း၊ ၃၀–၁–၂၀၀၂ နေ့တွင် ဗီဒီယိုရုံ အရောင်းအဝယ် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ထို့နောက် တဲအိမ်ကိုဖျက်ပြီး ဘိလိယက်ရုံ ၄ နှစ် ၅ နှစ်ခန့် လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဦးဟလယ်တို့အား ကျပ်သိန်း ၅၀ ဖြင့် ရောင်းခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် မိခင်က ၆ လမ်းရှိ အိမ်မြေပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပြီး ဂရန်လျှောက်ထားခဲ့ရာ ၎င်းအမည်ဖြင့် နှစ် ၃၀ ဂရန် ရရှိပြီးဖြစ်ကြောင်း ထွက်ဆိုသည်။

ခိုင်စောင့်ဖြစ်သူ ဦးစောလှရှိန် (ပြိုင်ပြ–၁)က တရားပြိုင်အား ထောက်ခံထွက်ဆိုသည်။

သက်သေခံအမှတ်(၂) အပေးမှတ်ပုံတင်စာချုပ်နှင့် တရားပြိုင်အား မိခင်မှ ဗီဒီယိုရုံရောင်းချခြင်း စာချုပ် များတွင် သက်သေအဖြစ်ပါဝင်သူ ဦးအောင်သန်းဝင်း (ပြိုင်ပြ–၃)က ထောက်ခံထွက်ဆိုသည်။

တရားပြိုင်ဘက်မှ အမွေခွဲဝေပြီးကြောင်းကို သက်သေခံအမှတ်(၁) ဝန်ခံကတိပြုချက်ကိုသာ တင်ပြသည်။ သက်သေခံအမှတ်(၁)မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပေးကမ်းခြင်း၊ ရောင်းချခြင်းတို့ပါဝင်၍ မှတ်ပုံတင် စာချုပ်ချုပ်ဆိုထားခြင်းမရှိ၍ တရားဝင်အတည်မဖြစ်၍ အမွေခွဲဝေပြီးဖြစ်သည်ဟု မဆိုနိုင်ချေ။

အမွေပစ္စည်း ၄ မျိုးအနက် ရေးမြို့၊ အောင်မင်္ဂလာရပ်၊ အကွက်အမှတ် (၂–ခ)၊ ဦးပိုင်အမှတ် (၃၇) မြေနှင့် အောင်မင်္ဂလာရပ်ကွက်၊ ၆ လမ်း၊ အမှတ်(၅)ဟု ခေါ်တွင်သော ၂ ထပ် အဆောက်အအုံကို မိခင်က ၂၅–၁–၂၀၀၂ နေ့တွင် သက်သေခံအမှတ် (၂) အပေးမှတ်ပုံတင်စာချုပ်ဖြင့် သမီးဖြစ်သူ ဒေါ်မြမြစန်း (တရားပြိုင်)အား ပေးကမ်းခဲ့သည်။ ယင်းအပေးစာချုပ်ကို အကြောင်းပြု၍ မိခင်ဒေါ်လွန်းမေအမည်မှ ဒေါ်မြမြစန်း အမည်သို့ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ပြောင်းလဲသွားပြီး ၃၀–၆–၂၀၀၄ မှ ၂၉–၆–၂၀၃၄ ထိ နှစ် ၃၀ ဂရန် အမည်ပေါက်ရရှိသွားကြောင်း သက်သေခံအမှတ် (က–၁) မြေစာရင်းပုံစံ–၁၀၆ အရ တွေ့ရှိရသည်။

အယူခံရုံးက အယူခံလွှာကို အကျဉ်းနည်းဖြင့် ပလပ်ခြင်းမပြုလျှင် အယူခံရုံးဒီကရီသည် မူလရုံးဒီကရီနှင့် ပေါင်းစပ်သွားကြောင်း၊ အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်လျှင်မူ အယူခံရုံး၏ဒီကရီသည် မူလရုံး၏ ဒီကရီ နှင့်ပေါင်းစပ်ခြင်းမရှိကြောင်းကို **ဦးအေး ပါ ၃ နှင့် ဒေါ်နှင်းရီ ပါ ၂ အမှု**[၂]၊ **မန်နေဂျာ မြန်မာ့စီးပွားရေး ဘဏ်၊ ပုသိမ်မြို့နှင့် စင်ဟင်းဆန်စက်၊ သာပေါင်းမြို့ ပါ ၅ အမှု**[၄] တို့တွင် တွေ့ရသည်။ ဤအမှုတွင်

မွန်ပြည်နယ် တရားလွှတ်တော်က အယူခံမှုကိုကြားနာ၍ အတည်ပြုခြင်းဖြစ်၍ အယူခံရုံး၏ဒီကရီသည် မူလခရိုင်တရားရုံး၏ဒီကရီနှင့် ပေါင်းစပ်သွားသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ထပ်မံအယူခံဝင်ရောက်ရာတွင် အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဒီကရီသည် မွန်ပြည်နယ်တရားလွှတ်တော်၏ဒီကရီနှင့် ပေါင်းစပ်ခြင်းမရှိချေ။ သို့ဖြစ်၍ မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီမှာ အတည်ဖြစ်လျက်ရှိသည်။

ထို့ကြောင့် အတည်ဖြစ်လျက်ရှိသော မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီမှာ မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရန်လိုအပ်သည်။

မူလခရိုင်တရားရုံးက အမွေပစ္စည်းကျန်၊ မကျန်ဆိုသည့် ငြင်းချက်ကိုဖြေဆိုရာတွင် သက်သေခံ အမှတ်(၂) ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်အမှတ် ၃/၂၀၀၂ ဖြင့် မိခင်က သမီးဖြစ်သူ ဒေါ်မြမြစန်းအား ပေးကမ်းခဲ့သည့် အိမ်နှင့်မြေသည် ပေးကမ်းခြင်းအထမမြောက်သောကြောင့် အမွေပစ္စည်းကျန်ရစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။ ထို့နောက် မူလရုံးတရားလိုရထိုက်သည့်အမွေဝေစု ၂ ပုံ ၁ ပုံကို ပဏာမဒီကရီချမှတ်ခဲ့သည်။

အဆိုပါ ခရိုင်တရားရုံး၏ပဏာမဒီကရီအပေါ် တရားပြိုင်ဒေါ်မြမြစန်းက မွန်ပြည်နယ်တရားလွှတ်တော်သို့ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ အယူခံဝင်ခဲ့သည်။ အဆိုပါ ပုဒ်မ ၉၆ အရ ခွင့်ပြုသော အယူခံဝင်ခွင့်သည် မူလအခွင့်အရေးဖြစ်သည်။ ထိုအခွင့်အရေးမှာ အောက်ရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်း ရှိ၊ မရှိဖြစ်စေ၊ တရားဝင်၊ မဝင်ဖြစ်စေ စိစစ်ရန်အလို့ငှာလည်းကောင်း၊ မှားယွင်းကြောင်းဖြစ်စေ၊ ဥပဒေနှင့်မညီညွတ်ကြောင်းဖြစ်စေ တွေ့ရှိရလျှင် သာ၍အဆင့်မြင့်သော တရားရုံးက ပြင်ဆင်ရန်အလို့ငှာလည်းကောင်း ထိုအဆင့်မြင့်သော တရားရုံး၏ တရားဥပဒေအရ စစ်ဆေးမှုကိုခံယူခွင့်ဖြစ်သည်။ **အီဘရာဟင် ဒေါ်ဂျီဂျီဝါး နှင့် အဂျမ်မိုဟာမက်လူဗားဝါလား အမှု**(၈) တွင် ကြည့်ပါ။ ထို့ကြောင့် မွန်ပြည်နယ်တရားလွှတ်တော်သည် အယူခံမှုတွင် မူလခရိုင်တရားရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်း ရှိ၊ မရှိ တရားဝင်၊ မဝင် စိစစ်ဝေဖန်ဆုံးဖြတ်ရန် တာဝန်ရှိပေသည်။

မွန်ပြည်နယ်တရားလွှတ်တော်က ၂၅–၁–၂၀၀၂ နေ့တွင် သက်သေခံအမှတ် (၂) အပေးမှတ်ပုံတင်စာချုပ်ဖြင့် ပေးကမ်းခဲ့သည်ဟု တရားပြိုင် ဒေါ်မြမြစန်းက တင်ပြထားရာ မိခင်ဒေါ်လွန်းမေသည် ၂၀၀၁ ခုနှစ်တွင် လေဖြန်းဝေဒနာခံစားနေရကြောင်းကို ဒေါ်မြမြစန်း၏ထွက်ဆိုချက်အရ တွေ့ရကြောင်း သုံးသပ်ထားသည်။ အဆိုပါသက်သေခံအမှတ်(၂) စာချုပ် တရားဝင်၊ မဝင် သုံးသပ်ခဲ့ခြင်း မရှိချေ။ အမှတ်စဉ် (၂) ပါ ရေးမြို့၊ ကျောင်းရွာ၊ ရပ်ကွက်အမှတ်(၂)၊ အိမ်အမှတ် ၂/၃၃ နေအိမ်နှင့်မြေကို ဦးစိုးတင်အား အမွေခွဲဝေပေးခဲ့ကြောင်း ချေလွှာတွင်ချေပသော်လည်း တရားပြိုင် ဒေါ်မြမြစန်းက အမွေခွဲဝေပေးပြီးကြောင်း ခိုင်လုံသော သက်သေခံချက်တင်ပြနိုင်ခြင်းမရှိကြောင်း၊ ထို့အတူ အမှတ်စဉ် (၃) ပါ အိမ်အမှတ် ၂/၇၆ နေအိမ်နှင့် မြေကို ၂၃–၁၂–၂၀၀၁ နေ့တွင် မိခင်ထံမှ တရားပြိုင်က ကျပ် ၆ သိန်းခွဲဖြင့် ဝယ်ယူခဲ့ကြောင်း ချေပသော်လည်း ခိုင်လုံထင်ရှားသည့် အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ အမွေပစ္စည်းကျန်ကြောင်း၊ အမွေမှုများတွင် အမှုသည်များမှာ အမွေဆိုင်ဖြစ်ပြီး စီမံခန့်ခွဲရန် အမွေပစ္စည်းကျန်ရစ်ပါက တရားရုံးသည် အမွေဆိုင်များ၏ အမွေဝေစုကို ဥပဒေနှင့်အညီသတ်မှတ်၍ ပဏာမဒီကရီချမှတ်ပြီး အမွေပစ္စည်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရမည်၊ မည်သည့်ပစ္စည်းများသည် အမွေပစ္စည်းဖြစ်ကြောင်း၊ မည်သည့်ပစ္စည်းများသည်

(၈) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၂၇၀ (လွှတ်တော်ချုပ်)။

မည်သူပိုင်ဖြစ်ကြောင်း ပဏာမဒီကရီမချမှတ်မီ စုံစမ်းစစ်ဆေးရန်မလိုကြောင်း ကောက်ယူဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်တွင် တရားလိုက အမွေပစ္စည်းဟု အဆိုပြုထားသော ပစ္စည်း ၄ မျိုးအနက် အမှတ်စဉ် (၁) မိခင်က တရားပြိုင်အား အပေးမှတ်ပုံတင်စာချုပ်ဖြင့် ပေးကမ်းခဲ့သည့် အိမ်မြေနှင့်ပတ်သက်၍ ခရိုင်တရားရုံးက ယင်းအပေးမှတ်ပုံတင်စာချုပ်အရ ပေးကမ်းခြင်းအထမမြောက်၍ အမွေပစ္စည်းကျန်ကြောင်း သုံးသပ်ဆုံးဖြတ်ချက်ကို မှန်ကန်သည်ဟုလည်းကောင်း၊ မှားယွင်းသည်ဟုလည်းကောင်း တိတိကျကျသုံးသပ်ထားခြင်းမရှိကြောင်း တွေ့ရှိရပေသည်။ အမှတ်စဉ် (၂)ပါ ပစ္စည်းနှင့်ပတ်သက်၍ တရားလို ဦးစိုးတင်အား အမွေအဖြစ်ခွဲဝေပေးခဲ့ကြောင်းမှာ ခိုင်လုံခြင်းမရှိကြောင်း၊ အမှတ်စဉ် (၃)ပါ ပစ္စည်းနှင့်ပတ်သက်၍လည်း တရားပြိုင်က မိခင်ထံမှဝယ်ယူခဲ့သည်မှာ ခိုင်လုံထင်ရှားခြင်းမရှိကြောင်း သုံးသပ်၍ အမှတ်စဉ် (၂)နှင့် (၃)ပါ ပစ္စည်းများမှာ အမေပစ္စည်းအဖြစ်ကျန်ကြောင်းသုံးသပ်ကာ မူလခရိုင်တရားရုံး၏ပဏာမဒီကရီကို အတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုများတွင် တရားလိုသည် ကွယ်လွန်သူအမွေရှင်၏ အမွေခံ ဟုတ်၊ မဟုတ် ကွယ်လွန်သူ၏အမွေပစ္စည်းတစ်စုံတစ်ရာ ကျန်ရစ်ခြင်း ရှိ မရှိကို စုံစမ်းစစ်ဆေးပြီးနောက် အမွေပစ္စည်း၏ ဘယ်နှပုံရထိုက်ကြောင်း ဆုံးဖြတ်ရသည်။ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်၊ အငြင်းပွားသည့် ပစ္စည်းများသည် အမွေပုံတွင် ပါ၊ မပါ မဆုံးဖြတ်သင့်ပေ။ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်ကို ပဏာမဒီကရီချမှတ်သည့်အဆင့်တွင် မဆုံးဖြတ်သင့်ပေ။ ပဏာမဒီကရီချမှတ်ပြီးသည့်အခါမှ တရားရုံးက ဖြစ်စေ၊ တရားရုံးက ခန့်ထားသော ကော်မရှင်နာကဖြစ်စေ စုံစမ်းဆုံးဖြတ်ရန်ဖြစ်သည်။ **ဦးမောင်မောင် ပါ ၃ နှင့် ဦးကျော်သိန်း အမှု[၈]၊ ဦးယုစီနှင့် မအေးအေးမြတ်ခိုင် ပါ ၁၄ အမှု[၉]၊ ဦးထွန်းတင်နှင့် ဦးလာဘ ပါ ၂ အမှု[၁၀]** တို့ကို ကြည့်ပါ။

ထို့ကြောင့် ဤအမှုတွင်လည်း အမှတ်စဉ် (၂)နှင့် အမှတ်စဉ် (၃)ပါ အိမ်နှင့်မြေမှာ တရားလိုဦးစိုးတင်အား အမွေခွဲဝေပေးပြီးဖြစ်ကြောင်း ခိုင်လုံသော သက်သေခံချက်အထောက်အထားမရှိသဖြင့် အမွေပစ္စည်းကျန်ရှိကြောင်း ပေါ်ပေါက်သဖြင့် ပဏာမဒီကရီချမှတ်ရန် လုံလောက်ပြီဖြစ်ပါလျက် ပဏာမဒီကရီချမှတ်သည့်အဆင့်တွင် မူလခရိုင်တရားရုံးက မလိုအပ်ဘဲ သက်သေခံအမှတ်(၂) အပေးစာချုပ်ဖြင့် ပေးကမ်းခဲ့သည့် အိမ်နှင့်မြေမှာ ပေးကမ်းခြင်းအထမမြောက်၍ အမွေပစ္စည်းဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်။ ခရိုင်တရားရုံး၏ မှားယွင်းဆုံးဖြတ်ချက်ကို ပြည်နယ်တရားလွှတ်တော်က ပယ်ဖျက်မှုမပြုခြင်းမှာ မှန်ကန်သည်ဟု မဆိုသာချေ။ ထို့ကြောင့် ပဏာမဒီကရီချမှတ်သည့် အဆင့်တွင် ဆုံးဖြတ်ရန်မလိုသေးသော မူလခရိုင်တရားရုံးက သက်သေခံအမှတ်(၂) အပေးမှတ်ပုံတင်စာချုပ်အရ ပေးကမ်းခြင်းမှာ အထမမြောက်သဖြင့် အမွေပစ္စည်းကျန်သည်ဟု ကောက်ယူဆုံးဖြတ်ချက်များကို ပယ်ဖျက်ရမည်ဖြစ်ပေသည်။

ထို့ကြောင့် ကြားနာခဲ့သောပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

"မိခင်ဖြစ်သူ ဒေါ်လွန်းမေက သမီးဖြစ်သူ တရားပြိုင်သို့ ၂၅-၁-၂၀၀၂ ရက်စွဲပါသက်သေခံ-၂ မေတ္တာဖြင့် ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ် ၃/၂၀၀၂ ဖြင့် ပေးကမ်းခဲ့ပြီးဖြစ်လျက် အမွေပုံပစ္စည်းအဖြစ်

(၉) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၇။

(၁၀)၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၁ (၈၂)။

မော်လမြိုင်ခရိုင်တရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းကို မွန်ပြည်နယ်တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းမရှိကြောင်း"

ဤတရားမအထူးအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ မူလခရိုင်တရားရုံး၏စီရင်ချက်တွင် မိခင်ဖြစ်သူက သမီးဖြစ်သူ တရားပြိုင်သို့ ၂၅–၁–၂၀၀၂ ရက်စွဲပါ သက်သေခံအမှတ်(၂) အပေးမှတ်ပုံတင်စာချုပ်အရ ပေးကမ်းခဲ့သော အိမ်နှင့်မြေတို့မှာ အမွေပုံပစ္စည်းအဖြစ်ကျန်ရစ်ကြောင်း သုံးသပ်ဆုံးဖြတ်ချက်များကို ပယ်ဖျက်လိုက်သည်။ မူလရုံးနှင့် အယူခံတရားရုံးအဆင့်ဆင့်၏ပဏာမဒီကရီကိုမူ အတည်ပြုသည်။

တရားစရိတ်ကို အမွေပုံမှကျခံစေ။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/– သတ်မှတ်သည်။

(ထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

| | | |
|---|---|---|
| (သာဋ္ဌေး) | (စိုးညွန့်) | (မြသိမ်း) |
| တရားသူကြီး | တရားသူကြီး | တရားသူကြီး |
| (မြင့်အောင်) | (အောင်ဇော်သိန်း) | (မြင့်ဟန်) |
| တရားသူကြီး | တရားသူကြီး | တရားသူကြီး |





# ENGLISH SECTION

# GAR hands out awards in Shanghai

*Allison Ross*

Last night's GAR Awards in Shanghai celebrated the opening up of the city to foreign arbitral institutions and the work of the Shanghai International Arbitration Centre, as well as the role of counsel in important cases involving Gazprom and Zimbabwe.



Held at the Mandarin Oriental Pudong, the Awards kicked off a few days of arbitration events in Shanghai, which will culminate with the first IBA International Arbitration Day to take place in mainland China.

The event included the unveiling of this year's GAR 30, which saw two firms tied for the top spot for the first time - Freshfields Bruckhaus Deringer and White & Case. "I can see a boutique law firm in the making," joked GAR's publisher David Samuels as practitioners from both firms took to the stage to receive their trophy.

The first award of the night was for best lecture – won by Sophie Nappert of 3 Verulam Buildings for the inaugural lecture of the European Federation for Investment Law and Arbitration, delivered in London in November 2015.

**Nappert** – our first female winner in this category – spoke about the European Commission's proposal for an EU investment court, warning that it would be a departure from the "freedom and flexibility" of investor-state arbitration and the New Yourk Convention.

**Stavros Breakoulakis** was runner-up for a lecture given at the 30th anniversary conference of the School of International Arbitration at Queen Mary University of London, which challenged the orthodoxy that a tribunal can only assume jurisdiction over a non-signatory to an arbitration agreement with actual or implied consent.

To mark our first event in mainland China, GAR's usual award for regional arbitration practice that impressed was replaced by an award for a Chinese arbitration firm that impressed. The winner was Zhong Lun Law Firm, with the runners-up consisting of Fangda Partners, Hui Zhong, Jun He, Beijing Huanzhong & Partners, AnJie Law Firm, Jincheng Tonga & Neal and Jingtian & Gongcheng.

The award for innovation by an individual or organisation was presented by **Fel Ning** of Hui Zhong. It went to the International Institute for Conflict prevention and Resolution (CPR) for a new procedure allowing parties to appoint arbitrators through the institution without the arbitrators knowing which side chose them - a soulution to the "moral hazard" of party-appointed arbitrators highlighted by Jan Paulsson.

**Mark Baker** of Norton Rose Fulbright and **Lawrence Schaner** of Jenner & Block collected the trophy on behalf of CPR.

The award for best prepared and most responsive arbitrator was won by Swiss-Brazilian arbitrator **Laurent Levy** of Geneva boutique Lévy Kaufmann-Kohler, whose partner **Gabrielle Kaufmann-Kohler** is a previous winner. Sadly, Lévy was too busy preparing for an arbitration to attend the ceremony.

Steptoe & Johnson picked up the award for international arbitration practice that impressed for its work for the von Pezold family in a successful ICSID claim **against Zimbabwe** over a "racially discriminatory" land reform programme initiated by President Robert Mugabe. The case was a rare example of an ICSID tribunal granting restitution, with the state ordered to return seized agricultural estates or pay US$ 196 million in damages, including moral damages. London-based Steptoe partner **Matthew Coleman**, who led the firm's work on the case, collected the trophy.

The award for most important decision went to the European Court of Justice for Justice for its May 2015 ruling in the **Gazprom** case that anti-suit injuntions issued by arbitral tribunals are not prohibited by the Brussels I Regulation. Some practitioners had been disappointed with the ruling, which they hoped would reverse the ECJ's fateful 2009 decision in **West Tankers**. But the public vote suggested there was still much in the latest ruling to be thankful for.

**Keith Brandt**, managing partner of Dentons' Hong Kong office, received the award on behalf of the firm's Paris team, which acted for Gazprom in the arbitration that gave rise to the ECJ proceedings.

There were two runners-up in this category : a **decision** by a panel of PRIME Finance arbitrators that resolved a US$ 1.7 billion credit derivatives dispute in just eight days; and a Singapore Court of Appeal decision in the **Persero case**, which settled the position on the immediate enforceability of dispute adjudication board decisions in FIDIC cases.

The award for the best development of 2015 was presented by **Cralg Pollack** and **Huang Tao** of King & Wood Mallesons. This went to the opening up of mainland China to foreign arbitral institutions, with Shanghai's free trade zone now playing host to the Hong

Kong International Arbitration Centre, the Singapore International Arbitration Centre and the ICC International Court of Arbitration. It was noted that this was mainly down to the work of the HKIAC, which beat a path for the other institutions to follow when it opened in November, following extensive negotiations.

The HKIAC's secretary general **Chiann Bao** and ICC Court president **Alexis Mourre** accepted the award, with Mourre paying tribute to the Shanghai authorities for their role in bringing about the development.

The ICC Court was runner-up in this category for its efforts to enhance transparency and crack down on delay in arbitration.

The award for the jurisdiction that has made great strides went to Myanmar, which has replaced its 70-year old arbitration statute with a new law based on the UNCITRAL Model Law that gives effect to the New York Convention. The runner-up was the British Virgin Islands for making a series of steps in a short time, including signing the New York Convention, passing a new aritration law, opening an arbitral institution and holding a major international arbitration conference.

The GAR **Guide to Regional Arbitration** award for an international arbitral institution that impressed went to the Shanghai International Arbitration Centre (SHIAC) for its overall performance in administering disputes and its launch of three new centres: a China-Africa arbitration centre based in Shanghai and Johannesburg; a Shanghai-based centre to handle disputes from BRICS countries; and a specialist arbitration centre to handle disputes in the aviation sector. A large contingent from SHIAC took to the stage to receive the award.

The highlight of the night was the lifetime achievement award, which went to China's **Tang Houzhi**, one of the founders of CIETAC. He was introduced by Hong Kong-based arbitrator Sally Harpole. Her introductiion and Tang's acceptance speech are reported separately **here**.

As usual, proceeds from the event will support the Swawou School for girls in Sierra

Leone, which is supported by GAR's owner Law Business Research.

The GAR Awards was sponsored by King & Wood Mallesons, Hui Zhong Law Firm, Vinson & Elkins, Shearman & Sterling and the Dubai International Arbitration Centre. The event also received support from SHIAC, CIETAC, the Beijing Arbitration Commission and the HKIAC.

---

**Copyright © 2016 Law Business Research Ltd. All rights reserved. | http://www.lbresearch.com**

**87 Lancaster Road, London, W11 1QQ, UK | Tel: +44 207 908 1188 / Fax: +44 207 229 6910**

**http://www.globalarbitrationreview.com | editorial@globalarbitrationreview.com**

## ကြော်ငြာ

**စာရေးသူများသို့**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှထုတ်ဝေသော တရားရေးဂျာနယ်များ၌ ထည့်သွင်းဖော်ပြရန် တရားစီရင်ရေးရာ၊ ဥပဒေရေးရာတို့နှင့်စပ်လျဉ်းသော ဆောင်းပါးစာမူများ ရေးသားပေးပို့နိုင်ပါသည်။

၂။ စာမူများအား မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရေးသားနိုင်ပါသည်။

၃။ စာမူတစ်ပုဒ်အတွက် မူရင်းစာမူနှင့်အတူ မိတ္တူတစ်စောင် ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။ ကိုယ်တိုင်ရေးသားကြောင်းနှင့် ယခင်က မည်သည့်စာစောင်၊ မဂ္ဂဇင်းတွင်မျှ ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်လည်း ပါရှိရမည်ဖြစ်ပါသည်။

၄။ စာမူများအား တရားရေးဂျာနယ်၊ စာတည်းအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်သို့ စာရေးသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ရန်ဖြစ်ပြီး စာရေးသူ၏ နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြပေးရန်ဖြစ်ပါသည်။

၅။ ရွေးချယ်ခြင်းမခံရသောစာမူများအား ပြန်လည်ရယူလိုပါက စာရေးသူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ပြန်လည်ထုတ်ယူနိုင်ပါသည်။

**တရားရေးဂျာနယ်၊ စာတည်းအဖွဲ့**




## တရားစီရင်ရေးဆောင်ပုဒ်

- ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ။
- မှန်မှန်နှင့် မြန်မြန် စီရင်ပါ။
- လုပ်ထုံးညီညီ ဆောင်ရွက်ပါ။
- လာဘ်ပေးလာဘ်ယူ ကင်းရှင်းပါ။
- ဖြောင့်မတ်တည်ကြည်မှုဖြင့်
  တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ။